
www.burmeseclassic.com



www.burmeseclassic.com

BURMESE CLASSIC .com

# စွမ်းအားလွန်ကျူး ဂမုန်းဘီလူး

စိတြအဂ္ဂ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အခန်း (၁)

မရဏအတိတ်ဆိုး

မိစ္ဆာမာယာည

ညှို့ဓာက်စံအိမ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

## မရဏအတိတ်ဆုံး

လွန်ခဲ့သော နှစ်နှစ်ခန့်က ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့သော မိန်းမပျိုလေးတစ်ဦးနေထိုင်ခဲ့သည့် ဘောဂကြီးစံအိမ်သို့ လက်သမားဆရာတစ်စု ရောက်ရှိလာသောနေ့တွင် မိုးကအချိန်အခါမဟုတ်ဘဲ အုံ့အုံ့ဆိုင်းဆိုင်း ဖြစ်နေလေသည်။

"မကြာခင် လေးငါးဆယ်ရက်လောက်ဆိုရင် စက်ပိုင်သူဌေးလေးတို့လင်မယား ဒီစံအိမ်ကြီးဆီ ပျားရည်ဆမ်းခရီးအဖြစ်ရောက်လာပြီး ဒီမှာ ရက်အတော်ကြာ နေကြမှာဗျ။ ဒါကြောင့် သူဌေးကတော်လေး နှစ်သက်သွားအောင် ဒီစံအိမ်ကြီးကို ပြုပြင်တန်တာ ပြုပြင်ရမယ်၊ အဲဒီတော့ ဒီအိမ်က ကျိုးတာပဲ့တာ



www.burmeseclassic.com

ပျက်စီးတာတွေကို ကိုမြဆောင်ကပဲ ကြည့်ရှုစစ်ဆေးပြုပြင်ဗျာ၊ လိုတဲ့သစ်တွေ ကားဂိုဒေါင်ဟောင်းဘက်မှာ ရှိတယ်၊ လိုရင်လည်း ထပ်ပြော၊ ဟုတ်လား"

"ကောင်းပါပြီ ဝတ်လုံတော်ရမင်း။ စိတ်ချပါ ... လိုတာတွေ ကြည့်ပြီးလုပ်လိုက်ပါ့မယ်"

"အေးဗျာ ... ကျုပ်မှာလည်း စက်ပိုင်သူဌေးလေး မောင်အောင်ကိုရဲ့ မိဘတွေလက်ထက်ကတည်းက ဒီစံအိမ်မိသားစုရဲ့ ကိစ္စအဝဝကို တာဝန်ယူနေရတာဆိုတော့ မောင်အောင်ကိုရဲ့လက်ထက်မှာလည်း ဆက်ပြီး တာဝန်ယူစောင့်ရှောက်နေရတာပဲဗျ။ ကဲ ကဲ ... ကျုပ်လည်း ပွင့်ဖြူခဏဝင်ပြီး မင်းဘူးလည်း မိုးမချုပ်ခင် အရောက်ပြန်ရမှာမို့ သွားတော့မယ်ဗျာ၊ နောက် သုံး လေးရက်လောက်ကြာရင် ကျုပ်လာကြည့်ပါဦးမယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

လက်သမားခေါင်းဆောင် ကိုမြဆောင်လည်း သူတို့လက်သမားအဖွဲ့အတွက် ဝတ်လုံတော်ရမင်း ဦးလှဘူးဝယ်ပေးသည့် ရိက္ခာခြောက်အိတ်များကို သူ့တပည့်များအား ဂျစ်ကားပေါ်မှ သယ်ချနိုင်းလိုက်လေသည်။

ရိက္ခာအိတ်များ သယ်ချပြီးသည်နှင့် ရှေ့နေကြီးဦးလှဘူး





သည် သူ၏ဂျစ်ကားလေးကို မောင်းထွက်သွားတော့ရာ လူနေအိမ်ခြေကျဲပါးလှသော ဤလွင်ပြင်ဒေသတွင် အထီးတည်းတည် ရှိနေသည့် ဘောဂကြီးစံအိမ်ရှေ့၌ ကိုမြဆောင်တို့လက်သမားတစ်စုသာ ကျန်ရစ်ခဲ့ပါတော့သည်။

ကိုမြဆောင်က အိမ်ကြီးထဲမဝင်မီ မြင့်မားခံ့ထည်လှသည့် ဆင်ဝင်ကြီးနှင့် အိမ်ရှေ့ပြတင်းတံခါးများကို လိုက်ကြည့်လေ့လာနေစဉ် သူ၏တပည့်များက ရိက္ခာအိတ်တို့ကို အိမ်ကြီးထဲသို့ သယ်နေကြလေ၏။

နေ့စားလက်သမားကလေး မောင်စိုးသည် ဆန်အိတ်ကို အိမ်ကြီးထဲသို့သယ်ပို့ပြီး အိမ်အပြင်သို့ ပြန်ထွက်လာကာ ဆင်ဝင်ဆောင်ကြီးကို လှည့်ပတ်မော့ကြည့်နေရင်း သူ့ဆရာ ကိုမြဆောင်၏အနီးသို့ ရောက်ရှိလာသည်တွင် ...

"ဆရာ ... ဒီဆင်ဝင်ဆောင်ကြီးပေါ်ကနေ လွန်ခဲ့တဲ့နှစ်နှစ်လောက်က မိန်းမတစ်ယောက် ခုန်ချပြီး သတ်သေသွားခဲ့ဖူးတယ်ဗျ"

ဟု ပြောလိုက်ရာ လက်သမားဆရာကိုမြဆောင်မှာ အံ့အားကြီးသင့်သွားပြီး သူ့တပည့် ပွင့်ဖြူသားလေး မောင်စိုးကို ဖျတ်ခနဲ လှည့်ကြည့်လိုက်လေသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဟာ မောင်စိုး ... ဟုတ်လို့လားကွာ၊ မင်းက ဘယ်လို လုပ်သိတာလဲ"

"ဆရာကလည်း ဒီအိမ်ကြီးကိုငှားနေတဲ့ သစ်တော ဝန်ထောက်ရဲ့မိန်းမ ဒီဆင်ဝင်ဆောင်ကြီးပေါ်က ခုန်ချပြီး ကိုယ့် ကိုယ်ကိုယ် သတ်သေသွားတဲ့သတင်းဟာ အတော်ကို အကျော် ဇေယျ ဖြစ်ခဲ့တာဗျ၊ ကျုပ်တို့ ပွင့်ဖြူ-မဲဇာလီ-စလင်းဒေသ တစ်ဝိုက်မှာ အတော်နာမည်ကျော်ခဲ့တာကလား"

"ဟုတ်လား၊ နေပါဦး ... သူက ဘာဖြစ်လို့ အဲဒီလို ခုန်ချပြီး သတ်သေသွားရတာတဲ့လဲ"

ကိုမြဆောင်က လေသံနှိမ့်မေးရင်း ဆင်ဝင်ဆောင်ကြီး ကို မော့ကြည့် အကဲခတ်လိုက်လေသည်။

"ကျုပ်လည်း သေချာတော့မသိဘူး ဆရာရဲ့ ... သူ့ရဲ့ လင် သစ်တောဝန်ထောက်မင်းနဲ့ အိမ်ထောင်ရေးပြဿနာ တက် လို့လို့ပဲ ကြားဖူးတယ်"

"အေးပါကွာ ... ထားပါတော့၊ ဒါထက် မင်း အဲဒီ အကြောင်းကို ဟိုကောင် သိန်းဆန်းတို့ ဘသာတို့ကို သွားမပြော နဲ့နော်၊ အဲဒီကောင်တွေက သရဲ အင်မတန်ကြောက်တတ်တဲ့ ကောင်တွေ၊ တော်ကြာ အဲဒီအကြောင်းတွေသိပြီး ဒီအိမ်ကြီးထဲမှာ





မနေရဲဘူး၊ ဒီမှာအလုပ်မလုပ်ရဲဘူးဆိုပြီး ပြန်ပြေးကုန်ရင် ငါ ခက်မယ်ကွ"

"မပြောပါဘူး ဆရာရဲ့၊ ဒါပေမဲ့ သူတို့ပြန်ပြေးလည်း ဘာအရေးလဲ၊ ကျုပ်တို့ပွင့်ဖြူမှာလည်း လက်သမားတွေ အများ ကြီး ရှိပါတယ်ဗျ"

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမဲ့ သူတို့က ငါ့တပည့်အရင်း တွေကွ၊ တစ်ယောက်ရဲ့အထာကို တစ်ယောက်သိပြီးသား၊ ဒီ ကောင်တွေ ပြန်ပြေးလို့ လူစိမ်းတွေနဲ့တွဲလုပ်ရရင် အဆင်ပြေချင် မှပြေမယ်၊ မင်းတောင် ဝတ်လုံတော်ရကြီးက သူ့တပည့် တစ် ယောက်ရဲ့သားလေးပါ၊ အလုပ်မရှိလို့ ခေါ်ခိုင်းပါဆိုလို့ ငါ ခေါ် လာရတာ၊ မင်းက လူအေးမို့ တော်တော့တယ်၊ ဘာပဲဖြစ်ဖြစ် ငါမှာထားတဲ့အတိုင်း စောစောကကိစ္စကို ဟိုကောင်တွေ မသိစေ နဲ့ ... ကြားလား"

"ဟုတ် ဟုတ်ကဲ့ပါ"

"ကဲ ကဲ ... အိမ်ထဲဝင်ပြီး ဘာတွေ ဘယ်လိုပြင်စရာရှိ သလဲဆိုတာ လျှောက်ကြည့်ရအောင်၊ မင်း ငါနဲ့လိုက်ခဲ့"

"ဟုတ်ကဲ့"

သို့ဖြင့် လက်သမားဆရာ ကိုမြဆောင်သည် ဆင်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကြီးကို တစ်ချက်မော့ကြည့်လိုက်ပြန်ပြီးနောက် သူ့တပည့်လက်သစ်လေး မောင်စိုးကိုခေါ်ကာ ဘောဂကြီးစံအိမ်ထဲ ဝင်သွားပါတော့သတည်း။

❋

ဘောဂကြီးစံအိမ်ထဲ ဝင်ရောက်ခဲ့ကြသည့် ကိုမြဆောင်နှင့် မောင်စိုးတို့သည် အိမ်ကြီး၏အောက်ထပ်ရှိ အိပ်ခန်းကျယ်ကြီးများနှင့် ထမင်းစားခန်း၊ မီးဖိုဆောင်တို့ကို လိုက်လံကြည့်ရှုလေ့လာကြလေသည်။

"အင်း ... အခန်းတိုင်းက ဖုန်တလုံးလုံးနဲ့ပါလား"

"ဟုတ်ပ ဆရာရယ်၊ ကြမ်းပြင်တွေလည်း ခြစားပြီး ကျိုးပေါက်လို့"

'ကျွိ ကျွိ ကျွိ ကျွိ'

"ဟ ... ကြွက်တွေလည်း တရုန်းရုန်းပါလားကွ"

"အင်း ... အတော်ရှုပ်ပွနေတာပဲ ဆရာရေ"

"ဒါကြောင့် သိန်းဆန်းတို့က အိပ်ခန်းလွတ်တွေကိုမရှင်း





ဘဲ ညှော်ခန်းမကြီးကိုပဲ ရှင်းနေကြတာကိုး။ လူမနေတာကြာတော့လည်း ဒီလိုပဲဖြစ်မှာပေါ့ကွာ"

"ဟုတ်တယ် ဆရာရေ ... မီးဖိုဆောင်ကိုတော့ သူတို့တွေ သေချာရှင်းနေကြတာပဲ၊ ကျုပ် ပိုင်းကူလိုက်ဦးမယ် ဆရာ"

"နေစမ်းပါ မောင်စိုးရယ် ... သူတို့ဘာသာ လုပ်လိမ့်မယ်၊ မင်းက ငါနဲ့လိုက်ခဲ့၊ လာ ... အိမ်ပေါ်ထပ် တက်ကြည့်ကြရအောင်"

ကိုမြဆောင်က မောင်စိုးကိုခေါ်ကာ ဖုန်တသောသော ထနေသည့် ကျွန်းလှေကားကြီးမှ အပေါ်ထပ်သို့ တက်ခဲ့သည်။

လှေကားထစ်များကလည်း နင်းလိုက်တိုင်း တကျွီကျွီ မြည်နေ၏။

အိမ်ပေါ်ထပ်တစ်ခုလုံးမှာ စင်္ကြံလမ်းများမှအစ ကော်ဇောကြီးများ ခင်းထားပြီး ကော်ဇောများပေါ်၌ ဖုန်တို့ ထုတက်နေသဖြင့် အဆင်အကွက်တို့ပင် ပျောက်လုလုဖြစ်နေကြ၏။

"ဆရာ လသာဆောင်ကို အရင်ထွက်ကြည့်ရအောင်"

"အေး ... ကောင်းသားပဲ"

ဘောဂကြီးစံအိမ်၏ အိမ်ပေါ်ထပ် လသာဆောင်မှာ ဆင်ဝင်ဆောင်၏အပေါ်ပင်ဖြစ်ပြီး သုံးပေအမြင့်ရှိသော အင်္ဂတေ



www.burmeseclassic.com

www.burmeseclassic.com



ပွတ်လုံးဝရန်တာဖြင့် သုံးဘက်သုံးတန် ဝိုင်းပတ်ထားလေသည်။

"ဒီလသာဆောင်ပေါ်ကနေ ဟို ဝန်ထောက်ကတော် ခုန်ချခဲ့တာလား"

"ဟုတ် ဟုတ်မှာပေါ့ ဆရာ ... ကျုပ်လည်း ခုမှ ဒီအိမ်ကြီးကို ရောက်ဖူးတာ"

လသာဆောင်၌ အမိုးမရှိဘဲ ဟင်းလင်းပြင်ဖြစ်သဖြင့် အင်္ဂတေကြမ်းပြင်မှာ ရေညှိများထူတက်နေပြီး စိုစွတ်စွတ်ဖြစ်နေရာ အချို့နေရာတို့မှာ အတော်ချော်နေလေ၏။

"ဆရာ ... ချော်လဲမယ်နော်"

"အေးပါ ... ဒါထက် ဟိုဟာ ဘာအပင်တွေလဲကွ၊ ဂမုန်းပင်တွေလား"

လသာဆောင်၏ ဝရန်တာပတ်ပတ်လည်တွင် ကြွေပန်းအိုးအဟောင်းကြီးများဖြင့် စိုက်ပျိုးထားသော အရွက်ဖားဖားဝေနေသည့် ဂမုန်းပင်တို့ကို တွေ့ရရာ မောင်စိုးကို မေးလိုက်မိသည်။

မောင်စိုးလည်း ယင်းအပင်များအနီးသို့ ချဉ်းကပ်သွားကာ သေသေချာချာ ကြည့်ရှုလေ့လာလေ၏။

အရွက်စိမ်းဖားဖားကြီးများနှင့် သန်စွမ်းလှသော ဂမုန်းပင်တို့မှာ အတော်ကြီးပွဲ့ရွဲ့လျက် အိုးတစ်ခြမ်းလုံးနီးပါး ကွဲအက်နေ





သော ကြွေပန်းအိုးစိမ်းစိမ်းကြီးများထဲမှ အမြစ်များထိုးထွက်ကာ အင်္ဂတေကြမ်းပြင်နှင့် ဝရန်တာအင်္ဂတေတိုင်လုံးတို့ကို ကုပ်ကပ်တွယ်ရစ်လျက်ရှိချေသည်။

"စီးပွားဂမုန်းအဖိုနဲ့တော့ အတော်တူတာပဲ ဆရာရဲ့၊ အဲ အဲ ... ဟုတ်ပြီ ဟုတ်ပြီ၊ လက်စသတ်တော့ ဒါဟာ ဘောဂကြီးဂမုန်းပဲ ဆရာရဲ့"

"ဘာ ... ဘောဂကြီးဂမုန်း ဟုတ်လား"

"ဟုတ်တယ် ဆရာ ... ဒီလို ဘောဂကြီးဂမုန်းတွေကို တခမ်းတနားစိုက်ထားလို့နဲ့ တူတယ်၊ ဒီအိမ်ကို ဘောဂကြီးစံအိမ်လို့ ခေါ်တာ"

"ဘောဂကြီးစံအိမ်"

ကိုမြဆောင်မှာ ဘောဂကြီးဂမုန်းဟုဆိုသော ဂမုန်းပင်များကို ကြည့်ရင်း နှုတ်မှ သံယောင်လိုက်ရေရွတ်လိုက်မိတော့၏။ ခဏကြာမှ မောင်စိုးကို စူးစမ်းအကဲခတ်သလိုလို လှည့်ကြည့်လိုက်လျက် ...

"နေပါဦး မောင်စိုးရဲ့ ... မင်းက ဂမုန်းပင်တွေရဲ့ အကြောင်း သိလို့လား"

ဟု မယုံမရဲ မေးလိုက်လေသည်။ မောင်စိုးက မိန့်မိန့်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်ရင်း ...

"သိတာပေါ့ ဆရာရဲ့ ... ကျုပ်ရဲ့အဘိုးက ပွင့်ဖြူမြို့မှာ နာမည်ကြီးတိုင်းရင်းဆေးဆရာကြီးဗျ၊ ပယောဂတွေလည်း ကု တယ်၊ စုန်းတိုက် နတ်တိုက်တွေလည်း ပျောက်အောင်လုပ်ပေးနိုင် တယ်၊ အဘိုးဟာ အဲဒီလို ဂမ္ဘီရပညာရပ်တွေကို နားလည်သူ ဆိုတော့ ဂမ္ဘီရသဘောတွေနဲ့ ဆက်နွယ်နေတဲ့ ဂမုန်းတွေ အကြောင်းလည်း သိတာပေါ့ဗျ ...၊

ကျုပ်ကလည်း ငယ်ငယ်က အဘိုးအိမ်မှာပဲနေပြီး အဘိုး နဲ့အတူ တောထဲ ဆေးမြစ်ဆေးဥရှာ လိုက်ရတယ်၊ အိမ်မှာဆို ဆေးဆုံဝိုင်းထောင်းပေးရတယ်၊ ကျုပ် အဲဒီလို ဝိုင်းလုပ်ပေးတဲ့ အခါ အဘိုးက ဂမ္ဘီရပညာရပ်ဆိုင်ရာတွေကို တတွတ်တွတ် ပြောပြတယ်ဗျ၊ ကျုပ်က အဲဒီလို ဆေးကုတဲ့အလုပ်တို့, ဂမ္ဘီရ အလုပ်တို့ကို ဝါသနာမပါတော့ အဘိုးဆီက ပညာစုံကို အမွေမရ လိုက်ဘူးဗျ၊ ဒါပေမဲ့ အဘိုးပြောပြောပြတာတွေက နားရည်ဝပြီး အတော်အတန်ပေါ့ သိနေခဲ့တာကိုး ဆရာရဲ့"

"ကဲကွာ ... ဒါဆို ဘောဂကြီးဂမုန်းရဲ့အကြောင်း ပြောပြစမ်းပါကွာ"

"ဒီလိုဆရာရဲ့ ... ဘောဂကြီးဂမုန်းဟာ ရှားပါးပြီး





ဂမုန်းလောကမှာ အတော်နာမည်ကျော်တဲ့ ဂမုန်းမျိုးဗျ၊ ဒီဂမုန်း ပင်မှာ ထူးခြားလှတဲ့အစွမ်းသတ္တိတွေ ရှိသဗျ"

"အေး ... ဆိုစမ်းပါဦးကွာ"

"ဒီဂမုန်းရဲ့ ထူးခြားလှတဲ့အစွမ်းသတ္တိကတော့ သူ့ကို အိမ်မှာ ကျကျနနစိုက်ပျိုးထားရင် အလုပ်အကိုင် အင်မတန် အဆင်ပြေပြီး နေ့ချင်းညချင်း စီးပွားတိုးတက်တယ်ဗျ"

"တယ်ဟုတ်ပါလား"

"ဘောဂကြီးဂမုန်းအကြောင်းကို ကျုပ်ရဲ့အဘိုးပြောပြ ဖူးတာကတော့ တစ်ခါတုန်းက စလင်းဘက်မှာ ဆေးလိပ်ခုံပိုင်ရှင် ဦးဖော်မိုးဆိုတာ ရှိတယ်တဲ့ဗျ၊ အဲဒီ ဦးဖော်မိုးရဲ့ ရွှေနဂါးဆေးလိပ် ဟာ ခုံထောင်ထားတာ သုံးနှစ်ကြာပြီ အောင်မြင်မှုမရှိဘဲ ရောင်း မကောင်းလှတော့ အလုပ်သမားစရိတ်ကအစ ထောင်းပြီး ကြွေး တွေ တင်သထက်တင်နေခဲ့တယ်တဲ့ဗျ၊ ဆေးလိပ်ခုံတောင် ဖြုတ် ရတော့မလို ဖြစ်လာတယ်တဲ့၊ ဒါပေမဲ့ ဦးဖော်မိုးဟာ အလှူဒါန ပြုရတာကို ဝါသနာပါတော့ သူ အဆင်ပြေစဉ်ကတည်းက ကိုး ကွယ်လှူဒါန်းနေတဲ့ ဘုန်းတော်ကြီးကျောင်းကို တတ်နိုင်သ လောက် ဆက်လက်လှူဒါန်းနေသတဲ့ ဆရာရဲ့၊ တစ်နေ့မှာတော့ သူ့ရဲ့တပည့်ဒကာဦးဖော်မိုး စီးပွားဆုတ်ယုတ်ပြီး အကြွေး ပတ်



www.burmeseclassic.com

www.burmeseclassic.com



လည်ပိုင်းနေတာကို ဆရာတော်ကြီးဟာ ကပ္ပိယကတစ်ဆင့် ကြားသိသွားတော်မူသတဲ့ ...။

ဒါနဲ့ ဆရာတော်ကြီးက ဦးဖော်မိုးကို ချက်ချင်းအခေါ် လွှတ်လိုက်ပြီး လုပ်ငန်းကိုင်ငန်းအခြေအနေကို မေးတဲ့အခါ ဦးဖော်မိုးကလည်း မကွယ်မဝှက်ဘဲ သူ့ရဲ့လုပ်ငန်း အတော် အခြေအနေဆိုးနေတဲ့အကြောင်း, လုပ်ငန်းရပ်ပြီး အိမ်ပိုင်းကိုတောင် ကြွေးရှင်ရဲ့လက်ထဲ ထိုးအပ်ရမလိုဖြစ်နေကြောင်း ပြောပြတယ် ဆရာရဲ့ ...။

ဒီတင် ဆရာတော်ကြီးက ဘာမှ မိန့်တော်မမူဘဲ ထိုင်ရာကထပြီး ကျောင်းဝရန်တာက ရေအိုးစင်အောက်မှာရှိနေတဲ့ ဂမုန်းပင်ပေါက်တစ်ပင်ကို ယူလိုက်ကာ "ဒကာကြီး ... ဒီဟာ ဘောဂကြီးဂမုန်းလို့ ခေါ်တယ်၊ ယူသွားပြီး အိမ်မှာစိုက်၊ ဒကာကြီးရဲ့ဘဝ ပြန်ပြီးတိုးတက်လာလိမ့်မယ်" လို့ မိန့်ကြားပြီး ဂမုန်းပင်ငယ်ကို ပေးတော်မူသတဲ့ ...။

ဦးဖော်မိုးလည်း ဘာမသိ ညာမသိဘဲ အဲဒီဂမုန်းပင် ပန်းအိုးလေးကိုယူသွားပြီး သူ့ရဲ့အိမ်ရှေ့အဝင်အဝတံခါးနားမှာ ချစိုက်ထားလိုက်သတဲ့၊ ရေတွေ ဘာတွေ နေ့တိုင်းလောင်းပြီး ဂရုတစိုက်ထားသတဲ့ ဆရာရဲ့ ...။





ဘာပြောကောင်းမလဲ ဆရာရယ် ... အဲဒီ ဘောဂကြီး ဂမုန်း အိမ်ရောက်တဲ့နေ့ကစပြီး ဆင်ဖြူကျွန်းတို့, မင်းဘူးတို့လို မြို့ကြီးတွေကနေ အော်ဒါတွေ လှိမ့်ဝင်လာတော့တာပဲတဲ့၊ နောက်ပိုင်း စစ်ကိုင်းတို့, မန္တလေးတို့ကတောင် မှာသတဲ့၊ ဦးဖော်မိုးလည်း ဆေးလိပ်သမတွေ ထပ်ခေါ်, ရုံကိုတိုးချဲ့ဆောက်နဲ့ အလုပ်ကို ကြိုးစားလိုက်တာ လအနည်းငယ်အတွင်း အကြွေးတွေကြေတဲ့အပြင် ဂျစ်ကားတစ်စီး ဝယ်လိုက်နိုင်တယ်၊ ပျဉ်ထောင်နှစ်ထပ်အိမ်ကနေ လေးပင်သုံးခန်း နှစ်ထပ်တိုက်ကြီး ဖြစ်သွားတယ်၊ စလင်းမြို့လယ်မှာ နောက်ထပ်တိုက်တစ်လုံး ထပ်ဝယ်နိုင်တယ်တဲ့ ဆရာရဲ့"

"တယ်ဟုတ်ပါလား"

"ဒါပေမဲ့"

"အေး ... ဒါပေမဲ့ ဘာဖြစ်သလဲကွ"

"ဒီလိုဆရာရဲ့ ... ဦးဖော်မိုးဟာ ဘောဂကြီးဂမုန်းကြောင့် သူ အဆင်ပြေတယ်လို့ ယုံကြည်တဲ့အတွက် အဲဒီဂမုန်းပင်ကို သူကိုယ်တိုင် မနက်ရော ညနေမှာပါ ရေလောင်းပြီး အရိပ်တကြည့်ကြည့် ပြုစုစောင့်ရှောက်သတဲ့ ...။

ဘောဂကြီးဂမုန်းကြောင့် ဦးဖော်မိုး အင်မတန် အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြေ ကြီးပွားနေတာကို သူ့မိန်းမကတစ်ဆင့် သူ့မိန်းမရဲ့အမျိုးတွေ
က သိသွားပြီး ဦးဇော်မိုးဆီကနေ ဘောဂကြီးဂမုန်းကို မျိုးပွားပေး
ဖို့ တောင်းကြသတဲ့ ဆရာရဲ့ ...။

ဒါပေမဲ့ ဦးဇော်မိုးက သူ့ဂမုန်းပင်ကို အင်မတန်ချစ်တာ
မို့ ဘယ်သူ့မှ မပေးနိုင်ဘူးလို့ ဘုတောကောလွှတ်လို့ သူ့မိန်းမ
အမျိုးတွေက သူ့ကို တယ်ကြည့်မရတော့ဘူး ဆိုပဲ ...။

ဦးဇော်မိုးရဲ့မိတ်ဆွေ အပေါင်းအသင်းတွေက အဲဒီ
ဘောဂကြီးဂမုန်းကို မျိုးပွားပြီးရောင်းပါ၊ ကြိုက်ဈေးပေးဝယ်ပါ့
မယ်ဆိုလည်း မရောင်းဘူးတဲ့ဗျာ၊ ခင်ဗျားတို့ သိပ်လိုချင်ရင်
ကျုပ်ရဲ့မိန်းမကို ဝယ်ချင်ဝယ်သွား၊ ကျုပ်ရဲ့ဂမုန်းတော့ မရောင်း
နိုင်ဘူးလို့ ဘုတောလွှတ်လို့ သူ့မိတ်ဆွေအပေါင်းအသင်းတွေက
လည်း သူ့ကို ကွယ်ရာမှာ ကျိန်ဆဲနေကြတယ်ဆိုပဲ ...။

နောက်ပိုင်းကျတော့ ဦးဇော်မိုးဟာ ပိုအဖြစ်သည်းလာ
ပြီး သူ့ရဲ့ ဘောဂကြီးဂမုန်းပင်ကို အိမ်အပြင်မှာ မထားတော့ဘဲ
အိမ်ထဲက သူ့အလုပ်ခန်းထဲသွင်းပြီး သူ့အလုပ်စားပွဲဘေးမှာ
ခုံမြင့်လေးနဲ့ တင်ထားသတဲ့ ဆရာရဲ့၊ သူ အပြင်သွားတဲ့အခါ
ဖြစ်ဖြစ်, ညအိပ်ချိန်မှာဖြစ်ဖြစ် သူ့ရဲ့အလုပ်ခန်းကို သော့ခတ်ခတ်
ထားသတဲ့ ...။





တစ်နေ့မှာတော့ သူ့ရဲ့စီးပွားပြိုင်ဘက်တစ်ဦးက သူ့ကို
မနာလိုဖြစ်ပြီး အောက်လမ်းဆရာနဲ့ပေါင်းလို့ အပင်းသွင်းလိုက်
တော့ ဦးဇော်မိုးဟာ လူးလိမ့်နေအောင်ခံရတော့တယ် ဆရာရေ၊

ဒီမှာတင် သူ့မိန်းမက ပယောဂဆရာဖြစ်တဲ့ ကျုပ်ရဲ့
အဘိုးကိုပင့်ပြီး ကုသစေမှ အဘိုးရဲ့ပညာစွမ်းကြောင့် အပင်း
ထွက်ပြီး ဝေဒနာ လုံးဝပျောက်သွားခဲ့တယ် ...။

ဦးဇော်မိုးဟာ ကျုပ်ရဲ့အဘိုးကို ကျေးဇူးတင်လွန်းလို့
ငွေစက္ကူအထပ်လိုက်နဲ့ ကန်တော့ပေမယ့် အဘိုးက မယူဘဲ
ဘောဂကြီးဂမုန်းပင်က အကိုင်းအလက်တစ်ခုကိုပဲပေးပါ၊ မျိုးပွား
စိုက်ထားချင်လို့ပါဆိုပြီး တောင်းတယ် ...။

ဒီမှာတင် ဦးဇော်မိုးဟာ မလွှဲရှောင်သာဘဲ အဘိုးကို
မျိုးပွားနိုင်ဖို့ ပေးလိုက်တယ် ဆရာရဲ့ ...။

အဲ ... တစ်ခါမှာတော့ ဦးဇော်မိုးရဲ့ တစ်ဦးတည်းသော
သမီးအပျိုမလေးကို သူ့ရဲ့ လူယုံစာရေးလေးက ကြိုက်ရောဗျို့၊

အဲဒီအကြောင်းကြားသိသွားတဲ့ ဦးဇော်မိုးဟာ ဥစ္စာမာန်
တက်နေသူပီပီ ဒွေ့ဒွေ့ခုန်တော့တာပေ့ါ၊ စာရေးလေးကိုလည်း
ငါ့သမီးနဲ့ မင်းနဲ့တန်လို့လား ဘာညာနဲ့ ရစရာမရှိအောင် မိုချိုး
မွှစ်ချိုး အော်ဟစ်ဆူပူကြိမ်းမောင်းသတဲ့ ...။ သမီးဖြစ်သူကို



www.burmeseclassic.com

www.burmeseclassic.com



လည်း စလင်းမှာမထားတော့ဘဲ မန္တလေးက ကွန်ဗင့်ကျောင်းဆိုကျောင်းအိပ်ကျောင်းစားနဲ့ ပို့ထားလိုက်သတဲ့၊ လုပ်ရည်ကိုင်ရည်ကောင်းတဲ့အတွက် စာရေးလေးကိုတော့ အလုပ်ကမထုတ်ဘူးပေါ့ ...၊

စာရေးလေးကတော့ ဦးဖော်မိုးအပေါ် အတော် နာကြည်းသွားပြီး တစ်နေ့ ဦးဖော်မိုး ဆင်ဖြူကျွန်းဘက်ကို အလုပ်ကိစ္စနဲ့သွားနေတုန်း သူ့ရဲ့ဂမုန်းပန်းအိုးကို လစ်ပြေးတော့သတဲ့ ...၊

အဲဒီ ဘောဂကြီးဂမုန်းပင် ပျောက်သွားတဲ့နေ့ကစပြီး ဦးဖော်မိုးရဲ့ လည်ပတ်နေတဲ့အလုပ်အကိုင်တွေဟာ တစ်စ တစ်စ တန့်လာတယ်၊ နယ်အော်ဒါတွေ ကျဆင်းလာတယ်၊ လူကလည်း ပိန် ပိန်လာသတဲ့ ...၊

ဦးဖော်မိုး စီးပွားရေးချွတ်ခြုံကျလာပြီး လူလည်း လူမမာကြီးလုံးလုံး ဖြစ်သွားတဲ့သတင်းကို ကျုပ်ရဲ့အဘိုးကကြားတော့ မဖြစ်ချေဘူးဆိုပြီး သူပျိုးထားတဲ့ ဘောဂကြီးဂမုန်းပန်းအိုးကို သွားပေးလိုက်သတဲ့ ...၊

ဦးဖော်မိုးလည်း လက်ထဲကို ဘောဂကြီးဂမုန်း ပြန်ရောက်တဲ့နေ့ကစပြီး ကျန်းမာရွှင်လန်းလာတယ်၊ စီးပွားရေးတွေလည်း ပြန်ကောင်းလာတယ်တဲ့ ဆရာရဲ့၊ နောက်တော့ စလင်း





မှာ အချမ်းသာဆုံးလုပ်ငန်းရှင်ကြီး ဖြစ်လာတယ် ...၊

အဲဒီလို လုပ်ငန်းကိုင်ငန်းတွေ အရင်ကထက် ပိုအဆင်ပြေပြီး ကြီးပွားချမ်းသာလာတော့ ဦးဖော်မိုးက နောက်မိန်းမထပ်ယူဖို့ ကြံစည်လာသတဲ့ ဆရာရဲ့”

“ချမ်းသာတဲ့ဒဏ်ကို မခံနိုင်တဲ့သဘောပေါ့ မောင်စိုးရယ်”

“ဟုတ်တယ် ဆရာ၊ ဒါပေမဲ့ အဲဒီသတင်းလည်း ကြားရော ကျုပ်ရဲ့အဘိုးက ဦးဖော်မိုးကိုခေါ်ပြီး ဘောဂကြီးဂမုန်းတို့၊ ရတနာဂမုန်းတို့၊ ရှင်သူငယ်ဂမုန်းအနီတို့လို တန်ခိုးကုဒ္ဓိပါဒ်နဲ့ ပြည့်စုံတဲ့ အထက်တန်းဂမုန်းတွေကို စိုက်ပျိုးထားသူဟာ ငါးပါးသီလ လုံခြုံရမယ့်အပြင် ကိုယ့်အိမ်ရာကို သစ္စာမဲ့သူ မဖြစ်ရဘူး၊ တကယ်လို့ သီလကျိုးပေါက်ရင် ဒါမှမဟုတ် မိမိရဲ့အိမ်ရာအပေါ် သစ္စာမဲ့ခဲ့ရင် တန်ပြန်မကောင်းကျိုးခံစားရပြီး စီးပွားဥစ္စာ လျော့တတ်တယ်လို့ သတိပေးဆုံးမလိုက်တယ်ဗျ ...၊

ဒီတင် ဦးဖော်မိုးဆိုတဲ့လူကြီးဟာ သူ့ရဲ့ မဟာစီမံကိန်းကြီးကို ဖျက်ပြီး လက်ရှိမယားကိုပဲ အကြင်နာပိုနေရတော့တယ်တဲ့”

“ဒါဆို အဲဒီဘောဂကြီးဂမုန်းစိုက်ပျိုးထားတဲ့ ဦးဖော်မိုး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ လူဟာ ခုထက်ထိ အဆင်ပြေပြီး ချမ်းသာကြွယ်ဝနေတယ် ပေါ့''

''ဟုတ်ပဲ့ဆရာရယ် . . . ခုထိ စလင်းမြို့မှာ မြို့မျက်နှာ ဖုံးကြီးကို ဖြစ်လို့''

''ဘေးရန်အန္တရာယ်လည်း ကင်းရှင်းလို့ပေါ့ . . . ဟုတ်လား''

''ဘာဘေးရန်မှကို မရှိပါဘူးဗျာ၊ ခုဆို ဘုရားဂေါပက အဖွဲ့ဝင်တောင် ဖြစ်လို့''

ဤတွင် ကိုမြဆောင်က ဝရန်တာပေါ်မှ ဖရိုဖရဲဖြစ်နေကြသည့် ဘောဂကြီးဂမုန်းပင်များကို မျက်မှောင်ကြီးကုတ်ကာ တစ်ချက်မော့ကြည့်လိုက်ပြီး . . .

''ဒါဆို ဒီဂမုန်းပင်တွေ စိုက်ထားလျက်နဲ့ ဒီဘောဂကြီး စံအိမ်မှာ အသေဆိုးသေရတဲ့အဖြစ်အပျက်ကြီး ဘာလို့ဖြစ်ရတာလဲကွာ''

ဟု ချက်ကျလက်ကျ မေးလိုက်ရာ မောင်စိုးမှာ ခေါင်းကုတ်သွားရတော့၏။

''အဲ အဲဒါတော့ ကျုပ်လည်း မပြောတတ်တော့ဘူး ဆရာ၊ တစ် တစ်ခုတော့ရှိတာပေါ့လေ . . . ဒီစံအိမ်ကြီးမှာနေခဲ့





တဲ့ လူတွေထဲက သီလကျိုးပေါက်သူ၊ မဟုတ်တာလုပ်တဲ့သူတွေ ရှိခဲ့လို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့''

''ကဲပါကွာ . . . ထားပါတော့၊ လာ လာ . . . အိမ်အတွင်းခန်းတွေ မမှောင်ခင် လိုက်ကြည့်ရအောင်''

သို့ဖြင့် ကိုမြဆောင်နှင့်မောင်စိုးတို့မှာ အိမ်ကြီးထဲ ပြန်ဝင်ခဲ့ကြပြီး စံအိမ်ကြီး၏အပေါ်ထပ်မှ အခန်းများကို တစ်ခန်းဝင် တစ်ခန်းထွက် လိုက်လံကြည့်ရှုစစ်ဆေးကြလေသည်။

ထိုစဉ် အောက်ထပ်မှ ရနံ့တစ်ခု မွှေးပျံ့လာရာ ကိုမြဆောင်က နှာခေါင်းကို ရှုပွ ရှုပွလုပ်ကာ နှစ်သက်အားရစွာ ရှူရှိုက်လိုက်ရင်း . . .

''ဟား . . . အမဲခြောက်ဖုတ်နံ့လေးကို သင်းလို့ပါလား၊ သိန်းဆန်းတို့ အမြည်းအတွက် အမဲခြောက်ဖုတ်နေကြပြီနဲ့ တူတယ်ကွ''

ဟု လျှာကို သိမ်းသပ်ရင်းပြောလိုက်ရာ မောင်စိုးက မျက်လုံးတို့ ပြူးရင်း . . .

''ဟာ ဆရာ . . . ဒီလိုနေရာမှာ အမဲသားတွေ ဘာတွေ မစားသင့်ဘူးဗျ''

ဟု ပြူးတူးပြဲတဲအမူအရာဖြင့်ပြောလိုက်ရာ ကိုမြဆောင်



www.burmeseclassic.com

မှာ မျက်မှောင်ကြီးကုတ်သွားမိရပြန်သည်။

"ဟကောင်ရ ... ဘာဖြစ်လို့လဲကွ"

"ဆရာ့ကို သတိပေးဖို့ မေ့သွားတယ်၊ ဒီစံအိမ်ကြီးရဲ့ တည်နေရာဟာ နာနာဘာဝတွေကျက်စားတဲ့ ဖုန်းဆိုးမြေတဲ့ဗျ ... အဘိုးပြောဖူးတယ်၊ ဒီလိုနေရာမျိုးမှာ နာနာဘာဝတွေ ကြိုက်တတ်တဲ့ အမဲဟင်းလျာတွေ ဘာတွေ ရှောင်သင့်တယ်ဗျ"

"တော်ပါ မောင်စိုးရယ် ... ဒီလောက်လည်း အယူသီး မနေပါနဲ့၊ လာ လာ ... အောက်ထပ်ဆင်းကြစို့၊ ငါ ဗိုက်တောင် ဆာလာပြီ"

❊ ❊ ❊





## မိစ္ဆာမာယာည

ကိုမြဆောင်တို့မှာ ဘောဂကြီးစံအိမ်သို့ နေ့လယ်ပိုင်းတွင် ရောက်ရှိလာခြင်း ဖြစ်သဖြင့် အိပ်ရန် နေရာထိုင်ခင်းများ ပြင်ဆင်ခြင်း၊ အိမ်ကြီးအနှံ့ လျှောက်ကြည့်ကာ ပြုပြင်စရာရှိသည်တို့ကို လေ့လာမှတ်သားခြင်း၊ ညစာအတွက် ချက်ပြုတ်ခြင်းတို့ဖြင့် မွန်းလွဲပိုင်းအချိန် ကုန်သွားရာ ညနေစောင်းသည်နှင့် သူတို့ကာယလုပ်သားများ၏ ထုံးစံအတိုင်း ညစာမစားမီ ယမကာဝိုင်းဖွဲ့ကာ သူရာရည်ကို မှီဝဲကြလေသည်။

"လေတိုက်လာပြီကွ မောင်စိုး၊ တံခါးမကြီး ထပိတ်ထားစမ်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်တွင် မှောင်ရီသမ်းလာပြီး ဆောင်းလေက ခပ်သော့သော့တိုက်လာရာ မှန်အိမ်မီးစာ ယိမ်းထိုးလာသဖြင့် ကိုမြဆောင်က အိမ်ရှေ့တံခါးမကြီးကို ထပိတ်နိုင်းလိုက်ရ၏။

"မိုးစက်လေးတွေတောင် ကျလာပြီ ဆရာရေ"

"အေးကွာ . . . ဆောင်းလယ်ကြီး မိုးရွာရတယ်လို့"

"ကောင်းတာပေါ့ ဆရာရဲ့ . . . မိုးအေးအေး ဆောင်းအေးအေးမှာ ဟောဒီချက်အရက်လေးနဲ့ နွေးလိုက်ရအောင်"

"သိန်းဆန်း . . . မင်းကတော့ ဒါပဲ၊ သောက်ဖို့စားဖို့ပဲ"

"ဘာဖြစ်လဲကွ ဘသာ . . . မင်းရော ဘာထူးလို့လဲ"

"မထူးလို့ မင်းနဲ့ ခွက်လှည့်မော့နေတာပေါ့ကွ . . . ဟား ဟား ဟား"

"ဟား ဟား ဟား ဟား . . . ဟုတ်သကွာ၊ အမဲခြောက်ဖုတ်လေးနဲ့ ဖိမ်ပဲဟေ့၊ ဟုတ်တယ်နော် ဆရာ . . . ဟဲ ဟဲ ဟဲ"

ဆရာတပည့်တစ်သိုက် ပျော်ပျော်ပါးပါး သောက်စားနေကြရာ အချိန်က ကုန်မှန်းမသိကုန်သွားပြီး ညအတော်မှောင်လာမှ ပြင်ပဝယ် မိုးတို့ ဖွဲဖွဲစွေစွေ ရွာလာသည်ကို သတိပြုမိကြလေ၏။

သူတို့ အတော်ရေချိန်ကိုက်လာချိန်တွင်မူ မိုးက စဲသွား





ပြီး လေပါငြိမ်သွားတော့၏။ ထိုစဉ်မှာပင် အိမ်ရှေ့တံခါးမကြီး ခေါက်သံ ထွက်ပေါ်လာရာ ဆက်ရက်မင်းစည်းစိမ်ခံစားနေကြသည့် ကိုမြဆောင်တို့ဆရာတပည့်တစ်စုမှာ ခေါင်းမော့လှည့်ကြည့်လိုက်မိကြလေသည်။

"ဟ . . . ညကြီးမိုးချုပ်မှာ ဘယ်သူ တံခါးလာခေါက်ပါလိမ့်၊ မောင်စိုး သွားကြည့်စမ်းကွာ . . . အေ့"

မောင်စိုးလည်း ခပ်ယိုင်ယိုင်ဖြင့် ထကာ တံခါးဝဆီ လျှောက်သွားပြီး ချက်ဖြုတ်လျက် တံခါးရွက်ကို ဆွဲဟကြည့်လိုက်လေသည်။

"ဟင်"

တံခါးဝတွင် ရပ်နေသည်က တစ်ကိုယ်လုံး ရွဲရွဲစိုနေသည့် အဘွားအိုတစ်ဦး။

"ဟ . . . အ အဘွား . . . ဘာ ဘာကိစ္စလဲခင်ဗျ"

"သား သားရယ် . . . အဘွား ဒီနားက ရွာပျောက်ကြီးကို လာရင်း မိုးကချုပ်သွား၊ လမ်းကမှားနဲ့မို့ မျက်စိလည်လာလို့ပါကွယ်၊ ခိုနားစရာကလည်း မရှိဖြစ်နေတုန်း ဒီအိမ်ကြီးထဲက မီးရောင်လေးမြင်ရလို့ ဝင်လာခဲ့တာပါကွယ်၊ အဘွားကို ဒီတစ်ညတာအတွက် သားတို့ရဲ့အိမ်မှာ ခိုနားခွင့်ပြုပါလားကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ယောဂီအရောင်လိုလို၊ အနက်ရောင်လိုလို ခြုံလွှာကြီးကို ခေါင်းမြီးခြုံထားသည့် အဘွားအိုမှာ တစ်ကိုယ်လုံးတုန်ခိုက်နေသဖြင့် ငြင်းရန်မဖြစ်နိုင်ရကား သနားတတ်သည့်မောင်စိုးမှာ သူ့ဆရာ၏ ခွင့်ပြုချက်ပင်မတောင်းတော့ဘဲ တစ်ကိုယ်လုံး မိုးရေတို့ တုတ်တုတ်ရွှဲနေသော အဘွားအိုကို အိမ်ထဲဝင်စေလိုက်လေ၏။

"လာ လာ အဘွား ... ညကြီးမိုးချုပ်မှာ တစ်ယောက်တည်း ခရီးသွားရတယ်လို့ အဘွားရယ်"

"နေပါသားရယ် ... အဘွား ဒီမှာ ရေစစ်ပါရစေဦး၊ မင်းတို့အိမ်ထဲ ရေရွှဲကုန်ပါ့မယ်"

အဘွားအို ခြေသုတ်ခုံထူထူကြီးပေါ်ဝယ် ရပ်ရင်း ရေစစ်လျက်ရှိစဉ် မောင်စိုးသည် ယမကာဝိုင်းဆီ လျှောက်လာကာ သူ့ဆရာကို အကျိုးအကြောင်းပြောပြလိုက်ရလေသည်။

ကိုမြဆောင်လည်း ဧည့်ခန်းဆောင်ကြီးထဲမှ တစ်လုံးတည်းသော မှန်အိမ်၏အလင်းဖြင့် အဘွားအိုကို မျက်လုံးဖြဲရင်း လှမ်းကြည့်အကဲခတ်လိုက်လေသည်။

ယောဂီရောင်လိုလို၊ အနက်ရောင်လိုလို ထဘီနှင့်အကျႌလက်ရှည်ကိုဝတ်ထားပြီး ခြုံလွှာကြီး ခေါင်းပေါ်မှ ခြုံထားသည့်





ပိန်လှီလှသော အဘွားအိုမှာ ငှက်ကြီးဒုံးစပ်လို တံခါးဝနားတွင် ငူငူကြီးရပ်ရင်း သူတို့ဆီသို့ လှမ်းကြည့်နေလေ၏။

အဘွားအိုမှာ ပိန်လှီလှသဖြင့် ပါးချောင်၊ နားချောင်များကျနေပြီး မျက်တွင်းကလည်း ဟောက်ပက်လွန်းလှသည်။

တွင်းကလေးများလို ဟောက်ပက်နေသည့် မျက်တွင်းသို့အထဲမှ သေးငယ်လှသော မျက်လုံးလေးနှစ်လုံးက မှန်အိမ်မီးရောင်ဟပ်သည့်တွင် မြွေမျက်လုံးများသို့နှယ် တဖျပ်ဖျပ်လက်လျက် ရှိလေ၏။

အဘွားအို၏ရုပ်သွင်က နှစ်လိုဖွယ်မရှိသော်လည်း ရေတို့ရွှဲစိုနေသည့် အဘွားအိုကို စာနာစိတ်ဖြင့် လက်ခံရန် ကိုမြဆောင်ဆုံးဖြတ်လိုက်၏။

"ကဲ သိန်းဆန်းနဲ့ ဘသာ ... မင်းတို့ နောက်ဖေးခန်းက သွပ်ပြားတစ်ချပ်နဲ့ အုတ်ခဲသုံးလုံးရယ်, ထင်းတွေရယ် သွားယူပြီး မီးဖိုပေးလိုက်ကြကွာ၊ ဒီအဘွားအတွက် လဲစရာ ဖယ်စရာပေးဖို့ ငါတို့မှာမရှိဘူး၊ မီးသာလှုံခိုင်းလိုက်ကွာ"

ဟု အမိန့်ချပြီးနောက် သူ့ရှေ့မှ ကော်ခွက်ထဲသို့ အရက်ကို လောင်းထည့်လိုက်တော့၏။

သူတို့လူစုနှင့် ခပ်လှမ်းလှမ်း အိမ်ထောင့်တစ်ခုအနီး၌



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုပြီး အဘွားအိုကို မီးလှုံခိုင်းလိုက်ရသည်။

"ကဲ ထမင်းဆာလှပြီကွာ ... ထမင်းထည့်တော့၊ မောင်စိုး ... ဟိုအဘွားကိုလည်း ကျွေးလိုက်"

ဤတွင်ဘသာက မီးလင်းဖိုအနီးတွင် ကျုံ့ကျုံ့လေးထိုင်ရင်း မီးလှုံနေသည့် အဘွားအိုကို လှမ်းကြည့်လိုက်ပြီးနောက် သူ့ဆရာကို ခပ်တိုးတိုးပြောလိုက်လေသည်။

"ဆရာ ... ဒီအဘွားက ယောဂီဝတ်စုံဝတ်ထားတယ် ဗျ၊ ယောဂီကြီးနဲ့တူတယ်၊ ကျွန်တော်တို့က အမဲခြောက်ဟင်းပဲ ချက်ထားတာဗျ ... ဘာနဲ့ကျွေးမလဲ၊ အဘွားက သူတော်စင်ဆို တော့ အမဲသားငါး စားမှာမဟုတ်ဘူး"

ဘသာက တိုးတိုးလေးပြောသည်ကို အနီးအဘွားအိုက ကြားသွားဟန်ရှိ၏။ ခပ်ကုပ်ကုပ်လေးထိုင်နေရာမှ သူတို့ဆီသို့ မျက်လုံးသေးသေးစူးစူးလေးများဖြင့် ဖျတ်ခနဲ လှမ်းကြည့်လိုက် ရင်း...၊

"ဟဲ့ ... ဘာမစားရမှာလဲ၊ အမဲသားဆို ပိုစားပေါ့"

ဟု လှမ်းပြောလိုက်ရာ အဘွားအို၏လေသံမှာ ခွင့် တောင်းစဉ်ကကဲ့သို့ မဟုတ်ဘဲ မာကျောသလိုလို လေသံပြတ် ဖြစ်နေသဖြင့် ကိုမြဆောင်တို့မှာ မျက်ခုံးပင့်လိုက်မိကြတော့၏။





သို့သော် အားလုံးက ဗိုက်ဆာလှပြီဖြစ်သဖြင့် အတွေးချဲ့ မနေအားဘဲ သံပန်းကန်များထဲ ထမင်းနှင့်ဟင်းတို့ ခူးခပ်ထည့် ကြပြီး အားရပါးရ လွေးကြတော့သည်။

မောင်စိုးက သံပန်းကန်ပြားတစ်ချပ်ထဲ ထမင်းထည့်ပြီး ခရမ်းချဉ်သီးနှင့် အရည်စပ်စပ်လေးချက်ထားသည့် အမဲခြောက် ဟင်းကို ထမင်းပေါ်ပုံလျက် အဘွားအိုကို သွားပေးလိုက်လေ၏။

အဘွားအိုသည် လက်ဆေးရန်ပင် သတိရဟန်မတူဘဲ ထမင်းနှင့်ဟင်းတို့ကို အားပါးတရ စားသောက်တော့၏။

"အမဲသားဟင်း ပေးပါဦးကွဲ့"

မောင်စိုးမှာ ထမင်းစားကောင်းနေတုန်း အဘွားအိုက ဟင်းထပ်တောင်းနေသဖြင့် ထ ထ ထည့်ပေးနေရလေသည်။

သို့ဖြင့် ခဏတွင်းမှာပင် ထမင်းအိုးရော ဟင်းအိုးပါ ပြောင်သလင်းခါသွားတော့၏။

စားသောက်ပြီးသည်တွင် သိန်းဆန်းတို့က ဧည့်ခန်းကြီး ၏ ဝဲဘက်ထောင့်၌ အိပ်ရန်နေရာပြင်ကြပြီး ကိုမြဆောင်က အဘွားအိုအတွက် ဧည့်ခန်းလက်ယာဘက်ထောင့် မီးလင်းဖိုအနီး မှာပင် စောင်ကြမ်းတစ်ထည်ခင်းကာ အိပ်ရာနေရာ ပြင်ပေးစေ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်စိုးလည်း အဘွားအိုအတွက် အိပ်ရာနေရာ ခင်း ပေးပြီးနောက် သူ့အတွက် ခင်းထားသည့် အိပ်ရာပေါ် လှဲအိပ် လိုက်တော့၏။

ကိုမြဆောင်မှစ၍ အားလုံးလည်း ထမင်းလုံးစီရင်း လဲ လျောင်းနေကြတော့၏။

ခဏအကြာမှာပင် သိန်းဆန်းနှင့် ဘသာတို့ထံမှ တခေါ ခေါဟောက်သံကို ကြားရတော့သည်။ ငနဲသားများ ခရီးပန်းလာ သည်နှင့် ရေချိန်ကိုက် အဆီရစ်ပြီး ကုလားသေ ကုလားမော အိပ်ပျော်သွားကြချေပြီ။

မောင်စိုးမှာမူ အတော်လေးသောက်ထားသည့်တိုင် ဘာ ကြောင့်မှန်းမသိ ရုတ်တရက် အိပ်မပျော်နိုင်ဘဲ မျက်လုံးတို့ကြောင် နေ၏။

သူ့စိတ်ထဲတွင် တစ်စုံတစ်ရာကို စိုးရိမ်နေသလိုလို၊ စိတ်ထဲ မသိုးမသန့်သလိုလို ခံစားနေရာမှ ဝဲဘက်သို့ စောင်း လှည့်လိုက်ရာ မီးလင်းဖိုဘက်သို့ မျက်နှာမူပြီးသား ဖြစ်သွားတော့ ၏။

"ဟင် . . . ဟိုအဘွား မအိပ်သေးပါလား"

အဘွားအိုသည်ကား သူ့အတွက်ခင်းထားသည့် အိပ်ရာ





ပေါ်တွင် လဲလျောင်းခြင်းမပြုသေးဘဲ မူလနေရာမှာပင် ငုတ်တုတ် ထိုင်မြဲထိုင်ရင်း သူတို့ဆီသို့ မျက်လုံးသေးသေးလေးများဖြင့် စူးစိုက် ကြည့်နေသည်ကို တွေ့ရလေသည်။

မလှုပ်မချောက်ထိုင်နေသည့် အနီအဘွားအိုကို လှမ်း ကြည့်ရင်း မောင်စိုးမှာ ဘာကြောင့်မှန်းမသိ ကြက်သီးဖြန်းဖြန်းထ သလိုလို ခံစားလာရ၏။

အဘွားအိုသည် ယခုထက်ထိ အဝတ်နက်ကြီးကို ခေါင်း မြီးခြုံထားပြီး ဟောက်ပက်ပက်မျက်တွင်းချိုင့်ချိုင့်ကြီးများထဲမှ မြွေမျက်လုံးနှယ် သေးငယ်ပြီး ဖျပ်ဖျပ်လက်နေကြသည့် မျက်လုံး လေးများဖြင့် လှမ်းကြည့်နေသည်မှာ သွေးရိုးသားရိုးမဟုတ်သလို လို မောင်စိုး ခံစားလာရလေသည်။

ခဏအကြာမှာပင် အဘွားအိုထံမှ အက်ကွဲကွဲအသံကြီး ထွက်လာလေ၏။

"မအိပ်သေးဘူးလားကွဲ့"

"မအိပ်သေးဘူးအဘွား၊ အဘွားရော အိပ်တော့လေ"

မောင်စိုးက ပြန်ဖြေရင်း ထထိုင်လိုက်ကာ သံဆေးလိပ် ခွက်လေးထဲ ခေါင်းထိုးထည့်ထားသည့် ဆေးပေါ့လိပ် သောက် လက်စကို လက်လှမ်းယူလိုက်ကာ မီးညှိဖွာရှိုက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com





အဘွားအိုကမူ သူ့ကို ဘာမှပြန်မဖြေဘဲ ကြည့်မြဲ လှ[...]ကာ ဖွာနေမိသည်။ အဘွားကြီးဘက်သို့ပင် သိသိသာသာ ကြည့်နေသည်။ [...]လှည့်မကြည့်ဝံ့တော့ချေ။

မောင်စိုးမှာ အဘွားအိုကို တစ်ချက်တစ်ချက်တွင် မ[...] ထိုစဉ် အဘွားကြီး၏ အက်ကွဲကွဲအသံကြီး ထွက်ပေါ်လာ မသာ မျက်လုံးဝေ့ကြည့်ရင်း အနေရ အထိုင်ရခက်သလို[...]ပြန်သည်။

စိုးထိတ်သလိုလို ခံစားလာရလေသည်။

"ဟဲ့ သူငယ်လေး . . . မအိပ်သေးဘူးလား"

သူ့ဆရာ ကိုမြဆောင်ကို လှမ်းကြည့်လိုက်တော့ ပ[...] "ဟုတ် ဟုတ်ကဲ့ . . . အိပ် အိပ်တော့မှာပါ"

လက်လှန်လျက် မျက်လုံးအစုံမှိတ်ထားသည်ကို တွေ့ရ၏။ အိ[...] မောင်စိုးမှာ ကယောင်ချောက်ချားဖြင့် ဆေးပေါ့လိပ်တို ပျော်နေသလား၊ အိပ်မပျော်သေးဘူးလား မှန်း၍မရပေ။ [...]ကို မီးငြိမ်းသတ်လိုက်ပြီး အိပ်ရာခင်းပေါ်-အသာလဲလျောင်းကာ

"အင်း . . . ဒီအဘွားကြီးကြည့်ရတာ တစ်မျိုးပဲ၊ ဒီ[...]စောင်ကို ရင်ခေါင်းအထိ ဆွဲခြုံလိုက်တော့၏။

အဖို့ ငါ အိပ်လို့ဖြစ်ပါ့မလား၊ ငါ ငါတို့အားလုံး အိပ်ပျော်သွား[...] 'ခေါ ခလူး ခူး'

ဒီအဘွားကြီး ဘာလုပ်မလဲ မသိဘူး . . .၊ ကိုမြဆောင်ထံမှပါ ဟောက်သံထွက်လာရာ မောင်စိုးမှာ

အဲဒီအဘွားကြီး စောစောက အမဲသားဟင်းတွေ [...]ပိုမိုတုန်လှုပ်ချောက်ချားသွားပြီး အားငယ်သွားမိတော့သည်။

တာမှ မြိန်ရေရှက်ရေနဲ့ အငမ်းမရပဲ . . .၊ "ဘုရား ဘုရား . . . အိပ်မပျော်သူဆိုလို့ ငါတစ်ယောက်

ငါ့ရဲ့အဘိုးကလည်း ဒီဘောဂစံအိမ်ကြီးရှိတဲ့နေရာပ[...]တည်း ကျန်တော့တယ်၊ အင်း . . . အဘွားကြီးက မအိပ်သေးဘူး

နာနာဘာဝတွေကျက်စားတဲ့ ဖုန်းဆိုးမြေတဲ့ . . .၊ [...]လားလို့ ခဏခဏ မေးနေတာ အကြောင်းရှိရမယ်၊ သူ သူ

ဘုရား ဘုရား . . . ဒီအဘွားကြီးဟာ နာနာဘာဝမျ[...]ဘာလုပ်မလို့ပါလိမ့် . . .၊

လား" သူ ဘာလုပ်မလို့လဲဆိုတာသိရအောင် ငါ အိပ်ချင်

မောင်စိုးမှာ တုန်လှုပ်စပြုလာပြီး ဆေးပေါ့လိပ်ကိုသ[...]ယောင် ဆောင်နေလိုက်မယ်"





www.burmeseclassic.com

www.burmeseclassic.com



မောင်စိုးက အဘွားကြီးကို ကျောခိုင်းလျက် အနေအထားမှ အသာငြိမ်နေလိုက်သည်။

သို့သော် သူက မျက်လုံးကိုဖွင့်လျက် အရေးအကြောင်းကြုံပါက ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ရန် ဟိုကြည့်သည်ကြည့်ဖြင့် မျက်စိကစားကာ လက်နက်တစ်ခုခုကို ကသုတ်ကရက်ရှာဖွေနေမိ၏။ လူကမူ တုတ်တုတ်မျှ မလှုပ်ရဲချေ။

"ဟော ... ဟိုမှာတူတစ်လက်ပါလား"

ဤအိမ်ကြီးထဲရောက်ရောက်ချင်း နေရာထိုင်ခင်းချကြစဉ်က လွယ်အိတ်များကိုချိတ်ရန် နံရံတိုင်တို့တွင် သံချောင်းတို့ သံများလိုက်ရိုက်ခဲ့ကြ၏။

ထိုသို့ သံလိုက်ရိုက်ခဲ့ပြီးနောက် တူကို ခါးပန်းပေါ်တင်ထားခဲ့ခြင်းဖြစ်လေသည်။

"အင်း ... လိုရမယ်ရ အဲဒီတူကိုတော့ ဆောင်ထားမှ"

မောင်စိုးက ထိုသို့တွေးရင်း သူ၏ဦးခေါင်းနှင့် တစ်လံခန့်အကွာရှိ ခါးပန်းသစ်သားတန်းပေါ် အလျားလိုက်တင်နေသောတူကို လှမ်းယူရန် သူ၏လက်တစ်ဖက်အား ဖြည်းဖြည်းချင်းဆန့်ထုတ်လိုက်လေသည်။

သူ၏လက်က စောင်ခြုံထဲမှ တရွေ့ရွေ့ထွက်လာကာ



The Early Bird BOOK RENTAL HOUSE



လက်တစ်ဆုံး ဆန့်တန်းပြီးသည့်တိုင် တူကို လက်လှမ်းမမီသေးချေ။

"တောက် ... တစ်ထွာသာသာလောက်ပဲ လိုတော့တယ်"

မောင်စိုးသည် စိတ်ထဲမှကျိတ်ကာ ဒေါသထွက်သွားပြီးကြမ်းပြင်ကို ခြေဖြင့်ကန်လျက် ခန္ဓာကိုယ်ကို အပေါ်သို့ တရွေ့ရွေ့တိုးလိုက်လေသည်။

"ဟုတ်ပြီ ရပြီကွ"

တူအရိုးကို ဆုပ်ကိုင်ကာ လက်ကို တရွေ့ရွေ့ ရုတ်ရ၏။ အမှန်တော့ သူ အစိုးရိမ်ပိုနေခြင်းဖြစ်သည်။ သူတို့အိပ်နေသည့်နေရာမှာ မှန်အိမ်နှင့် အတန်လှမ်းသဖြင့် မီးရောင်က ခပ်ဖျော့ဖျော့သာ ကျရောက်နေ၏။

မည်သို့ဖြစ်စေ ချမ်းချမ်းစီးစီးမှာပင် ဇောချွေးပြန်မတတ်ဖြစ်လျက် တူတစ်လက်ကိုတော့ အားကိုးစရာ လက်နက်အဖြစ်သူ ရရှိခဲ့ပြီ။

သူက စောင်ခြုံထဲသို့ လက်ကို ပြန်ကွေးသွင်းလိုက်ပြီးအိပ်ပျော်ချင်ဟန် ဆက်ဆောင်နေလိုက်၏။

'ကျွီ ကျွီ ကျွီ'



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာမှာပင် ကြမ်းပြင်က တကျွိကျွိမြည်လာတော့သည်။ ဆိတ်ဆိတ်ငြိမ်နေသောညမို့ တစ်စုံတစ်ယောက်က ကြမ်းပြင်ပေါ် ခြေချလိုက်တိုင်း ကျွိခနဲ ကျွိခနဲ မြည်နေတော့၏။ အဘွားကြီးကား သူတို့ရှိရာသို့ တစ်လှမ်းချင်း လှမ်းလာနေချေပြီ။

မောင်စိုးမှာ ကြောက်ရွံ့ထိတ်လန့်စိတ်ကြောင့် ရင်တဒိန်းဒိန်း ခုန်နေသော်လည်း တူအရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း အဘွားကြီး၏ခြေသံကို နားစွင့်နေ၏။

'ကျွိ ကျွိ'

ခြေသံကား သူနှင့် တဖြည်းဖြည်း နီးလာချေပြီ။ တန်းစီအိပ်နေကြသည့် လက်သမားဆရာအုပ်စု၏ သည်ဘက်အစွန်းဆုံးမှာ နေရာယူမိခဲ့သည့် သူ့အဖြစ်အတွက် နောင်တရ၍မဆုံးတော့။

အဘွားကြီး၏ခြေသံ သူ၏အနီးသို့ ရောက်ရှိလာချိန်မှာပင် မောင်စိုးသည် ကိုယ်ကို ရုတ်တရက်စောင်းလှည့်ကာ အဘွားကြီးကို ကြည့်လိုက်လေသည်။

''ဟာ''

ထိုစဉ်မှာပင် ဝတ်ရုံနက်ကြီး ခေါင်းမြီးခြုံထားသည့်





အဘွားကြီးက လက်နှစ်ဖက်ကို ရှေ့သို့ဆန့်ထုတ်ထားလျက်မှ သူ၏လည်ပင်းအား ဖမ်းညှစ်ရန် ကိုယ်ကြီးပါ ရုတ်ခနဲ ကိုင်းကျလာတော့၏။

မောင်စိုးက သတိရှိစွာဖြင့် ကြမ်းပေါ်တွင် ကိုယ်ကိုလှိမ့်ကာ လျင်မြန်စွာရှောင်ထွက်လိုက်ရင်း အဘွားအိုကို မော့ကြည့်လိုက်ပြန်လေသည်။

မှန်းချက်နှင့် နှမ်းထွက်မကိုက်ဖြစ်သွားသောကြောင့် ဒေါသတကြီး ဖြစ်သွားသည့်အဘွားအိုက မျက်နှာကို ဆတ်ခနဲလှည့်ကာ သူ့ကိုကြည့်လိုက်ရာ မှန်အိမ်မီးရောင်ဖြင့် အဘွားအို၏ မျက်နှာတစ်ခြမ်းကို တွေ့လိုက်ရသည်တွင် မောင်စိုးမှာ လိပ်ပြာလွင့်မတတ် လွန်စွာတုန်လှုပ်ချောက်ချားသွားရတော့သည်။

''အလိုလေး ... ဘုရား ဘုရား''

မျက်နှာပေါ်တွင် ပါးရေများ အရုပ်ဆိုးလောက်အောင် ဖုထစ်လိပ်တွန့်လျက်ရှိပြီး ဟောက်ပက်ကြီးချိုင့်ဝင်နေသည့် မျက်တွင်းတို့ကြောင့် အဘွားအိုမှာ ကြောက်မက်ဖွယ်အသွင်ဆောင်လျက် ရှိတော့၏။

ထိုထက်ဆိုးသည်ကား အဘွားအို၏ပါးစောင်နှစ်ဖက်မှ ပြူထွက်နေသည့် အစွယ်လေးနှစ်ချောင်းကို တွေ့လိုက်ရခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

မောင်စိုးမှာ သွေးပျက်မတတ် လန့်ဖျပ်သွားပြီး ကပျာကသီ လူးလဲထလိုက်တော့၏။

"တောက် ... ဟင်း"

အဘွားအိုထံမှ မပီမသ ကြိမ်းဝါးသံ ထွက်သွားပြီး မောင်စိုး၏ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်တော့သည်။

"အား ... ကဲကွာ"

မောင်စိုးမှာ ကြောက်အားလန့်အားဖြစ်သွားပြီး အဘွားအို၏မျက်နှာကို တူဖြင့် လွှဲရိုက်ချလိုက်၏။

'ဖြောက်'

တူဖြင့် ရိုက်ပြီးပြီးချင်းမှာပင် မောင်စိုးက လိုမ့်ထွက်လိုက်ရာ အဘွားအိုထံမှ ညည်းသံတစ်ချက် ကြားလိုက်ရပြီး ကြမ်းပြင်ပေါ် ဝုန်းခနဲ ပြုတ်ကျသံကို ကြားလိုက်ရသည်။

သို့သော် အဘွားအိုက ကြမ်းပြင်ပေါ် လက်ထောက်လျက် ရုတ်ခနဲ ထလိုက်လေ၏။

ထို့နောက် သွေးသံရဲရဲနှင့် အဘွားအိုက တောက်တစ်ချက်ပြင်းစွာခေါက်ရင်း ကုန်းထကာ သူ့ကိုခုန်အုပ်ရန် ဟန်ပြင်လိုက်သည်။





မောင်စိုးသည် သွေးပျက်ထိတ်လန့်မှုကြောင့် မျက်လုံးထဲ ဘာမှမမြင်တော့ဘဲ ကြောက်ကန်ကန်ကာ အဘွားအို၏မျက်နှာကို တူဖြင့် အဆက်မပြတ် ထုတော့၏။

"ကဲဟာ ... ကဲဟာ ကဲဟာ"

ဖွဲအိတ်တစ်အိတ်ကို ထုသလို သူ မည်မျှ ရက်ရက်စက်စက် ထုမိသည်မသိ။ နောက်ဆုံး သူ့ကိုယ်သူ သတိထားမိသည့် အချိန်တွင် အဘွားအိုမှာ ကြမ်းပြင်ပေါ်တွင် သွေးခြင်းခြင်းနီရဲလျက် ငြိမ်သက်လို့နေချေပြီ။

ပြင်းထန်သော လှုပ်ရှားတိုက်ခိုက်သံတို့ကြောင့် အိပ်မောကျနေကြရာမှ လန့်နိုးသွားကြသည့် ကိုမြဆောင်တို့၊ သိန်းဆန်းတို့က မောင်စိုးကို အတင်းအော်ဟစ်တားကာ ဝိုင်းဆွဲကြသည်။

"မောင်စိုး မောင်စိုး ... ဘာလုပ်တာလဲ၊ တော်တော့ တော်တော့"

"မောင်စိုး မောင်စိုး ... တော်တော့လေ"

မောင်စိုးသည် လှုပ်ရှားမှုတို့ရပ်သွားပြီး ကြမ်းပြင်ပေါ်ရှိ သွေးကွက်ထဲတွင် ပုံကျနေသည့် အဘွားအိုကိုသာ ကြောင်ငေးငေးကြီး ကြည့်နေ၏။

ကိုမြဆောင်တို့လည်း အဘွားအို၏ မမြင်ဝံ့စရာ အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကို အံ့သြတုန်လှုပ်စွာကြည့်ရင်း ချောက်ချားခြင်းကြီးစွာ ဖြစ်သွားကြသည်။

"ဟော့ကောင် မောင်စိုး ...မင်း မင်း ဘယ်လိုလုပ်လိုက်တာလဲကွာ"

ကိုမြဆောင်က တုန်လှုပ်ချောက်ချားသံကြီးဖြင့် အပြစ်တင်သလို ပြောလိုက်ရင်း ကြမ်းပြင်ပေါ် ဒူးတစ်ဖက်ထောက်ကာ အဘွားအိုကို အနီးကပ် စစ်ဆေးကြည့်ရှုလိုက်၏။

သွေးအိုင်ထဲမှ အဘွားအိုကား တုတ်တုတ်မျှ မလှုပ်တော့။

"ဟာ ...သေ သေသွားပြီ"

"ဗျာ ...သေ သေသွားပြီ ...ဟုတ်လား"

မောင်စိုးက တုန်တုန်ခိုက်ခိုက်မေးလိုက်သည်။

"ဟုတ်တယ် မောင်စိုး ...သေသွားပြီ၊ ဘယ် ဘယ်လိုလုပ်ကြမလဲ၊ မင်း မင်းကွာ ...အဘွားကြီးကို ဘာဖြစ်လို့ ဒီလောက် ရက်ရက်စက်စက် လုပ်ရတာလဲ ...သူ့ခမျာ"

"အာ ...ဆရာကိုမြဆောင်ကလည်း သူက ကျုပ်ရဲ့လည်ပင်း လာညှစ်တာဗျ၊ ပြီးတော့ သူ့ပါးစပ်က အစွယ်တွေထွက်နေတယ်"





"ဘာ ...အစွယ်တွေထွက်နေတယ် ...ဟုတ်လား"

"ဟုတ်တယ်၊ ဆရာတို့အိပ်သွားတော့ ကျုပ် ကျုပ်က အိပ်မပျော်နိုင်လို့ ဆေးလိပ်ထသောက်နေတာဗျ၊ အဲဒါကို ဒီအဘွားကြီးက မအိပ်သေးဘူးလား မအိပ်သေးဘူးလားနဲ့ ခဏခဏ မေးနေတာ၊ နောက် ကျုပ်လည်း အိပ်ချင်ယောင်ဆောင်ရော ကျုပ်ရဲ့လည်ပင်းကို ထညှစ်တော့တာပဲ၊ သူ့ကို သေချာကြည့်လိုက်တော့ သူ့ပါးစပ်ထဲက အစွယ်တွေထွက်နေတယ်ဗျ၊ သွေး သွေးစုတ်ဖုတ်ကောင်ကြီးလား မသိဘူး"

"အာ ...မင်းဟာက မဟုတ်တာကွာ"

ကိုမြဆောင်က အဘွားအို၏မျက်နှာကို သေသေချာချာ ငုံ့ကြည့်ပြီးနောက် ခေါင်းခါနေတော့သည်။ ပြီးမှ သက်ပြင်းချကာ မောင်စိုးကို စိတ်ပျက်လက်ပျက် မော့ကြည့်၏။ ထို့နောက် လေးလေးပင်ပင် ပြောလေသည်။

"မောင်စိုး ...ဒါ လူသတ်မှုပဲကွ၊ မင်းတော့ ဒုက္ခပဲ"

အားလုံး တိတ်ဆိတ်သွားကြ၏။ မောင်စိုးမှာ သွေးတစက်စက်ကျနေသည့် တူကြီးကိုကိုင်ဆွဲထားရင်း အဘွားအိုကို ငေးငူငူကြီး မလှုပ်မခြောက် ကြည့်နေ၏။

ဘသာနှင့်သိန်းဆန်းတို့မှာလည်း အဘွားအိုကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက် မောင်စိုးကိုကြည့်လိုက်၊ ကိုမြဆောင်ကိုကြည့်လိုက်ဖြင့် တုန်တုန်လှုပ်လှုပ် ဖြစ်နေကြသည်။

ခဏကြာမှ ကိုမြဆောင်က မောင်စိုး၏လက်ထဲမှ တူကို ဆွဲယူလိုက်ပြီး ...

"ကဲ ... ဖြစ်လာမှတော့ ဘာတတ်နိုင်မလဲကွ၊ တစ်ခုခု တော့ လုပ်ရမှာပဲ"

ဟု မရေမရာ ပြောလိုက်လေ၏။

"ဘာ ဘာလုပ်မှာလဲဗျ ဆရာကိုမြဆောင်ရဲ့ ... ပုလိပ် ကို သတင်းပို့မှဖြစ်မှာပေါ့၊ တော်ကြာ ကျုပ်တို့ပါ အမှုပတ်လာ ဦးမယ်"

"ဟုတ်တယ် ... ကျွန်တော်တို့ အမှုပတ်တော့ မခံနိုင် ဘူး"

ဘသာနှင့်သိန်းဆန်းတို့က ပုလိပ်ဌာနသို့ သတင်းပို့ရန် တိုက်တွန်းကြသည်။

"နေပါဦးကွာ ... ခုလို ညကြီးမင်းကြီးမှာ မြို့ဘက်သွား ဖို့ မလွယ်ဘူးကွ၊ ကဲ ... မင်းတို့နှစ်ယောက်ထဲက မြို့ဘက် ဘယ်သူ ငါနဲ့အတူလိုက်မလဲ၊ တစ်ယောက်လိုက်ရင် တစ် ယောက် ဒီမှာ နေခဲ့ရမယ်"





ဘသာနှင့်သိန်းဆန်းတို့မှာ မျက်လုံးများ ပြူးသွားကြ၏။ ယခုပင် လူတစ်ယောက်ကို ရက်ရက်စက်စက် သတ်ထားသည့် မောင်စိုးနှင့်ရော လူသေအလောင်းကြီးနှင့်ပါ မည်သူမျှ အတူမနေ ရစ်ဝံ့ချေ။

သူတို့နှစ်ယောက်က ခေါင်းကို ပြိုင်တူခါပြကြ၏။

"ဒါဆို မြို့ဘက် မင်းတို့နှစ်ယောက် သွားကွာ၊ ငါ ဒီမှာ စောင့်ရစ်မယ်"

"အာ ... မသွားရဲပါဘူးဗျာ၊ ဆရာကိုမြဆောင်က လည်း ဒီလို မှောင်ကြီးမည်းမည်းမှာ"

"အေး ... အဲဒါကြောင့် ငါပြောတာပေါ့၊ ခုလို ညကြီး မင်းကြီးအချိန် ပုလိပ်ဌာနသွားသတင်းပို့ဖို့ မလွယ်ဘူးလို့၊ ဒီတော့ ဒီလိုလုပ်ကွာ ... ဒီအလောင်းကြီးကို ဒို့ပြင်အခန်းတစ်ခုခုထဲမှာ သွားထားလိုက်ကြရအောင်၊ မနက်မိုးလင်းမှပဲ ငါတို့လေးယောက် စလုံး မြို့တက်သွားကြတာပေါ့"

"ကောင်းတယ် ... အဲဒီအကြံ ကောင်းတယ်"

သို့ဖြင့် ကိုမြဆောင်တို့သည် လက်နှိပ်မီးကိုယ်စီဖြင့် အခြားအခန်းများကို လိုက်ကြည့်ကြရာ ညှော်ခန်းမကြီးနှင့်ကပ် လျက် အခန်းလွတ်ထဲ၌ ကျွန်းသေတ္တာဟောင်းကြီးတစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြရတော့သည်။

ဖုန်ထုတက်နေသည့် သေတ္တာအဖုံးကို မဖွင့်လိုက်ကြ သေတ္တာအလွတ်ကြီးဖြစ်ကြောင်း တွေ့ကြရ၏။

"အေး ... အတော်ပဲ၊ အဘွားကြီးရဲ့အလောင်းကို သေတ္တာကြီးထဲ ထည့်ထားလိုက်ကြရအောင်"

သို့ဖြင့် သူတို့သုံးဦးသည် အဘွားကြီး၏အလောင်း ဝိုင်းမကြပြီး ထိုသေတ္တာကြီးထဲ ထည့်ထားလိုက်ကြကာ အဖုံး ပြန်ပိတ်လျက် မျောက်လက်၌ သော့ခလောက်တစ်စုံဖြင့် ကို ဆောင်က ခတ်ထားလိုက်တော့၏။

"ကဲ ... ဒီသွေးကွက်တွေကို ရေလောင်းဆေးကြော ကြကွာ၊ သွေးညှီနံ့တွေ နံတယ်"

ဘသာနှင့်သိန်းဆန်းတို့လည်း အိမ်နောက်ဘက်ရှိ အု ကန်ထဲမှရေကိုဆွဲကာ လောင်းလျက် ကြမ်းပြင်ပေါ်မှ သွေးကွ တို့ကို ဆေးကြောသုတ်သင်လိုက်ကြတော့၏။

သွေးပျက်ချောက်ချားကာ ကြောင်စီစီဖြစ်နေရှာသည် မောင်စိုးမှာမူ ဘာမျှ ဝိုင်းမလုပ်နိုင်ဘဲ တိုင်တစ်တိုင်ကို ကျော ထိုင်လျက် ဆေးပေါ့လိပ် တစ်လိပ်ပြီးတစ်လိပ် ဖွာနေတော့သည် သူ့စိတ်ကို သူထိန်းနိုင်အောင် အတော်ကြိုးစားနေပုံ ရ၏။





"ကဲ မောင်စိုး ... ဘာမှ စိတ်ပျက်မနေပါနဲ့ကွာ၊ ဖြစ်ပြီး မှတော့ ရင်ဆိုင်ရုံပဲရှိတယ်၊ အဘွားကြီးရဲ့လုပ်ရပ်ဟာ မင်းပြော တဲ့အတိုင်း အမှန်ပဲဆိုရင် စိတ်မနံ့သူဖြစ်ချင်ဖြစ်နေမှာပေါ့၊ သူဟာ စိတ်မနံ့သူဆိုရင် မင်းအတွက် အမှုပေါ့မှာပါ၊ ကွင်းလုံးကျွတ် လည်း လွတ်သွားနိုင်တယ်၊ ငါတို့လည်း ပုလိပ်တွေကို ဝိုင်းပြော ပေးပါ့မယ်၊ ဒီညအဖို့တော့ စိတ်လျှော့ပြီး အိပ်တော့ကွာ ... ဟုတ်လား"

သို့ဖြင့် ကိုမြဆောင်က သူ့တပည့်အားလုံးကို အိပ်စေ လိုက်ပြီး သူကိုယ်တိုင်ပါ အိပ်ရာတွင် လဲလျောင်းလိုက်၏။

အားလုံး အတွေးကိုယ်စီဖြင့် ရုတ်တရက် အိပ်မပျော်နိုင် ဖြစ်နေကြသော်လည်း ညသန်းခေါင်ကျော်လာလျှင်မူ စောင်ခြုံထဲ အသီးသီးကွေးလျက် တခူးခူး တခေါခေါဖြင့် အိပ်မောကျသွားကြ ပါတော့သတည်း။

※

နောက်တစ်နေ့နံနက်တွင် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုမြဆောင်တို့ ဆရာတပည့်လေးဦးမှာ အိပ်ရာမှနိုးနိုး ချင်း မျက်နှာသစ်ပြီးကြသည်နှင့် ရေနွေးအိုးကျိုကြ၏။ ပြီးလျှင် ကော်ဖီဖျော်ကာ ပါလာသည့်မုန့်ကျွတ်တို့ကို ထုတ်လျက် နံနက် အဆာပြေ စားသောက်လိုက်ကြလေသည်။

"နောက်နေ့ကျရင်တော့ ထမင်းကြော်ကွာ ဘသာ"

"ဟုတ်ကဲ့ ဆရာ"

"ကဲ ကဲ ... စားသောက်ပြီးကြရင် ငါတို့ မြို့ဘက် သွားရအောင်"

"ဟုတ်"

တကယ်တမ်း မနေ့ညက ကိစ္စကို ရင်ဆိုင်ဖြေရှင်းရ တော့မည်ဆိုတော့ သူတို့အားလုံး ဝန်လေးနေကြ၏။

မောင်စိုးဆိုလျှင် ဆိုဖွယ်ရာမရှိတော့။ မျက်နှာက ဆီး ရွက်လောက်ပဲရှိတော့သည်။ မည်သို့ဖြစ်စေ ကိုမြဆောင်မှာ ဤ လူစုထဲတွင် တာဝန်အရှိဆုံးဖြစ်သဖြင့် ပုလိပ်ဌာနသို့ အကြောင်း မကြား၍ မဖြစ်ပေ။

"ကဲ ... လာကွာ၊ သွားဖို့ လုပ်ကြ၊ အလောင်းကို သွားထုတ်ရအောင်"

ကိုမြဆောင်က သူ၏အင်္ကျီအိတ်ကပ်ထဲမှ သော့ကိုထုတ်





ကာ ကျွန်းသေတ္တာကြီးရှိသည့် အခန်းထဲသို့ ဝင်သွားရာ ဘသာ နှင့် သိန်းဆန်းတို့ပါ နောက်မှလိုက်ဝင်ကြတော့၏။

'ချောက်'

သော့ကိုဖွင့်လိုက်ပြီးနောက် ကိုမြဆောင်က မျောက် လက်မှ သော့ခလောက်ကို ဖြုတ်လိုက်ကာ သေတ္တာကြီး၏အဖုံး အား ဆွဲမဖွင့်လိုက်တော့သည်။

ပြီး သူတို့သုံးယောက်စလုံး အလောင်းကိုထုတ်ရန် သေတ္တာကြီးထဲသို့ မရွံ့မရဲ ငုံ့ကြည့်လိုက်ကြ၏။

"ဟာ"

"ဟင်"

"ဟိုက်"

အာမေဋိတ်သံများ လွှတ်ခနဲ ထွက်သွားကြပြီး သေတ္တာ ကြီးထဲသို့ မျက်လုံးအပြူးသားဖြင့် ကြောင်ကြည့်နေမိကြတော့ သည်။

"ဟ ... ဘယ်လိုဖြစ်တာလဲ၊ ဟိုအဘွားကြီးရဲ့ အလောင်း မရှိတော့ပါလား"

"ဟာ ... ဟုတ် ဟုတ်တယ် ဆရာကိုမြဆောင်၊ အလောင်းကြီး မရှိတော့ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ အလန့်တကြားအော်ပြောသံများကြောင့် မော စိုးမှာ အခန်းထဲသို့ ပြေးဝင်လာတော့သည်။

"ဟော့ကောင် မောင်စိုး ... ဒီသေတ္တာကြီးထဲ အလောင်းကို မင်း ဘယ်ရွှေ့လိုက်သလဲ"

ကိုမြဆောင်က မောင်စိုးကို မသင်္ကာသောမျက်လုံး ဖြင့် မျက်မှောင်ကုတ်ကြည့်ရင်း လေသံခပ်မာမာဖြင့် မေးလိုက် လေသည်။

မောင်စိုးမှာ ပျာပျာသလဲဖြစ်သွားတော့၏။

"ဟာ ... ဘယ် ဘယ်မှမရွှေ့ပါဘူး ဆရာရဲ့၊ ဘယ် နယ် ... ကျုပ် ဟိုအပြင်မှာ ဆရာတို့နဲ့အတူတူ တစ်ညလုံ အိပ်နေမင့်ဟာ၊ ဒီအခန်းထဲလည်း မလာရဲပါဘူးဗျာ"

"မင်း မင်း သေချာတယ်နော်"

"အာ ... ဘုရားစူးပါရစေရဲ့ဗျာ၊ ဒီအထဲ မလာရဲပါ ဘူး ဆိုနေ"

နေရာတကာ ကြောက်ချေးပါတတ်သည့် သူ့တပည့်ရင် ဘာသာနှင့်သိန်းဆန်းတို့ကိုတော့ မေးစရာပင်မလိုတော့။

ကိုမြဆောင်မှာ တွေးရခက်သွားပြီး ဟာလာဟင်းလင် ဖြစ်နေသည့် ကျွန်းသေတ္တာကြီးအထဲသို့သာ ကြောင်စီစီဖြင့်





ကြည့်နေလိုက်မိတော့၏။

"ဘယ် ဘယ်လိုဖြစ်ပြီး အလောင်းကြီးက ပျောက်သွား ရပါလိမ့်"

"အဘွားကြီးက တကယ်မသေဘဲ မြောနေရာက ထ များ ထွက်သွားသလား ဆရာကိုမြဆောင်"

"မဖြစ်နိုင်တာဘဲ ဘာသာရယ်၊ ဒီသေတ္တာကြီးကို ငါ သေချာသောခုတ်ပိတ်ပြီး သော့ကို ငါ့ကိုယ်နဲ့မကွာ ထားခဲ့တာပဲ ဟာ"

"ဒါ ဒါဆို အလောင်းကြီးက သူ့ဘာသာ အလို အလျောက် ပျောက်သွားတာများလား၊ အလို ... ဒီသေတ္တာထဲ မှာ ပုတ်သင်ညိုအသေတစ်ကောင်ပါလား"

"ဟ ... ဒါ ဘာလဲ ဘာသဘောလဲ"

သူတို့ဆရာတပည့်အားလုံး ဦးနှောက်ခြောက်သွားကြ တော့၏။

ကိုမြဆောင်က ပုတ်သင်ညိုအသေကောင်လေးကို ကောက်ယူကာ လက်ဖဝါးပေါ်တင်ကြည့်နေစဉ်မှာပင် မောင်စိုးက သင်းပုတ်သင်ညိုလေးကို ထိတ်လန့်တကြားကြည့်ရင်း အထစ် ထစ် အငေါ့ငေါ့ဖြင့် ပြောလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါ နာ နာနာဘာဝအလောင်း နာနာဘာဝ အလောင်း"

"ဟ မောင်စိုး ... ဘာလဲကွ ... ဘာနာနာဘာဝ အလောင်းလဲ၊ မင်းဟာက ထစ်ခနဲရှိ နာနာဘာဝပဲ"

"ဟုတ် ဟုတ်တယ်ဆရာ ... ကျုပ်သိတယ်၊ အဲဒီ ပုတ်သင်ညိုအသေကောင်ဟာ အဘွားကြီးရဲ့အလောင်းပဲ၊ နာနာ ဘာဝဟာ အဘွားကြီးအယောင်ဆောင်ပြီး ညက ကျုပ်တို့ဆီ လာခဲ့တာဗျ၊ သူ သူက ကျုပ်တို့ကို သတ်ဖြတ်စားသောက်ဖို့ လာခဲ့တာဗျ၊ တကယ်လို့ ကျုပ်တိုအားလုံးသာ အိပ်ပျော်သွားကြ ရင် သူက ကျုပ်တို့ကို သတ်ဖြတ်စားသောက်တော့မှာ ... သိရဲ့ လား၊

ပြီးတော့ သူ့မှာ နာနာဘာဝအပေါင်းအပါတွေ ရှိဦးမှာ ကျုပ်တို့သာ သူ့လက်ခုပ်ထဲရောက်သွားရင် သူ့ရဲ့အပေါင်းအပါ နာနာဘာဝတွေပါ ထပ်ရောက်လာပြီး ဝိုင်းစားကြ သောက်ကြမှာ ဒါကြောင့် ဒီအရပ်ဒေသဟာ ဖုန်းဆိုးမြေဆိုပြီး ကျော်ကြားနေတာ ဗျ၊ ကိုဘသာတို့က ဒီအရပ်ဒေသကမဟုတ်ဘဲ အောက်ပြည် အောက်ရွာသားတွေဆိုတော့ အဲဒီအကြောင်းတွေ ဘယ်သိကြမှာ လဲ"





မောင်စိုး၏စကားကို ပါးစပ်အဟောင်းသားဖြင့် နား ထောင်နေကြရင်း အားလုံး၏မျက်လုံးအကြည့်က ပုတ်သင်ညို အသေကောင်လေးအပေါ်မှာသာ ရောက်ရှိနေကြလေသည်။

"ဘုရား ဘုရား ... မောင်စိုး ... မင်းပြောသလိုဆို ညက ငါတို့ကံကောင်းလို့ မသာမပေါ်တာပေါ့ ... ဟုတ်လား"

"ဟုတ်တယ် ... အဲဒီလိုအဖြစ်မျိုးတွေ ဒီဖုန်းဆိုးမြေမှာ ဖြစ်ဖူးတယ်ဗျ၊ ညက အဲဒီအဘွားကြီး ရွာပျောက်ကြီးဆီသွားဖို့ လာတယ်လို့ပြောကတည်းက ကျုပ်တို့ သတိပြုမိရမှာ အမှတ်တမဲ့ ဖြစ်သွားတယ်"

"ရွာပျောက်ကြီးဆိုတော့ ဘာဖြစ်လို့လဲကွ"

"ရွာပျောက်ကြီးဆိုတာ တကယ်လူနေတဲ့ရွာ မဟုတ်ဘူး ဗျ၊ ကျတ်တွေနေတဲ့ရွာ ... သိရဲ့လား"

"ဟာ ... ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ရွာပျောက်ကြီးဆိုတာ တကယ်မရှိဘူးပေါ့"

"ဘယ်ကရှိရမှာလဲ ဆရာကိုမြဆောင်ရဲ့"

"အင်း ... ဒါဆိုရင်တော့ မောင်စိုးပြောတာ ဖြစ်နိုင် တယ်၊ ညက အဘွားကြီးဟာ နာနာဘာဝကနေ လူယောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပြီး ရောက်လာတာဖြစ်မယ်၊ ဒါဟာလည်း နာနာဘာဝရဲ့ အလောင်းပဲဖြစ်မယ်၊ ကဲ ... ဒီတော့ ဒီပုတ်သင်ညိုကောင်ကို ဘယ်လိုလုပ်ကြမလဲ မောင်စိုး''

''ဒီအိမ်ကြီးရဲ့နောက်က ခြံထဲမှာ မြေမြှုပ်ပစ်ရမှာပဲပေါ့ ဆရာကိုမြဆောင်ရဲ့''

''ကဲ ... ဒါဆို လာကွာ၊ ခုပဲ သွားမြှုပ်ကြတာပေါ့၊ ဘာသာ ... သံတူရွင်းယူခဲ့ပေါ့''

ထို့နောက် သူတို့သည် အိမ်ကြီး၏နောက်ဖေးတံခါးပေါက်မှ ထွက်ခဲ့ကြကာ အိမ်နောက်ဘက် ဝါးနှစ်ပြန်ခန့်ရှိ ငှက်ပျောရိုင်းပင်အုပ်တို့ကြားမှ မြေကို ခပ်နက်နက်တူးကာ ပုတ်သင်ညိုကောင်ကို မြှုပ်နှံလိုက်ကြလေသည်။

မြေဖို့ပြီးနောက် သိန်းဆန်းက လက်နှစ်ဖက်ကိုပုတ်ခါရင်း ...

''အင်း ... ဘာပဲဖြစ်ဖြစ် မောင်စိုး လူသတ်မှုနဲ့ အဖမ်းမခံရတာတော့ ဝမ်းသာတယ်ကွာ၊ အဘွားကြီး တကယ်သေပြီးမင်းလည်း တကယ်အဖမ်းခံရတယ်ဆိုရင် ငါတို့အားလုံး စိတ်မကောင်းဖြစ်လို့ဆုံးမှာ မဟုတ်ဘူး''

''ဟုတ်တယ်ဗျာ ... ကျုပ်ဖြင့် ထောင်ထဲဝင်ရတော့





မယ်ဆိုပြီး တအားကြောက်နေတာဗျ၊ တော်ပါသေးရဲ့ဗျာ ... ခုမှ အိပ်မက်ဆိုးက လန့်နိုးသလို ခံစားရတယ်ဗျာ''

သို့ဖြင့် သူတို့သည် စိတ်လက်ပေါ့ပါးစွာဖြင့် အိမ်ကြီးဆီ ပြန်လျှောက်လှမ်းလာခဲ့ကြပြီး အိမ်ကြီးကို ပြုပြင်ခြင်းလုပ်ငန်း စတင်လုပ်ကိုင်ကြပါတော့၏။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်စံအိမ်

ကိုမြဆောင်တို့လူစုမှာ ဘောဂကြီးစံအိမ်ကြီးထဲမှ ပြုပြင် စရာရှိသည်တို့ကို ကြိုးစားပမ်းစား ပြုပြင်လျက်ရှိကြရာ ရှေ့နေ ကြီး ဦးလှဘူးက သုံးလေးရက်တစ်ခါဆိုသလို သူ၏ ဂျစ်ကားလေး ဖြင့် လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေး လေသည်။

ဘောဂကြီးစံအိမ်သို့ ရောက်ရောက်ချင်း ကြုံခဲ့ဖြစ်ခဲ့ရ သော ပြဿနာကို ဦးလှဘူးအား ပြန်ပြောမပြရန် ကိုမြဆောင်က မှာထားသဖြင့် မည်သူမျှ ပြန်ပြောမပြကြချေ။

အဘွားကြီး ပြဿနာကြုံပြီးနောက်ပိုင်းတွင်လည်း





ပြဿနာ ကြီးကြီးမားမား ထပ်မကြုံသဖြင့် ကိုမြဆောင်တို့လူစုမှာ ပြုပြင်ဖွယ်ရာအလုပ်တို့ကို ကောင်းစွာ လုပ်ဆောင်နိုင်ကြလေသည်။

သို့ဖြင့် တစ်ပတ်ကျော်ကျော်ခန့်ကြာပြီးနောက် အလုပ် များ လက်စသတ်ရန် သုံးလေးရက်အလိုမှာပင် ပြဿနာအသစ် တစ်ခု ထပ်ကြုံရတော့၏။

ထိုနေ့ညက ညစာစားသောက်ပြီး ချမ်းအေးလှသဖြင့် ထုံးစံအတိုင်း ဧည့်ခန်းကြီး၏အလယ်မှာပင် မီးလင်းဖို ဖိုကာ ဝိုင်းထိုင်လျက် ဆေးလိပ်သောက်ရင်း စကားစမြည်ပြောနေကြစဉ်

'ချလွင် ချလွင် ချလွင်'

''ဟာ ... ချူသံတွေပါလား''

မြင်းချူသံလိုလို အသံတွေကြားရပြီး လှည်းဘီးလည်သံ တကျွီကျွီကိုပါ ကြားရကာ ထိုအသံများမှာ အိမ်ကြီးဆီ ဦးတည် လာနေသည့်နှယ်။ အသံတို့ တဖြည်းဖြည်းနီးလာသဖြင့် ကိုမြ ဆောင်တို့လူစုမှာ အိမ်အဝဘက် မျက်နှာလှည့်ကာ နားစွင့် ထောင်နေလိုက်ကြတော့၏။

'ချလွင် ချလွင် ချလွင်'

'ခွပ် ခွပ် ခွပ် ခွပ်'

'ကျွီ ကျွီ ကျွီ'



www.burmeseclassic.com

www.burmeseclassic.com



ချူသံ၊ မြင်းခွာသံ လှည်းဘီးလည်သံများနှင့်အတူ . . .

"ကျွတ် ကျွတ် ကျွတ် ကျွတ်"

ရထားမောင်းသူ၏ စုတ်သပ်သံတို့ကိုပါ ကြားလိုက်ရပြီးနောက် ထိုအသံဗလံအားလုံးတို့သည် ဆင်ဝင်ကြီးအောက်တွင် တိတ်ဆိတ်သွားတော့၏။

ကိုမြဆောင်တို့ ဆရာတပည့်တစ်သိုက်မှာ ပိတ်ထားသည့် အိမ်ပေါက်ဝတံခါးချပ်ကြီးကို စူးစိုက်ကြည့်ရင်း တံခါးခေါက်သံကို နားစွင့်နေလိုက်ကြ၏။

သို့သော် အတန်ကြာသည်အထိ အိမ်အပြင်ဘက်မှ မည်သည့်လှုပ်ရှားသံမျှ မကြားရသောအခါ ကိုမြဆောင်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက် နားလည်ရခက်သလို ကြည့်လိုက်မိကြတော့၏။

"ဘယ်လိုလဲဟ . . . ဘယ်ကလူတွေလဲ မသိဘူး၊ မောင်စိုး . . . တံခါးသွားဖွင့်ကြည့်စမ်းကွာ"

မောင်စိုးလည်း ဆရာသမား၏အမိန့်အတိုင်း ထိုင်ရာမှထကာ အိမ်ပေါက်ဝဆီလျှောက်သွားပြီး ချက်ဖြုတ်လျက် တံခါးမကြီးကို ဖွင့်လိုက်လေသည်။

တံခါးချပ်ကြီးများ ပွင့်သွားသည်နှင့် စိမ့်အေးသော





ဆောင်းလေက ပြေးဝေ့ဝင်လာရာ ညှို့ခန်းဆောင်ကြီး၏ တိုင်တစ်တိုင်တွင် ချိတ်ဆွဲထားသော မှန်အိမ်မှ မီးညွန့်လေးပင် ဟုတ်ခနဲ ငြိမ်းသွားတော့မည့်နှယ် ယိမ်းနွဲ့သွားတော့သည်။

"ဟင်"

ဆင်ဝင်ဆောင်ကြီးအောက်တွင် မည်သည့်မြင်းရထားကိုမျှ မျှော်လင့်ထားသလိုမတွေ့ရသောအခါ မောင်စိုးမှာ သူ့မျက်လုံး သူ မယုံနိုင်အောင်ဖြစ်သွားပြီးမှ တစ်စုံတစ်ရာကို သတိရသွားရာ ခေါင်းမွေးများပါ ထောင်ထသွားတော့၏။

"ဟော့ကောင် မောင်စိုး . . . ဘယ်သူတွေလဲကွ"

ကိုမြဆောင်က ထိုင်ရာမထ၊ လှမ်းအော်မေးလိုက်ရာ မောင်စိုးမှာ ဆင်ဝင်ကြီး၏အနီးတစ်ဝိုက်သို့ ဟိုဟိုသည်သည် ပြူးတူးပြဲတဲ ကြည့်ရင်းမှ နောက်သို့လှည့်မကြည့်ဘဲ လက်နောက်ပြန်ခါပြနေတော့သည်။

"ဟ . . . ဒီကောင် ဘာလဲဟ"

ကိုမြဆောင်က စိတ်မရှည်တော့သဖြင့် ထိုင်ရာမှထပြီး အိမ်အဝဆီသို့ လျှောက်လှမ်းလာရာ ဘသာတို့ပါ ထလိုက်လာကြတော့၏။ သူတို့၏စိတ်ထဲတွင်လည်း တစ်ခုခုများ ဖြစ်နေသလားဟု တွေးမိသဖြင့် ထလိုက်လာကြခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဟေ့ကောင်မောင်စိုး"

"ဆရာ ဆရာ . . . ဒီမှာ ဘာမှမရှိဘူးဗျ"

"ဟေ"

ဆင်ဝင်ကြီးအောက်မှ ရှင်းလင်းနေသော မြင်ကွင်းကို နားမလည်နိုင်သလိုကြည့်ရင်း ဆရာတပည့်အားလုံးမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြတော့၏။

"ဟာ . . . ဘာမှလည်း မရှိပါလား၊ မြင်းရထား ဘယ်ရောက်သွားပါလိမ့်"

"ဟုတ်ပါရဲ့ . . . ရထားပြန်ထွက်သွားသံလည်း မကြားရပါလား"

"ကဲ ကဲ ဟေ့ကောင်မောင်စိုး . . . တံခါးပြန်ပိတ် ပြန်ပိတ်၊ ငါသိပြီ သိပြီ"

"ဘာသိတာလဲ ဆရာ"

"ဟေ့ကောင် ဘသာ . . . စကားရှည်မနေနဲ့၊ ပိတ်းကို ပိတ်လိုက်ကြကွာ၊ ချက်တွေ သေသေချာချာ ထိုးကြ၊ ပြီးမှ ငါပြောပြမယ်"

ထို့နောက် သူတို့လူစု မီးလင်းဖိုအနီးတွင် ပြန်လည်စုဝေးထိုင်မိကြတော့ရာ ကိုမြဆောင်က ဆေးပေါ့လိပ်ကို မီးညှိဖွာ





ရင်း ခပ်တိုးတိုး ပြောလိုက်သည်။

"စောစောက မြင်းရထားနဲ့လာတာ၊ လူတွေမဟုတ်ဘူးကွ၊ နာနာဘာဝတွေဖြစ်မယ်"

"ဟင်"

"ဘုရား ဘုရား . . . ဟုတ် ဟုတ်ရဲ့လား ဆရာ"

မောင်စိုးက ကိုမြဆောင်၏စကားကို ထောက်ခံသည်။

"ဆရာကိုမြဆောင်ပြောတာ ဖြစ်နိုင်တယ်၊ ကျုပ်လည်း ...ဲဒီလိုပဲထင်တယ်"

"နာ နာနာဘာဝတွေက မြင်းရထားနဲ့ လာပါ့မလား"

"ဟ ဘသာရ . . . အခုလာတဲ့ နာနာဘာဝတွေက ...အဆင့်မြင့်နာနာဘာဝတွေမို့ ဖြစ်မှာပေါ့ကွ"

"ဩော် သိန်းဆန်းရယ် . . . နာနာဘာဝမှာလည်း ...အလွှာအဆင့်အတန်းခွဲခြားမှု ရှိသတဲ့လားကွာ . . . ဟင်း ဟင်း"

"ဟေ့ကောင်တွေ . . . မင်းတို့ ရယ်စရာလုပ်မနေနဲ့၊ ...ဒီ ဆင်ဝင်အောက်ကို မြင်းရထားမောင်းဝင်လာသံ သေသေချာ...ချာ အားလုံးကြားလိုက်ပါလျက်နဲ့ ပြန်ထွက်သွားသံလည်း မကြား...ရဘဲ စက္ကန့်ပိုင်းအတွင်းပျောက်သွားတာ အတော်ထူးခြားတဲ့...ဖြစ်စဉ်ပဲကွ၊ ဒါဟာ ငါတို့ သတိထားသင့်တဲ့ကိစ္စပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာကိုမြဆောင်၊ အဆင့်မြင့်တဲ့ နာန ဘာဝတွေဟာ နတ်ဒေဝတာတစ်မျိုး၊ နတ်ဆိုးတစ်မျိုးလို့ ကျုပ် အဘိုး ပြောဖူးတယ်ဗျ၊ သူတို့မှာ ကမ္မဖိဒ္ဓိရှိပြီး လူသားတွေ ကောင်းကောင်းကြီး ဒုက္ခပေးနိုင်တယ်တဲ့ဗျ . . .၊

အခုဆို ဒီအိမ်ကြီးနဲ့ပတ်ဝန်းကျင်မှာ နာနာဘာဝ ရှိနေတာ သေချာသလောက်ပဲဗျ၊ ကျုပ်တို့ ကောင်းကောင်းကြ သတိထားရမယ်"

"ကဲ ကဲ ဟော့ကောင်တွေ . . . မြန်မြန်အထဲပြန်ဝင် တံခါးပိတ်၊ တံခါးပိတ်"

ကိုမြဆောင်က ဆော်သြပြီး အားလုံးကို အိမ်ထဲပြန် စေ၏။ သိန်းသန်းနှင့် ဘသာတို့က တံခါးချက်ကို ပြန်ထိုးလို ကြသည်။

သူတို့အားလုံး မီးဖိုနံဘေးတွင် ပြန်ထိုင်မိကြလျှင် ကို ဆောင်က အမိန့်ထုတ်လေသည်။

"ဟော့ကောင်တွေ . . . မင်းတို့သုံးယောက်လုံးကို ငါမ ထားမယ် . . . ဒီညကစပြီး နောက်ညတွေမှာပါ ဘယ်သူ တံခါးလာဖွင့်ခိုင်းခိုင်း မဖွင့်ပေးကြနဲ့၊ အိမ်အပြင်ဘက်က ဘာသံပဲကြားကြား တံခါးဖွင့်မကြည့်ကြနဲ့ . . . ကြားလား"





"ဟုတ်ကဲ့ . . . ဒါထက် နေ့ပိုင်းကျရင်ရော ဆရာ ကိုမြ ဆောင်"

"နေ့ဘက်ကတော့ ပြဿနာရှိပုံမရဘူးကွ၊ ခုဆို ည ဘက်မှာ ငါတို့ကိုဒုက္ခလာပေးတာ နှစ်ကြိမ်ရှိပြီ၊ ဒါကြောင့် ည ဘက်မှာ သတိထားဖို့ပြောရတာ"

မောင်စိုးက ဆေးပေါ့လိပ်တိုကို မီးလင်းဖိုမှထင်းမီးစဖြင့် ညှိကာ ဖွာရှိုက်လိုက်ပြီးနောက် ချင့်ချိန်သောလေသံဖြင့်ပြော၏။

"တစ်ခုရှိတယ် ဆရာကိုမြဆောင်ရဲ့ . . . နာနာဘာဝ တွေဟာ လူသားတွေထက် မာယာများတတ်တယ်လို့ အဘိုးပြော ဖူးတယ်၊ ကျုပ်တို့ ဘယ်လောက်သတိထားထား တစ်ချိန်ချိန်မှာ အငိုက်မိသွားမှာစိုးရတယ်၊ ဒါကြောင့်"

"ဒါကြောင့် ဘာဖြစ်သလဲ မောင်စိုး"

"ဒီနယ်တစ်ဝိုက်မှာ နာမည်ကြီးတဲ့ ဆရာမကြီးဒေါ်ဖွား သူကို သွားပင့်ပြီး နာနာဘာဝတွေက ကျုပ်တို့ကို ဒုက္ခမပေး အောင် အကာအကွယ်လုပ်ပေးဖို့ အကူအညီတောင်းရရင် ကောင်းမယ်ဗျ"

"ဆရာမကြီးဒေါ်ဖွားသူ . . . ဟုတ်လား၊ သူက ဘာ ဆရာမကြီးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဖွားဆူက ပယောဂတွေဘာတွေ ကုတဲ့ဆရာမကြီး ဗျ။ စုန်းတိုက်, နတ်တိုက်တွေလည်း နိုင်နင်းတယ်လို့ကြားဖူး တယ်၊ သရဲပူးတာတွေ, ဖုတ်ထုတ်တာတွေကအစ ရတယ်တဲ့ ငန်းဖွန်ရွာမှာ နေတယ်တဲ့ဗျ။ အဲဒီဆရာမကြီးကို ပင့်ပြီး ဒီမှာ သောင်းကျန်းနေတဲ့ နာနာဘာဝတွေကို နှိမ်နင်းသင့်တယ် ဆရာ ကိုမြဆောင်"

မောင်စိုး၏စကားကြောင့် ကိုမြဆောင် တွေဝေသွား သည်။

"အင်း . . . ငါတို့ဟာ ဒီအိမ်ကြီးကို လက်စသတ်ပြုပြင် ဖို့ လေးငါးရက်လောက်လိုသေးတယ်၊ ဆရာဦးလှဘူးကလည်း လက်ခံထားတဲ့အမှုတစ်ခုအတွက် မန္တလေးကိုသွားမယ်လို့ ပြော သွားတယ်၊ ဒါကြောင့် ဒီရက်ပိုင်းအတွင်း ဒီကို ရောက်တော် မလာနိုင်ဘူး၊ ငါတို့ဟာ လူသူဝေးတဲ့ဒီဒေသမှာ အားလုံးနဲ့ကင်း ကွာပြီး ထီးထီးချည်းနေသလို ဖြစ်နေတယ်၊ အရေးအကြောင်းရှိ လို့မှ အားကိုးရာရဖို့ မလွယ်ဘူး။ ဒီတော့ မင်းပြောတဲ့ ဒေါ်ဖွားဆူ ကိုပဲ အားကိုးရမလိုဖြစ်နေပြီ မောင်စိုး၊ အဲဒီဆရာမကြီးကို သွား ပင့်ချေကွာ၊ ငန်းဖွန်ရွာက ဒီကနေဝေးသလား"

"နှစ်မိုင်လောက်ပဲ ဝေးမယ် အစ်ကိုမြဆောင်"





"ဒါဆို မင်းမနက်ကျရင် သွားပင့်ကွာ၊ စက်ဘီးနဲ့သွား။ ဆရာမကြီးကို အကျိုးအကြောင်းပြောပြပြီး အစီအမံပြုလုပ်ဖို့အ အတွက် လိုအပ်တာတွေပါ ဝယ်ခဲ့၊ ငါ ပိုက်ဆံပေးလိုက်မယ် ဟုတ်လား"

"ဟုတ်ကဲ့"

ဤစံအိမ်ကြီး၏ ဘေးဘက်ရှိ ကားဂိုထောင်ထဲတွင် စက်ဘီးနှစ်စီးကို တွေ့ထားသဖြင့် ဟိုနားသည်နား သွားဖို့ရာ အဆင်ပြေနေသည်။

"ကဲ ကဲ . . . အိပ်ကြရအောင်၊ အိပ်ခါနီးဘုရားဝတ်ပြုပြီး အိပ်ကြကွာ၊ သတိဝီရိယလည်းထားပြီး နိုးနိုးကြားကြားအိပ်ကြ"

"ဟုတ်ကဲ့"

သို့ဖြင့် သူတို့ ဘုရားကိုယ်စီဝတ်ပြုပြီး အိပ်ရာထက် လှဲလိုက်ကြသည်။

ညဥ့်အတော်နက်လာပြီမို့ ပြင်ပ၌ အတော်အေးစိမ့်လာပြီ ဖြစ်၏။ သူတို့အိမ်ထဲတွင်မူ မီးလင်းဖို၏အနွေးဓာတ်ကြောင့် နွေး ထွေးစွာ အိပ်စက်ခွင့်ရကြသည်။ ထို့ကြောင့်လည်း သိန်းဆန်းမှ လွဲ၍ ကျန်လူများ အိပ်ပျော်သွားကြတော့၏။

သိန်းဆန်းမှာမူ ဟိုတွေးသည်တွေးဖြင့် မျက်စိကြောင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ မောင်စိုးက ပယောဂကုဆရာမကြီးအကြောင်းပြောမှ သူငယ်စဉ်ကတည်းက လည်ပင်းမှာ ငွေကြိုးလေးဖြင့် ဆွဲထားခဲ့သော ငွေကြုတ်လေးကို သတိရကာ အင်္ကျီရင်ဘတ်ကြားမှ ဆွဲထုတ်ကြည့်နေမိ၏။

ယင်းငွေကြုတ်လေးကို ကွယ်လွန်သူ သူ့အဘွားက ဆွဲ ပေးခဲ့ခြင်းဖြစ်သည်။

"ဒီငွေကြုတ်လေးထဲမှာ အဆောင်အင်း စမကြေးပြား လိပ်ကလေးပါတယ်ကွဲ့၊ မကောင်းဆိုးဝါး၊ နာနာဘာဝတွေရဲ့ ရန်က အကာအကွယ်ရစေဖို့ မချွတ်စတမ်း ဆွဲထားနော်၊ တန်ခိုး သိဒ္ဓိရှိတဲ့ အင်းပြားလေးပါတာမို့ အိမ်အောက်တို့၊ ဘာတို့၊ ထဘီ ကြိုးတန်းအောက်တို့ မဝင်မိစေနဲ့နော်၊ ဘုန်းနိမ့်ပြီး အင်းရဲ့တန်ခိုး မှေးမှိန်သွားလိမ့်မယ်"

ထိုစဉ်က သိန်းဆန်း ခုနစ်နှစ်သားအရွယ်တွင် အထပ်ထပ် မှာကြားသတိပေးပြီး အဘွားက ဆွဲပေးခဲ့သော်လည်း ကလေးအရွယ်ပီပီ ကမြင်းကြောလွန်စွာထသော သိန်းဆန်းမှာ သူငယ်ချင်းများနှင့် လိုက်တမ်းပြေးတမ်းကစားရင်း သူတစ်ပါး အိမ်အောက်တို့ထဲသို့လည်း မရေမတွက်နိုင်အောင် ဝင်မိခဲ့သည်။ တူတူပုန်းတမ်းကစားရင်း၊ သူခိုးပုလိပ်ဖမ်းတမ်းကစားရင်း အိမ်





ကြိုအိမ်ကြား နောက်ဖေးဘက်များပါမကျန် ပြေးကြလွှားကြရင်း ထဘီတန်းသော ဘာသောမရှောင် ငုံ့ငုံ့ ပြေးလွှားခဲ့သည်သာ။

ထို့ကြောင့် အဘွားဆွဲပေးခဲ့သည့် အဆောင်အင်းပြား လေးမှာ တန်ခိုးသိဒ္ဓိများ လျော့နည်းကင်းပကုန်ပြီလား မသိနိုင် ချေ။

ငယ်စဉ်က မဆင်ခြင်ခဲ့မှုများကြောင့် ယခုလို အရေးဟယ် အကြောင်းရယ် ကြုံလာချိန်တွင် အင်းကြုတ်လေးကို သတိတရဖြစ်မိသည့်တိုင် အားကိုး၍ရ,မရ မသေချာတော့ချေ။

"ဘုရား ဘုရား ...ခုအချိန်များ မကောင်းဆိုးဝါး နာနာဘာဝတွေနဲ့ တွေ့ရင် အကာအကွယ်ရဖို့ လမ်းမမြင်ဘူး၊ ဘုရား ကယ်ပါ"

ထိုစဉ် ...

'ဝူး အူ အူ အူ'

အဝေးတောစပ်ဘက်ဆီမှ တောခွေးအူသံများ ခပ်သဲ့သဲ့ ထွက်ပေါ်လာရာ နဂိုကပင် ချောက်ချားတုန်လှုပ်နေသည့် သိန်း ဆန်းမှာ တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားရလေသည်။

'ကျွီ ကျွီ ကျွီ'

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကြားလိုက်ရသည့် လေကားကြီးဆီမှ ခြေသံ
တို့ကြောင့် သိန်းဆန်းမှာ ခေါင်းနားပန်းကြီးသွားပြီး စောင်ကို
ခေါင်းမြီးခြုံလိုက်လျက် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေတော့
၏။

'ကျွီ ကျွီ ကျွီ'

'ဖရော ဖရော ဖရော'

သည်တစ်ခါ တကျွီကျွီမြည်သံက လေကားကြီးမှ တစ်
တစ်ဦးဆင်းလာသဖြင့် လေကားထစ်ပျဉ်ချပ်တို့၏ တကျွီကျွီမြည်
သံမျိုး မဟုတ်၊ ကြွက်ငယ်တို့၏ အလန့်တထိတ်အော်မြည်သံမျ
သာ ဖြစ်လေသည်။

တဖျော့ဖျော့ အသံတို့ကလည်း ကြွက်ငယ်တို့၏ ပြေး
လွှားသံသာ ဖြစ်ပါ၏။ ထိုစဉ် ...

'ဝုန်း ဝုန်း ဝုန်း'

'ကျွီ ကျွီ ကျွီ'

အော်မြည်သံများ ဆူညံသွားပြီး ...

'ဝုန်း'

"အောင်မယ်လေးဗျ"

သူ့ကိုယ်ပေါ်သို့ လေးလံလှသော တစ်စုံတစ်ဦး ခုန်အုပ်





လာသဖြင့် ငယ်သံပါအောင် သိန်းဆန်း၏အော်ဟစ်သံက
ညှော်ခန်းဆောင်ကြီးထဲတွင် ပဲ့တင်ထပ်မြည်ဟိန်းသွားပါတော့
သတည်း။

❋

"ဟား ဟား ဟား ... ကိုယ့်အပေါ် ကြောင်ခုန်ချတာပဲ
ဒီလောက်တောင် အသည်းငယ်ရသလား သိန်းဆန်းရယ်၊ မင်း
အလန့်တကြား ထအော်လိုက်သံက ကမ္ဘာပျက်သလားမှတ်ရ
တယ် ... ဟား ဟား ဟား"

"ဟ ... ငါက ကြောင်မှန်း ဘယ်သိပ့်မလဲ ဘသာရဲ့
ငါ့ရဲ့ကိုယ်ပေါ် ခုန်ချတာများ နည်းတဲ့အလေးချိန် မဟုတ်ဘူး၊
ငါက နာနာဘာဝကောင်ကြီးတော့ ခုန်အုပ်ပြီးထင်ပြီး ကြောက်
အားလန့်အား အော်လိုက်မိတာပဲဟေ့"

"အေး ... ဟုတ်လောက်တယ်ကွ၊ ကြောင်ကြီးက
လည်း နည်းတဲ့ကောင်ကြီး မဟုတ်ဘူး၊ ငါအိပ်မောကျနေတုန်း
သိန်းဆန်းရဲ့အော်သံကြီးကြောင့် လန့်နိုးပြီးကြည့်လိုက်တော့ သိန်း



www.burmeseclassic.com

www.burmeseclassic.com



ဆန်းရဲ့ ကျောပေါ်က ကြောင်ကြီးကွာ . . . နည်းတဲ့ကောင်ကြီး မဟုတ်ဘူး၊ ဒီလောက်ကြီးတဲ့ကြောင်မျိုး မတွေ့ဖူးဘူး''

''ဟုတ်တယ် ဆရာကိုမြဆောင်ရဲ့ . . . ကြောင်ကြီးရဲ့ တစ်ကိုယ်လုံးကလည်း နက်မှောင်နေတာပဲနော်''

ဤတွင် တစ်ချိန်လုံး ငြိမ်လျက်နားထောင်နေသည့် မောင်စိုးက သူ့ထင်မြင်ချက်ကို အောက်ဖော်ပြပါအတိုင်း ဝင်ပြော လိုက်တော့သည်။

''နာနာဘာဝတွေဟာ တိရစ္ဆာန်အဖြစ် ဟန်ဆောင်တဲ့ အခါ အနက်ရောင်, အမည်းရောင်တွေ ဆောင်လေ့ရှိတယ်ဗျ . . . ကျုပ်ရဲ့အဘိုး ပြောဖူးတယ်၊ ဆရာမကြီးဒေါ်ဖွားဆူ လာမှပဲ ဒါတွေ ကင်းပသွားမှာပါ''

❊ ❊ ❊



# အခန်း (၂)

## အစီအမံပြုလုပ်ခြင်း

## အမှောင့်ပယောဂများ

## မရဏာညသန်းခေါင်ယံ

## သေသူမှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)



## အစီအမံပြုလုပ်ခြင်း

နောက်နေ့မနက် နေအတော်မြင့်မှ ပယောဂဆရာမကြီး ဒေါ်ဖွားဆူသည် မြင်းလှည်းတစ်စီးဖြင့် ဘောဂကြီးစံအိမ်သို့ ရောက်ရှိလာလေသည်။ အစီအမံအတွက် ပွဲထိုးရန်ထင်သည့် အုန်းသီးငှက်ပျောသီးတို့ပါ ပါလာ၏။

ရောက်ရောက်ချင်းမှာပင် ဆရာမကြီးဒေါ်ဖွားဆူအား ကိုမြဆောင်တို့က ဘောဂကြီးစံအိမ်သို့ ရောက်စမှစ၍ ဖြစ်ပျက်ကြုံတွေ့ရသည် ထူးခြားသောဖြစ်ရပ်တို့ကို ခရာစေ့တွင်းကျ ပြောပြကြရာ ဆရာမကြီးဒေါ်ဖွားဆူက သေသေချာချာ နားစိုက်ထောင်ပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒီဒေသဟာ ဖုန်းဆိုးမြေ, ကျတ်ကုန်းဒေသ တစ်ခုပဲကွဲ့၊ ရှေးတုန်းကတော့ စလင်းချောင်းကိုအမှီပြုပြီး ဒီဒေသမှာ စိုက်ပျိုးမြေတွေ ဖြစ်ထွန်းခဲ့တယ်၊ ရောင်းရေးဝယ်တာတွေ တအားကောင်းခဲ့တယ်ကွဲ့၊ ဒါကြောင့်လည်း ဒီဒေသတစ်ဝိုက်က ရွာကြီးတွေဟာ အင်မတန် စည်ကားခဲ့တယ် ...၊

လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်ကတော့ ပလိပ်ရောဂါနှိပ်စက်လို့ ရွာတွေပျက်ပြီး ဖုန်းဆိုးမြေဖြစ်ခဲ့ရတယ်၊ ရွာလုံးကျွတ် သေကျေခဲ့တဲ့ ပခမ်းမိုးရွာဆို တစ်ရွာလုံး ကျတ်ဖြစ်ပြီး ရွာပျောက်ကြီးလို့ ထင်ရှားလာခဲ့တယ်ကွဲ့ ...၊

ဟောဒီ ဘောဂကြီးစံအိမ်တည်ရှိရာ မင်းမခကုန်းမှာလည်း ကြာမှိုင်းကြီးရွာဆိုတာ ရှိခဲ့တယ်၊ ရွာပျက်သွားတော့ ဒီဘောဂကြီးစံအိမ်ပဲ အထီးထီးကျန်ခဲ့တာကွဲ့၊ ဒါကြောင့် ဒီစံအိမ်ကြီးနဲ့ ဒီဒေသတစ်ဝိုက်မှာ နာနာဘာဝတွေ, ပရလောကသားတွေ ကျက်စားနေကြတာဟာ မဆန်းဘူး ...၊

အင်း ... ဒါကလည်း သေသွားတဲ့ ရွာသူရွာသားတွေကို ဒီနားပတ်ဝန်းကျင်မှာပဲ ဖြစ်သလို မြှုပ်နှံခဲ့ကြရတာကိုး"

ဟု မှတ်ချက်စကားဆိုလေသည်။ ကိုမြဆောင်က သူသိလိုရာကို အဓိကထားမေးလိုက်၏။





"ကျွန်တော်တို့အဖွဲ့ကလည်း အလုပ်လက်စသတ်ဖို့ ရက်နည်းနည်းလိုသေးတယ် ခင်ဗျ၊ အလုပ်မပြီးခင် အနှောင့်အယှက် ကြီးကြီးမားမား ကြုံရမှာကို စိုးရိမ်မိတယ်၊ ဒါထက် ဒီစံအိမ်ကြီးမှာ ပလိပ်ရောဂါကပ်ကြီးကျရောက်ပြီးနောက်မှာရော လူတွေနေသေးသလား ဆရာမကြီး"

"အင်း ... ကျုပ်က ဒီနယ်တစ်ဝိုက်ကရွာတွေဘက် တစ်နှစ်ကို တစ်ခါနှစ်ခါလောက် ရောက်တတ်တော့ ဒီဘောဂကြီးစံအိမ်အကြောင်း သိနေတယ်၊ ပလိပ်ရောဂါကြီးကြောင့် လူတွေသေကျေပြီး ဒီစံအိမ်ကြီးရဲ့ပိုင်ရှင်မိသားစုတွေပါ မကွေးဘက်ပြောင်းပြေးတာမှာ နှစ်အတော်ကြီးကိုကြာတယ်၊ နေမယ့်သူမဲ့နေခဲ့တာ ...၊

နောက်မှ ဒီစံအိမ်ကြီးကို အမွေဆက်ခံတဲ့ စက်ပိုင်သူဌေး ဦးအောင်မြတ်ဟာ ဒီစံအိမ်ဆီရောက်လာပြီး စံအိမ်ကြီးကို သန့်ရှင်းပြုပြင်ခဲ့တယ်၊ အိမ်ပြုပြင်ပြီးတော့ ဦးအောင်မြတ်မိသားစု လေးငါးနှစ်လောက် လာနေသေးတယ်၊ နောက်တော့ ဦးအောင်မြတ်တို့ရဲ့ ဆီစက်,ဆန်စက်တွေရှိရာ ဆင်ဖြူကျွန်းဘက် ပြောင်းသွားကြတယ်၊ ဒီအိမ်ကြီးကိုတော့ ပိတ်ထားပြီး အစိုးရအရာရှိမိသားစုတွေ ပြောင်းလာတဲ့အခါ ငှားတယ်၊ ဘိုတဲအဖြစ် သုံးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါ သုံးတယ် ...၊

နောက်ဆုံးနေခဲ့တာကတော့ သစ်တောဝန်ထောက်မင်း ဦးကြည်စိုးဟန်နဲ့ သူ့ရဲ့မိန်းမ ဝန်ကတော်မြကြာဖြူတို့ လင်မယား ပဲကွဲ့၊ ဝန်ကတော် မြကြာဖြူဟာ လင်မယားချင်း အဆင်မပြေမှု ကြောင့် ဒီစံအိမ်ကြီးရဲ့ ဆင်ဝင်အပေါ် ဝရန်တာကနေ ခုန်ချပြီး သူ့ကိုယ်သူ သတ်သေသွားခဲ့တယ်၊ အဲဒီနောက်ပိုင်းမှာတော့ ဒီစံအိမ်ကြီးမှာ နေထိုင်သူမရှိတော့ဘူးကွဲ့၊ ခုထိဆို လူသူမနေဘဲ ပစ်ထားတာ နှစ်နှစ်လောက်ရှိရော့မယ် ...၊

အင်း ...နယ်မြေကလည်းကြမ်းတော့ ဒီလို နှစ်ရှ ချီအောင် လူသူမနေတဲ့အိမ်မျိုးမှာ နာနာဘာဝတွေ ခိုအောင်းနေ တတ်တာဟာ မဆန်းဘူးလို့ ဆိုရမှာပေါ့ကွယ်''

''ဟုတ်ပါတယ် ဆရာမကြီး ... ဒါကြောင့်မို့ ကျွန်တော် တို့ကို အဲဒီ နာနာဘာဝတွေ မနှောင့်ယှက်နိုင်အောင်, အန္တရာယ် မပြုနိုင်အောင် အစီအမံတွေ ပြုလုပ်ပေးပါခင်ဗျာ''

''ကောင်းပြီလေ ...ပြုလုပ်ပေးရတာပ''

ဆရာမကြီးဒေါ်ဖွားဆူက ပြောပြောဆိုဆိုဖြင့် သူစလွယ် သိုင်းလွယ်ထားသော ယောဂီရောင် အဝတ်လွယ်အိတ်ထဲမှ ဝါဆို ဖယောင်းတိုင် အငယ်စားသုံးတိုင်နှင့် နှစ်လက်မပတ်လည် လော





တောင့် မိုင်းကိုင်စက္ကူစများ၊ ဘန်ချည်ကြိုးအပိုင်းအစများကို ထုတ်ယူလိုက်လေသည်။

မိုင်းကိုင်စက္ကူတို့တွင် ၈–၈–၀–၀ အင်းဆံများရေးသွင်း ထားသည့် အင်းကွက်များပါသလို အင်းကွက်များတွင် ဂဏန်း များ ရေးသွင်းထားသည့် စမများလည်း ပါဝင်လေ၏။

ဆရာမကြီး ဒေါ်ဖွားဆူက အင်းတစ်ရွက်ကိုယူကာ ဖယောင်းတိုင်တစ်တိုင်တွင် ပတ်လိပ်လိုက်ပြီး ဘန်ချည်ကြိုးဖြင့် ချည်ထားလိုက်၏။

နောက် စမတစ်ရွက်ကိုလည်း ဖယောင်းတိုင်တစ်တိုင် တွင် ပတ်လိပ်လိုက်ပြီး ဘန်ချည်ကြိုးဖြင့် ချည်လေ၏။

ကျန်ရှိသည့် ဝါဆိုဖယောင်းတိုင်တွင်မူ အင်းတစ်ရွက် စမတစ်ရွက် ထပ်ကာပတ်လိုက်ပြီး ဘန်ချည်ကြိုးဖြင့် ချည်လိုက် လေသည်။

ထို့နောက် ဖလုံတစ်လုံးကိုတောင်းပြီး အုန်းသီး၊ ငှက်ပျော ဖီးတို့ကို ရေဆေးခိုင်းကာ အုန်းပွဲ၊ ငှက်ပျောပွဲပြင်လေ၏။ သပြေ ခက်တို့ကို ထိုးလေ၏။ နံ့သာရည်သွေးကာ ဖျန်းပက်လေ၏။

''ကဲ ...ဘုရားခန်းဘယ်မှာလဲ၊ ဘုရားခန်းကိုသွားရ အောင်''



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားခန်းကတော့ အိမ်ပေါ်ထပ်မှာပါ ဆရာမကြီး၊ ဘုရားစင်တော့ မရှိပါဘူး၊ ဘုရားလည်းမရှိပါဘူး"

"အင်းပေါ့လေ ... နှစ်တော်တော်ကြီးကြာအောင် အစဉ်အဆက်က ဘိုကပြားအရာရှိတွေ ဘိုတဲအဖြစ် အသုံးပြုခဲ့တဲ့ အပြင် နောက်ဆုံးနေထိုင်ခဲ့တဲ့ ဝန်ထောက်မင်းရဲ့မယားကလည်း ဘိုဆန်လွန်းသူဆိုတော့ ဘုရားစင်ရော, ဘုရားရော ဘယ်ရှိပါ့ မလဲ၊ ဘာပဲဖြစ်ဖြစ် အဲဒီဘုရားခန်းမှာပဲ ပွဲထိုးပွဲတင်ရမယ်ကွဲ့"

"ဟုတ်ကဲ့ ... ဒါဆို အပေါ်ထပ်တက်ကြရအောင်ပါ ခင်ဗျ"

သို့ဖြင့် ဆရာမကြီးဒေါ်ဖွားဆူအား ပင့်ဆောင်ကာ ကိုမြ ဆောင်တို့အားလုံး စံအိမ်ကြီး၏အပေါ်ထပ်သို့ တက်ခဲ့ကြလေ သည်။

ဘုရားခန်းမှာ စံအိမ်ကြီး၏အပေါ်ထပ် အိမ်ရှေ့ပိုင်း စင်္ကြံ လမ်း၏ ထိပ်ဆုံးမှာရှိ၏။

ဘုရားခန်းထဲ၌ ဘုရားဆင်းတုတော်မပြောနှင့် ပလ္လင် တံကဲပင်မရှိ။

မည်သို့ဖြစ်စေ ဆရာမကြီးဒေါ်ဖွားဆူက ခွေးခြေခုံ တစ်လုံးပေါ်တွင် အုန်းပွဲ၊ ငှက်ပျောပွဲကို တင်ပြီး အင်း၊ စမတို့





ပတ်ချည်ထားသည့် ဖယောင်းတိုင်ကို အုန်းသီးပေါ်တွင် စိုက်ကာ မီးထွန်းညှိလိုက်၏။

ကျန် အင်း၊ စမ၊ ဖယောင်းတိုင်နှစ်တိုင်ကို ငှက်ပျောသီး နှင့် အုန်းသီးတို့အကြား၌ ထိုးထည့်လိုက်၏။

ယင်းနောက် အမွှေးတိုင်တို့ကို မီးညှိလိုက်၏။

"ကဲ ... လာ ... မင်းတို့လေးယောက်စလုံး ဒီနေရာ မှာ ထိုင်၊ ဘုရားကို အာရုံပြုပြီး ဦးသုံးကြိမ်ချကန်တော့၊ သရဏဂုံ သုံးပါး ရွတ်ဆိုဆောက်တည်ကြ"

ကိုမြဆောင်တို့မှာ ဆရာမကြီးဒေါ်ဖွားဆူ၏ အမိန့် အတိုင်း တစ်သဝေမတိမ်း နာခံကြရလေသည်။

ဆရာမကြီးဒေါ်ဖွားဆူက မတ်တတ်ရပ်လျက် လက်အုပ် ချီကာ ဘုရားကို ရည်မှန်းကန်တော့လိုက်ပြီးနောက် လက်ကိုင် ပါသော ကြေးခွက်လေးထဲမှ လော်ပံကိုမီးညှိကာ ထောင်းထောင်း ထလာသည့် အခိုးအငွေ့တို့အား အခန်းအနှံ့ မှုတ်ထုတ်ပျံ့နှံ့စေ ပြီးနောက် ဒွာန်၊ မာန်အပြည့်ဖြင့် ကျယ်လောင်စွာ စတင် ရွတ် ဖတ်တော့၏။

"သိကြားမြဟ္မာ၊ လောကပါလ နတ်ဒေဝတာအပေါင်း တို့နှင့်တကွ အင်းဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ ဝိဇ္ဇာ



www.burmeseclassic.com

www.burmeseclassic.com



ရှစ်သောင်း အထက်ဆရာအပေါင်းတို့အား တိုင်တည်ထား၍
၍ ဘေးကင်းရန်ရှင်းပွဲအား ကျွန်ုပ် ဆရာမဖွားဆူမှ အစ်ပါ၏
အတည်တည်အရပ်ရပ် သတ္တရဘဏ်သီတာ၊ လေးဖြာ
ဒီပရာဇ်၊ ရန်စစ်တစ်ထောင်၊ ကျွန်းများဘောင်တွင်၊ တောတောင်
ရေမြေ စိုးလေသမျှ၊ ရုက္ခဒေဝါ၊ အာကာသစိုး၊ ဗိဿာနိုးနှင့်
တန်ခိုးကြီးခြင်း၊ နတ်မင်း၊ နတ်သမီးနှင့်တကွ ကာကနီလေးဖော်
ဖော်ဂနီလေးထွေ၊ တစ္ဆေမြေဘုတ်ဘီလူး၊ စုန်းဘုတ် အယုတ်
မိစ္ဆာ၊ သမ္မာမကြွင်း၊ ခပင်းများစွာ၊ သိဒ္ဓိရှင်တကာတို့ နားနာလင့်
ကုန် ...။

သုံးဘုံလူတွင် ဖက်မမြင်သည့် သမ္မာသမ္ဗုဒ္ဓေါ တိလော
ကရာဇာ မိန့်မှာပိုင်းခြား ထားတော်မူသည်မှစ၍ ပြည်ဝေသာလီ
လိစ္ဆဝီတိုင်းတွင် အရိုင်းသဘက်နှင့် သုံးချက်သော ဘေးဒဏ်ကို
ညီအောင် အာနန်အား၊ သင်ကြားပြသ၍ ရတနာသုတ်ပရိတ်
တော်ကို ပျော်ပျော်ရွတ် စီးဖြန်းလျှင် အကြွမ်းသရဲတို့ ပြေးလွှဲ
လွင့်ပျောက်၊ ကြောက်ရွံ့လန့်ပုန်း၊ သေဆုံးမတတ် မိစ္ဆာနတ်တို့
ဥပဒ်ရောက်ကြွဖူးလေသည် ...။

ဝေသာလီခေါ်ငြား၊ မာရ်နတ်သားလည်း၊ လေးပါးသော
စစ်သည်၊ ဝန်းလည်ရန်ထောင်၊ မိုးသောက်အောင်လျှင်၊ တစ်





ထောင်လက်ရုန်း၊ ခြိမ့်အုန်းဖန်ဆင်း၊ လက်နက်သွင်းပြီးလျှင်
ရှုပလ္လင်ကို၊ လိုချင်ဘိငြား၊ လုမိမှားရှာ၍၊ စကြာရဟတ် အရပ်
တည်၊ မိမိပြည်သို့ ပြန်လည်ထွက်ပြေး၊ သေဘေးရောက်လုနီး
သည် ...။

ဂုဏ်တော်ကိုးတန်၊ ရောင်လျှံခြောက်သွယ်၊ သုံးဆယ့်
စ်ဖြာ လက္ခဏာနှင့် ရာဇာဓိပတိ၊ မုနိထွက်တင်းဘုရားရှင်ကို၊
တ်တွင်မလျော့၊ ယသော်မောင်ရင်း၊ မျိုးချင်းမစပ်၊ ဒေဝဒတ်
ည်း ပြုလတ်မိငြား၊ စော်ကားကျူးလွန် မကောင်းဝန်နှင့်
လွန်အံ့အဲ၊ မြေကခွဲ၍ မျိုခဲ့လေသည် ...။

ဝေမည်အမျှ၊ ရကြွစေကြောင်း၊ အောင်ဖေယျတု၊
အောင်ဖေယျတု၊ အောင်ဖေယျတု၊ အောင်ဆုမင်္ဂလာ အောင်မြင်
အဖြာဖြာဖြင့် ဤဘဒ္ဒကမ္ဘာတွင် မြတ်စွာလေးဆူ ပွင့်တော်မူ
ူးသကာလ လူနတ်ပြဟ္မာ၊ သတ္တဝါတို့၏ အချာမှန်ကင်း၊ မင်း
င်းတကာ၊ နိုင်းရာမဲ့တုံ၊ ဘကဝန္တု၊ စတုဗုဒ္ဓေါ၊ ဓမ္မောသံဃာ၊
ဏ်ကိုးဖြာနှင့် ဝန္ဒနာပဏာမ၊ ဦးသုံးကြိမ်ချလျက် ဘုရားရှင်၏
မိန့်အမှာကို ကျွန်ုပ်ဆရာမ ဒေါ်ဖွားဆူမှ ကိုယ်တိုင်ယူလာခဲ့ပြီး
စ်သည် ...။

ယခု ကျွန်ုပ်၏ရှေ့တွင် ရောက်ရှိနေကြကုန်လေသော



www.burmeseclassic.com

www.burmeseclassic.com



မောင်မြဆောင်အမျိုးထားသည့် လူပုဂ္ဂိုလ်တစ်စုတို့သည် သဓ
ဂုံတည်သူများဖြစ်၏။ သမ္မာအာဇီဝဖြင့် လုပ်ကိုင်ရှာဖွေ စာ
သောက်ကြသူများဖြစ်၏ . . . ၊

ထို့ကြောင့် ဤသူ ဤသူတို့အားလည်းကောင်း၊ သူတို့
၏ ဥစ္စာပစ္စည်းတို့အားလည်းကောင်း၊ သူတို့၏ အလုပ်အကို
အားလည်းကောင်း ယနေ့ယခုမှစ၍ မည်သူတစ်စုံတစ်ဦးမျှ
အနှောင့်အယှက်မပြုရ . . . ၊

ဤသူ ဤသူတို့အား နှောင့်ယှက်ပြောအံ့ နှောင့်ယှက်
သောသူ၌ ကြီးစွာသောဥပဒ် ရောက်ကြမည်ကို သိစေ၊ ကြီးစွာ
သောဥပဒ် ရောက်ကြမည်ကိုသိစေ''

ဆရာမကြီးဒေါ်ဖွားဆုသည် ယင်းသို့လျှင် ရွတ်ဖတ်
သရဇ္ဈာယ်ပြီးနောက် ပွဲ၌ထိုးထားသည့် သပြေခက်တို့ကိုယူကာ
နံ့သာခွက်၌ စိမ်ပြီးလျှင် ကိုမြဆောင်တို့၏ဦးခေါင်းတို့အား သပြေ
ခက်တို့ဖြင့် ပုတ်ခတ်လေ၏။

ထိုရောအခါ သပြေခက်တို့မှ နံ့သာရေမွှေးတို့သည် ကိုမြ
ဆောင်တို့လူစု၏ ဦးခေါင်းနှင့် ကျောပြင်တို့၌ စိုစွတ်လေ၏။

''ကဲ ကဲ . . . အစီအမံ ပြီးစီးသွားပါပြီကွယ်၊ မင်းတို့
လည်း ဘေးရန်ကင်းသွားကြပါပြီ၊ ရော့ . . . ဒီအင်းဖယောင်းတို့





တွေကို သေသေချာချာသိမ်းထားပြီး တစ်ရက်ကိုတစ်တိုင်နဲ့
နောက်နှစ်ရက်ဆက်ပြီး ဒီပွဲမှာ ထွန်းရမယ်ကွဲ့ . . . မှတ်ထားကြ''

''ဟုတ် ဟုတ်ကဲ့ . . . မှတ်ထားပါ့မယ် ဆရာမကြီး''

ထို့နောက်တွင်မူ ကိုမြဆောင်တို့သည် ဆရာမကြီး ဒေါ်
ဖွားဆုနှင့်အတူ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့ကြပါတော့
သတည်း။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



# အမှောင့်ပယောဂများ

ဆရာမကြီး ဒေါ်ဖွားဆူလာရောက်ပြီး ဘေးကင်းရန်ရှ
ပွဲထိုးကာ အစီအရင်ပြုလုပ်ပြီးကတည်းက ဘောဂကြီးစံအိမ်တွ
မည်သည့်အနှောင့်အယှက် ပယောဂမှ မတွေ့ကြုံရတော့ဘဲ က
မြဆောင်တို့လက်သမားတစ်စုမှာ အလုပ်ကို ကောင်းစွာလုပ်နိုင်
ကြလေသည်။

"မောင်စိုးရေ . . . မင်းကို ဦးဆုံးကျေးဇူးတင်ရမှာပဲပေ
မင်း အကြံပေးလို့ ဆရာမကြီးဒေါ်ဖွားဆူကိုပင့်ပြီး အစီအရင်လု
လိုက်တာ အတော့်ကို နေရာကျတာပဲကွ၊ ခုဆို နေ့ရောည
ဘယ်လို အနှောင့်အယှက်မှမကြုံရဘဲ စိတ်အေးချမ်းသာ အလု





လုပ်နိုင်ကြတာ ဝမ်းသာစရာပဲကွာ"

"ဟုတ်တယ် ဆရာကိုမြဆောင်၊ နို့မို့ ကျုပ်တို့အလုပ်တွေ ပစ်ထားပြီး ထွက်ပဲပြေးရမလိုလို ဖြစ်နေတာဗျ"

သို့ဖြင့် သူတို့အလုပ် လက်စသတ်သည့်နေ့သို့ ရောက်လာသည်တွင် နေ့လယ်စာထမင်းစားပြီးချိန်မှာပင် မြင်းလှည်းနှစ်စီးဖြင့် လူတစ်စုသည် ဘောဂကြီးစံအိမ်သို့ ရောက်ရှိလာလေသည်။

ဆင်ဝင်အောက်တွင် ရပ်လိုက်သော ရှေ့မြင်းလှည်းပေါ်မှ ဦးဆုံးဆင်းလာသူမှာ ဟာဝေယံရှပ်အင်္ကျီနှင့် သက္ကလတ်ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ထားသည့် အသက်သုံးဆယ်ခန့် လူရည်သန့် လူရွယ်တစ်ဦးပင်ဖြစ်သည်။

သူက ကျောက်ဖြူသားလှေကားထစ်များပေါ်မှ ဆင်းလာသည့် ကိုမြဆောင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး . .

"နောင်ကြီးက ဒီစံအိမ်ကြီးကို ပြုပြင်နေတဲ့ လက်သမားအဖွဲ့ကလား"

ဟု မေးလိုက်လေသည်။

"ဟုတ်ပါတယ်ခင်ဗျာ . . . ကျွန်တော့်နာမည် မြဆောင်ပါ၊ လက်သမားအဖွဲ့ရဲ့ ခေါင်းဆောင်ပါ၊ ဒါထက် ဒီကလူကြီး



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့က ဘယ်သူတွေပါလဲ ခင်ဗျ"

လူရွယ်က ဘောင်းဘီအောက်အိတ်နှစ်ဖက်ထဲသို့ လက်နှိုက်လျက် ပေါ့ပါးစွာ ပြုံးလိုက်ပြီး ...

"ကျွန်တော်က ဒီစံအိမ်ကြီးကို အမွေဆက်ခံလိုက်တဲ့ အောင်ကိုပါပဲ"

ဟု ပြောလိုက်ရာ ကိုမြဆောင်မှာ မျက်ခုံးပင့်လိုက်မိပြီး ...

"ဩော် ... စက်သူဌေးလေးတို့ကိုး၊ နို့ ... ဆရာဦးလှဘူးရော မပါဘူးလားခင်ဗျ"

"အန်ကယ်က မန္တလေးမှာ တရားမမှုတစ်ခု တာဝန်ယူထားမိလို့ ပြန်မဆင်းလာနိုင်ဘူးတဲ့ဗျာ၊ ပွင့်ဖြူက သူ့အိမ်တော့ ဝင်ခဲ့သေးတယ်၊ ဒါထက် အိမ်ပြင်ဆင်နေတာ မပြီးသေးဘူးလား"

"ဒီနေ့ပဲ လက်စသတ်ပါတယ် ခင်ဗျာ၊ အလုပ်လက်စမသတ်ခင် စက်သူဌေးတို့ ရောက်လာတာအတော်ပါပဲ၊ လိုက်စစ်ဆေးကြည့်ပါဦး ... လိုတာရှိရင်လည်း ပြောပါ"

"အား ... လိုက်ကြည့်ရမှာပေါ့ဗျာ၊ ကြည့်ရမှာပေါ့၊ ကျွန်တော့်ရဲ့မဒမ်က ချေးအရမ်းများတာဗျ၊ သူလိုအပ်တဲ့အရာ





လေးတွေရှိရင် လုပ်ပေးနော်၊ ခင်ဗျားတို့ကို ကျွန်တော် ဘောက်ဆူး ထပ်ပေးပါ့မယ်"

"အာ ... ရပါတယ် သူဌေးရယ် ... ရပါတယ်"

"ကိုအောင်ကိုလို့ပဲ ခေါ်ပါဗျာ၊ ဒါက ကျုပ်ရဲ့မဟေသီ လှဲ့လှဲ့ဆွေတဲ့၊ ဟောဟိုနောက်မြင်းလှည်းပေါ်က ဆင်းလာတာ လှဲ့ရဲ့ညီမလေး မူမူဆွေ"

"ဩော် ဟုတ်ကဲ့"

ထို့နောက် ကြိမ်ခြင်းတို့ကို မြင်းလှည်းပေါ်မှ ချနေသည့် အသက် ၄၀ ကျော်ခန့် ခပ်ဝဝ အမျိုးသမီးကြီးကို ညွှန်ပြလိုက်ပြန်ပြီး စက်သူဌေးလေးကိုအောင်ကိုက မိတ်ဆက်ပေးပြန်သည်။

"သူက ကျွန်တော်တို့ရဲ့ အိမ်ထောင်ထိန်း ဒေါ်လုံး၊ ဟော ... မြင်းလှည်းပေါ်က ထပ်ဆင်းလာတဲ့ အိမ်ဖော်ကောင်မလေးက မိထား"

"ဟုတ်ကဲ့ခင်ဗျာ ... ဆရာဦးလှဘူးက ဆရာကိုအောင်ကိုတို့ဇနီးမောင်နှံ ပျားရည်ဆမ်းခရီးသဘောမျိုးနဲ့ လာမယ်ဆိုတော့ လင်မယားစုံတွဲပဲလာမယ် ထင်ထားတာခင်ဗျ၊ ခုတော့ မိသားတစ်စုလုံးနဲ့တူရဲ့"

"ဟုတ်တယ် ကိုမြဆောင်ရေ ... ကျွန်တော်ညည်း



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်မှာ ပညာသွားသင်ပြီး ပြင်သစ်၊ အီတလီနိုင်ငံတွေပါ ဟိုလှေ့လာ ဒီလေ့လာနဲ့ နှစ်တွေအတော်ကြာပြီးမှ မြန်မာပြည် ပြန်လာဖြစ်တာဗျ။ ဒီရောက်ပြီး တစ်နှစ်အတွင်းမှာပဲ ဟောဒီလိုမျိုး လက်ထပ်ခဲ့တာဗျ။ လက်ထပ်ပြီး အေးအေးဆေးဆေး လွတ်လွတ် လပ်လပ် အနားယူ ပျားရည်ဆမ်းခရီးထွက်ဖို့ နေရာရွေးချယ် တော့ ငယ်ငယ်က ခဏနေဖူးတဲ့ ဒီစံအိမ်ကြီးကို သတိရပြီး ဒီကိုလာဖို့ ရွေးချယ်ခဲ့တာပဲဗျာ''

''ဟုတ်ကဲ့ ... အဲဒီအကြောင်း ဆရာဦးလှဘူးလည်း ပြောပြဖူးပါတယ် ခင်ဗျာ''

''ကျွန်တော် ဥရောပကပြန်မရောက်ခင်မှာဘဲ ကျွန် တော့်ဖေဖေ ဆုံးပါးသွားခဲ့တယ်လေ၊ ဆီစက်နဲ့ဆန်စက်တွေကို တော့ လူယုံမန်နေဂျာတွေကပဲ တာဝန်ယူ လည်ပတ်နေတယ်ဗျ။ ဘာပဲဖြစ်ဖြစ် ဒီစံအိမ်ကြီးမှာ အတော်လေးကြာကြာ နေထိုင်ဖြစ် မယ် ထင်တယ်ဗျ။ ဒါကြောင့် ဒေါ်လုံးတို့ကိုပါ ခေါ်လာတာ''

''ဟုတ်ကဲ့ ... အိမ်ထဲကြွပါခင်ဗျာ၊ ပြီးရင် လိုက်စစ် ဆေးကြည့်ကြပါ''

ကိုမြဆောင်က သူ့တပည့်များကိုပါလှမ်းခေါ်ကာ အိမ် ရှင်မိသားစုများနှင့် မိတ်ဆက်ပေးလိုက်ပြီးနောက် အထုပ်အပိုး





တို့ကို ဝိုင်းသယ်ခိုင်းလျက် အားလုံး အိမ်ထဲဝင်ရောက်ခဲ့ကြလေ သည်။

''ကျွန်တော့်ရဲ့ဇနီးက ဇီဇာကြောင်တယ်ဗျ။ သူ့အကြိုက် သာ လုပ်ပေးလိုက်ပါဗျာ၊ ကဲ ကဲ ... လိုက်ကြည့် လိုက်ကြည့်၊ မှုမှူ့ကိုပါ ခေါ်သွား၊ မင်းတို့ညီအစ်မ လိုတာရှိ ဒီကလက်သမား ဆရာကြီးတွေရှိတုန်း လုပ်ခိုင်းနော်၊ နောက်မှတော့ မောင့်ကို မခိုင်းနဲ့၊ မောင်က သံတစ်ချောင်းတောင် ဖြောင့်အောင်ရိုက်တတ် တာ မဟုတ်ဘူး ... ဟဲ ဟဲ ဟဲ''

သဘောလွန်စွာကောင်းပြီး ဘဝမှာပျော်ပျော်နေတတ်ပုံ ရသည့် စက်သူဌေးလေးကိုအောင်ကိုက ဆိုဖာဆက်တီခုံကြီး တစ်လုံးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်လျက် စီးကရက်ဖွာနေရာ မှ ရယ်သွမ်းသွေးကာပြောသည်။

လှဲ့လှဲ့ဆွေက သူ့လင်တော်မောင်ကို မျက်စောင်းလေး ခဲပြီး ...

''ဟွန်း ... အိမ်ထောင်ဦးစီးဖြစ်ပြီး ခုကတည်းက နေရာ တကာ ခေါင်းရှောင်ချင်နေ''

ဟု နှုတ်ခမ်းလေးစူကာ ပြောရင်း ညီမဖြစ်သူ၏လက်ကို ဆွဲလျက် ညှိခန်းဆောင်ကြီးကို ဖြတ်သန်းသွားရာ ကိုမြဆောင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပေတံခေါက်ကို ခါးကြားထိုးလျက် နောက်မှလိုက်သွားရ လေတော့၏။

အသက်ဆယ့်ရှစ်နှစ်ခန့်သာရှိသေးပုံရပြီး နုနယ်ပျိုမျစ် လှပသည့် မိန်းမချောလေးတစ်ယောက်ဖြစ်သော မူမူဆွေမှာ ရှေးဟောင်းလက်ရာများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ဧည့်ခန်းဆောင်ကြီးကို မျက်ဝန်းလေးဝေ့ကြည့်ရင်း အစ်မဖြစ်သူ ဆွဲခေါ်ရာသို့ လိုက်ပါသွားလေသည်။

အသက်အစိတ်ခန့်ရှိပြီး ဖျတ်လတ်ထက်မြက်ပုံရသော လဲ့လဲ့ဆွေမှာ အိမ်ရှင်မပီသစွာပင် မီးဖိုဆောင်နှင့် ထမင်းစားခန်း တို့ကို ဦးစွာ စစ်ဆေးကြည့်ရှုလေသည်။

"ဟယ် ... ထမင်းစားပွဲကြီးပေါ်မှာလည်း မီးပန်းဆိုင်း ကြီးနော်"

ရှေးဟောင်းစံအိမ်ကြီးမှာ မူမူဆွေအတွက်မူ အဆန်း တကြယ်ချည်း ဖြစ်နေဟန်ရှိ၏။

"အင်း ... ဒီစံအိမ်ကြီးကို ရှေးဘုရင်တွေလက်ထက်က တည်းက တည်ဆောက်ခဲ့တယ်ဆိုပေမယ့် အစဉ်အဆက် နေထိုင် ခဲ့တာက အင်္ဂလိပ်အရာရှိတွေ, အစိုးရအရာရှိတွေဆိုတော့ ဥရော ပဆန်တဲ့ ဖွဲ့စည်းပုံတွေကိုပါ တွေ့နေရတာလေ မူမူရဲ့"





လဲ့လဲ့ဆွေက သူ့လင်ယောကျ်ားထံမှ ကြားသိရသည့် အချက်တို့ကို အခြေခံလျက် ညီမဖြစ်သူကို ရှင်းပြရင်း ကိုမြ ဆောင်ကို လှည့်မေးလိုက်၏။

"လက်သမားဆရာကြီး ... ဒီမီးပန်းဆိုင်းတွေကိုရော သေသေချာချာ စစ်ဆေးပြီးပြီလား၊ တော်ကြာ မျက်နှာကြက်က သံကွင်းတွေ, သံချိတ်တွေ သံချေးကိုက်ပြီး ဆွေးနေဦးမယ်"

"ဟုတ်ကဲ့ ... ကျွန်တော်ကိုယ်တိုင် သေချာလိုက်စစ် ဆေးပြီး အသစ်လဲတန်လဲ, ခိုင်ခံ့အောင် ပြန်ရိုက်ပြုပြင်တန် ပြုပြင်လုပ်ပြီးပါပြီ ခင်ဗျ"

ကိုမြဆောင်က သေချာရှင်းပြသည့်တိုင် လဲ့လဲ့ဆွေက စိတ်မချဟန်ဖြင့် ကျောက်ဖြူသားစားပွဲဝိုင်းကြီး၏ အထက်ငါးပေ ခန့်အကွာမှ မီးပန်းဆိုင်းကြီးကို လှည့်ပတ်စစ်ဆေးကြည့်ရှုနေ သေးသည်။

လဲ့လဲ့ဆွေက ရေဘုံပိုင်ခေါင်းတို့ကိုလည်း လိုက်ဖွင့်ကြည့် သေး၏။

"ဒါထက် ရေက ဘယ်ကရသလဲရှင့်"

"ဒီကနေ ပေ ၁၀၀ ဘက်ကိုက်နှစ်ရာလောက်မှာ ချောင်း ကြောင်းတစ်ခု ရှိပါတယ်ခင်ဗျာ၊ ဟောဟိုတောင်တန်းတွေဘက်



www.burmeseclassic.com

www.burmeseclassic.com



က ဆင်းလာတဲ့ရေကြောင်းပါ၊ အဲဒီကနေ မော်တာနဲ့စုပ်ပြီး အိမ်နောက်ဘက်စင်မြင့်ကြီးကကန်ထဲ ထည့်ပြီးမှ ဒီအိမ်ထဲ ရေသွယ်ပို့ထားတာပါ''

''ဩော် ... ဒီလိုလား၊ တော်သေးတာပေါ့ ... ရေအတွက် အဆင်ပြေလို့၊ ဒါထက် ဒီအိမ်မှာ လျှပ်စစ်မီးပေးလို့ရတဲ့ မီးစက် မရှိဘူးနော်''

''ဟုတ်ကဲ့ ... မရှိပါဘူး၊ ရေနံဆီမီးအိမ်ပဲ သုံးကြပါတယ်''

''အဲဒါတစ်ခုတော့ သိပ်မနိုပ်တာဘဲ''

လဲ့လဲ့ဆွေက နှုတ်ခမ်းလေးမဲ့လိုက်သော်လည်း မူမူဆွေကမူ မျက်ခုံးကွေးကွေးလေးများကို ပင့်လျက် ရွှင်မြူးမြူးလေး ပြောသည်။

''ဘာဖြစ်လဲ မမရဲ့ ... အဲဒါကိုက ရှေးဟောင်းအငွေ့အသက်ကို ခံစားရတာပဲလေ''

လဲ့လဲ့ဆွေကမူ ညီမဖြစ်သူကို မျက်စောင်းခဲလိုက်လေသည်။

''တော်ပါအေ ... ငါ့သဘောဆို မန္တလေးဖြစ်ဖြစ် သွားချင်တာပါပဲ၊ ရှမ်းဒေသဘက်တော့ ထားပါတော့၊ ခုလိုဆောင်း





တွင်းကြီးကို အရမ်းအေးနေမှာမို့၊ ဒါပေမဲ့ ဒီလို လူမနီးသူမနီး တောခေါင်ခေါင်ကြီးတော့ မလာချင်ပါဘူးအေ၊ မောင်က ဆန္ဒရှိလွန်းလို့သာ လာရတာ''

''ဘာဖြစ်လဲ မမရဲ့ ... မူတော့လေ လွင်ပြင်စိမ်းစိမ်းကြီးတွေ, မြက်ရိုင်းတောတွေရဲ့အလယ်က လူမနီး သူမနီးအရပ်မှာ ဒီလို ရှေးလည်းဆန်, ဥရောပလည်းဆန်တဲ့ ရဲတိုက်လို ရောမအိမ်ကြီးကိုတွေ့ရတာ ဆရာကြီးဆာအာကိုနင်ဒိုင်းရဲ့ ရှားလော့ဟုမ်း ဝတ္ထုကြီးတွေထဲက အင်္ဂလန်နိုင်ငံ ယောရှိုင်းယား, ဒီဗွန်ရှိုင်းယားဒေသ တောင်ကုန်းလွင်ပြင်ကျယ်ကြီးတွေထဲက ဘတ်စကာဗီးလ် (Baskervillers) အိမ်ကြီးမျိုးကို တွေ့လိုက်ရသလိုပဲ၊ မြင်းလှည်းပေါ်က မဆင်းခင်ကတည်းက သဘောကျနေတာ မမရဲ့''

တက်ကြွသော စကားသံလွင်လွင်လေးဖြင့် ရွှင်မြူးမြူးလေး ပြောနေသည့် ညီမဖြစ်သူကို လဲ့လဲ့ဆွေက မျက်စောင်းခဲလိုက်ပြန်ပြီး ...

''တော်ပါအေ ... ညည်းပြောတဲ့ အိမ်ကြီးတွေက လူသတ်မှုတွေဖြစ်, လူသေမှုတွေဖြစ်တဲ့ ကြောက်စရာအိမ်ကြီးတွေပါအေ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်ဆတ်ဆတ် ပြောလိုက်ကာ ...

"ကဲ ကဲ ... အောက်ထပ်ကအခန်းတွေလိုက်ကြည့်ပြီးရင် အပေါ်ထပ်က အခန်းတွေ လိုက်ကြည့်မယ်၊ အလို ... ဟိုလူဟာ ဘယ်သူပါလိမ့်၊ ရှင်တို့အလုပ်သမားတွေထဲကတော့ မဟုတ်ပါဘူးနော်"

လဲ့လဲ့ဆွေက မှန်ပြတင်းပေါက်တစ်ခုမှနေ၍ အိမ်အပြင်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်လေသည်။

ကိုမြဆောင်က လှမ်းကြည့်လိုက်ရာ ထင်းစည်းတစ်စည်းကို ပခုံးထက်ထမ်းလျက် မီးဖိုဆောင်ဘက်သို့ လှမ်းလျှောက်လာနေသည့် လူရဲကို တွေ့လိုက်ရလေသည်။

"ဩော် ... သူက ဟိုးဘက်က သစ်လုံးအိမ်လေးမှာ သူ့အစ်ကိုနဲ့ နှစ်ယောက်တည်းနေတဲ့ သူငယ်ပါ၊ ဒီစံအိမ်ကြီးအတွက် လိုတဲ့ထင်းကို သူ့ဆီက ရတယ်လေ၊ သုံးလေးရက်တစ်ခါ ထင်းတွေခွဲပြီး လာပို့ပေးတယ်၊ ဒီကနေ လေးမိုင်လောက်ဝေးတဲ့ အိုင်ကြီးရွာဈေးကို တစ်ပတ်မှာနှစ်ခါလောက် မြင်းနဲ့ဈေးသွားဝယ်လေ့ရှိတယ်၊ ဟင်းသီးဟင်းရွက်၊ သားငါးကအစ သူ့ကိုမှာလို့ရတယ်၊ သဘောကောင်းပြီး ရည်မွန်တဲ့လူငယ်လေးပါ"





"ဩော် ... ဒါဆို ကျွန်မတို့ရိက္ခာစိုတွေ ဘာတွေ လိုရင်လည်း သူ့ကိုပဲ မှာရမှာပေါ့"

"ဟုတ်ပါတယ် ခင်ဗျာ ... သူက ရေနံဆီ၊ ဓာတ်ဆီလည်း တာဝန်ယူပြီး ဝယ်ပေးတယ်၊ ရေကြောင်းကနေလည်း မောင်းတင်ပေးတယ်၊ အဲဒီအပိုင်းတွေမှာ ဒီရောက်ကတည်းက ကျွန်တော်တို့လည်း သူ့ပဲ အားကိုးနေရတာ"

ထိုစဉ် လူရဲက မီးဖိုဆောင်အဝသို့ ထင်းစည်းထမ်းလျက်ရောက်ရှိလာလေသည်။

"ဩော် အေး ... မင်းရောက်လာတာနဲ့ အတော်ပဲ၊ လူရဲရေ ... ဒီမှာ အိမ်ရှင်မိသားစုရောက်လာပြီကွ၊ သူတို့မိသားစုလိုရာကို မင်း ဆက်ဆောင်ရွက်ပေးမှဖြစ်မယ်"

ကိုမြဆောင်က ရင်းနှီးစွာ ပြောရင်း ထင်းစည်းကို မီးဖိုဆောင်ထောင့်၌ ချထားပြီးနောက် သူတို့အနီးသို့ လှမ်းလျှောက်လာသည့်လူရဲကို လဲ့လဲ့ဆွေတို့ညီအစ်မနှင့် မိတ်ဆက်ပေးလိုက်လေသည်။

"ဒါက ဒီစံအိမ်ရဲ့အရှင်သခင်မ သူဌေးလေးကတော် မလဲ့လဲ့ဆွေပဲကွ၊ ဒါက မလဲ့လဲ့ဆွေရဲ့ညီမ မူမူဆွေ"

"အေး ... မင်းနာမည်က လူရဲ့တဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ခင်ဗျ"

ရှမ်းဘောင်းဘီအနက်နှင့် ဂျပ်ခုတ်ထည်အင်္ကျီလက်ပြတ်တို့ကို ဝတ်ဆင်ထားပြီး ကုပ်ပိုးဖုံးသည်အထိ ရှည်လျားနေသည့် ဆံပင်ရှိင်းရှိင်းတို့ကို လည်ကုပ်နောက်တွင် သားရေပင်ဖြင့် စည်းနှောင်ထားသော လူရဲက မပြုံးမရယ်ဘဲ ပြန်ဖြေလျက်မှ မူမူဆွေ၏ မျက်နှာလေးကို စူးခနဲ တစ်ချက်မသိမသာ ကြည့်လိုက်လေသည်။

လှဲ့လှဲ့ဆွေက သူ့ညီမနှင့်ရွယ်တူခန့်ရှိမည့် လူငယ်ချောချောအား ခပ်တည်တည်ကြည့်ကာ မေးခွန်းထပ်ထုတ်လိုက်လေသည်။

"ဒီစံအိမ်ကြီးက အလုပ်တွေကို မင်းက ဒီလိုပဲ အမြဲပိုင်းကူလုပ်ပေးနေတာပဲလား"

"ဟုတ်ကဲ့ . . . ဝတ်လုံတော်မင်း ဘဘဦးလှဘူးဟာ ကျွန်တော်တို့မိသားစုရဲ့ ကျေးဇူးရှင်ပါ၊ သူက ကျွန်တော့်ကိုခေါ်ပြီး ဒီကအစ်ကိုတွေအတွက် ကူညီပေးရမယ်လို့ပြောလို့ လာကူညီနေတာပါ ခင်ဗျ"

"အေး . . . ဦးလှဘူးက အခု မန္တလေးဘက်သွားနေလို့ ပါမလာဘူး၊ ဒါပေမဲ့ ဦးလှဘူး ဒီအိမ်ကြီးကို စောင့်ရှောက်ဖို့





ငါ့ယောက္ခမလက်ထက်ကတည်းက တာဝန်ပေးထားတာလို့ ပြောတယ်၊ ဒီတော့ ဦးလှဘူးနဲ့ဆက်သွယ်ပြီး မင်းလည်း ဒီအိမ်က လိုတာတွေ ဆက်လုပ်ပေးပေါ့ . . . ဟုတ်လား၊ မင်းရဲ့လုပ်အားခကိုရော ဘယ်လိုပေးရမလဲ"

"မမတို့ပေးဖို့ မလိုပါဘူးခင်ဗျာ၊ ဘဘဦးလှဘူးက သင့်သလို ကျွန်တော့်ကို ရှင်းပေးလေ့ရှိပါတယ်၊ သူနဲ့ပဲ ရှင်းပါ့မယ်"

ဤတွင် မူမူဆွေက ခပ်သွက်သွက်ဝင်ပြောလိုက်တော့သည်။

"အို . . . အဲဒီလိုမလုပ်နဲ့လေ ကိုလူရဲရဲ့၊ ခုဟာ အိမ်ရှင်တွေကိုယ်တိုင် ရောက်လာမှပဲ၊ တိုက်ရိုက်ပဲ ဆက်ဆံပါ၊ ဦးလေးဦးလှဘူးကတစ်ဆင့် ဆက်ဆံဖို့မလိုပါဘူး"

"ကောင်းပြီလေ . . . ဒါဆိုလည်း ကျွန်တော့်ကို ပေးလေ့ရှိတဲ့နှုန်းထားကို ဒီအစ်ကိုသိပါတယ် . . . ဒီအစ်ကို့ဆီပဲ မေးကြည့်လိုက်ပါ၊ ကျွန်တော်သွားပါဦးမယ်၊ ရေမောင်းတင်ပေးစရာရှိလို့ပါ"

လူရဲက မပြုံးမရယ် ခပ်တည်တည်ပဲပြောကာ မီးဖိုဆောင်ထဲမှထွက်သွားရာ လှဲ့လှဲ့ဆွေက နှုတ်ခမ်းကို မသိမသာမဲ့လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... လူကသာ သူတစ်ပါးအိမ်က နိုင်းဖတ် စတိုင်လ်က ထောင့်မကျိုးဘူး၊ ဟွန်း ... ဘယ်လိုလူတွေနဲ့ လာတွေ့နေရသလဲ မသိပါဘူး"

"အို မမကလည်း ... သူများကို အဲဒီလိုမပြောပါနဲ့"

"ဟုတ်ပါတယ်ခင်ဗျာ ... လူရဲက သဘောကောင်းပြီး ဖြူစင်ရိုးသားသူပါ၊ သူက စကားတော့နည်းတယ်၊ ငွေစကား မပြောချင်လို့ ကျွန်တော်နဲ့ လွှဲခဲ့တာ ဖြစ်ပါလိမ့်မယ်၊ ဆရာဦးလှ ဘူး ကြိုပြီးပြောပြထားလို့ လူရဲဟာ တက္ကသိုလ်ဝင်တန်းအောင် ထားတဲ့ လူငယ်လေးဆိုတာ သိရပါတယ်၊ သူ တက္ကသိုလ်သွား မယ့်နှစ်မှာပဲ သူ့ရဲ့အဖေဟာ လူသတ်မှုဖြစ်တာနဲ့ ကျောင်းဆက် မတက်ဖြစ်တာပါ၊ ဆရာဦးလှဘူးက အဲဒီအမှုကို ရှေ့နေခမယူဘဲ လိုက်ပေးခဲ့တယ်"

"အို ... လူသတ်မှု ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျ၊ သူခိုးတစ်ယောက်ကို ဒူးလေးနဲ့ ပစ်ဖမ်းရင်း လက်လွန်သွားတာပါ၊ ထောင်ကျပြီး ထောင်ထဲမှာ ပဲ သေသွားရှာပါတယ်၊ အခုတော့ လူရဲဟာ သူ့အစ်ကိုနဲ့ပဲ အတူနေပါတယ်၊ သူ့အစ်ကိုက အရက်သမား၊ ဒါကြောင့် လူရဲ ကပဲ ရှာဖွေကျွေးနေရတာပါ၊ လူရဲက အမဲလိုက်တယ်၊ ထင်းခုတ် တယ်၊ ကြုံရာအလုပ်လုပ်ပြီး ငွေရှာတယ်၊ ဒါပေမဲ့ သူက မဟုတ် တာတော့ မလုပ်တတ်ပါဘူး"





"ဟွန်း ... ငါတော့ ဒီရောက်မှ မကြုံဖူးတဲ့သူတွေနဲ့ ကြုံနေရပါလား၊ ကဲ ကဲ ... အခန်းတွေလိုက်ကြည့်ရအောင်"

သူတို့သည် အိမ်အောက်ထပ်ရှိ အခန်းများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီးနောက် အိမ်ပေါ်ထပ်သို့ ကျွန်းလှေကားကြီး အတိုင်း တက်ခဲ့ကြလေသည်။

လှေကားကြီး၏ ပွတ်လုံးလက်ရန်းများကိုရော၊ လှေကား ထစ်များအပေါ်၌ ခင်းထားသည့် မှိုင်းလုံးကော်ဇော အခင်း အဟောင်းများကိုပါ မူမူဆွေက သဘောကျလျက်ရှိလေသည်။

လှဲ့လှဲ့ဆွေက သူမတို့ဖနီးမောင်နှံအိပ်စက်မည့် အိပ်ခန်း ကြီးနှင့် ညီမမူမူဆွေအတွက် အိပ်ခန်းကိုပါ စစ်ဆေးကြည့်ရှုပြီး နောက် လွန်စွာကျေနပ်သဘောကျသွားလေသည်။

"အင်း ... အိပ်ခန်းကြီးတွေက ကျယ်လည်းကျယ် တယ်၊ ပြတင်းပေါက်တွေက အမြင့်ကြီးတွေနဲ့ အလင်းရောင်ရော၊ လေကောင်းလေသန့်ရော ကောင်းကောင်းဝင်တယ်၊ ငါတို့မှာ ပါလာတဲ့ပိတ်စတွေကို ချုပ်ပြီး ခန်းဆီးလိုက်ကာတွေ တပ် လိုက်ရရင် အတော်သားနားသွားမှာပဲ ... နော် မူမူ"



www.burmeseclassic.com

www.burmeseclassic.com



သည့်တစ်ခါ နှာခေါင်းလေးရှုံ့သွားသူက မူမူဆွေပဲ ဖြစ်၏။

"ကျန်တာတွေတော့ ကောင်းပါတယ်၊ ဒီကျွန်းခုတင်ကြီးတွေကို ကြည့်ရတာတော့ အသည်းယားတယ်"

"အလို ... ဘာဖြစ်လို့လဲ မူမူရဲ့"

"တိုင်တွေ့က ကျွန်းပွတ်လုံးတွေ၊ ဘောင်တွေက ပန်းကနုတ်တွေနဲ့ ဟို ရန်ကုန်ဆင်ခြေဖုံးရပ်ကွက်တွေက ဘုန်းကြီးကျောင်းအောက်တွေမှာ တွေ့ရတတ်တဲ့ မသာခုတင်တွေနဲ့ တူနေလို့"

"ဟဲ့ အို ... ပေါက်ပေါက်ရှာရှာ၊ ဖွဟဲ့ လွဲပါ ဖယ်ပါစေ ဘယ့်နှယ် ... မသာခုတင်နဲ့ နှိုင်းရတာလဲ မူမူရဲ့၊ ရှေးဟောင်းလက်ရာ ကျွန်းခုတင်တွေဟာ ဒီလို ဒီဇိုင်းမျိုးပဲလေ၊ တန်ဖိုးရှိတဲ့ ရှေးဟောင်းပရိဘောဂဟဲ့၊ ညည်းပဲ ရှေးဆန်တာလေး သဘောကျတယ်ဆို"

ထို့နောက် သူတို့သုံးဦးအိပ်ခန်းတို့ထဲမှထွက်လာရာ ...

"ဪ ... ခုမှ သတိရတယ်၊ နေတောင် အတော်စောင်းနေပြီပဲ၊ ဒေါ်လုံးတို့ကို ညစာချက်ဖို့သွားပြောလိုက်ဦးမယ်၊ မူမူ ... ဘုရားဆောင်ဘက် ဆက်သွားပြီးကြည့်စမ်း၊ ငါပြန်လာခဲ့မယ်"

ဟုပြောကာ ကျွန်းလှေကားကြီးအတိုင်း ခပ်သွက်သွက်ဆင်းသွားတော့၏။

သို့ဖြင့် ကိုမြဆောင်နှင့်မူမူဆွေတို့နှစ်ဦးတည်း စကြံလမ်းအတိုင်း အိမ်ရှေ့ပိုင်းသို့ လျှောက်လှမ်းလာခဲ့ကြလေသည်။

ဘုရားဆောင်ထဲ ဝင်လိုက်သည့်တွင် မူမူဆွေမှာ အံ့ဩသွားရှာတော့သည်။

"အို ... ဒါက ဘုရားဆောင်လား"

"ဟုတ်တယ်ကွဲ့ ... ဒီအိမ်ကြီးကို စဆောက်ခဲ့တဲ့ စက်သူဌေးလေးကိုအောင်ကိုရဲ့ အဘေးဖြစ်သူဟာ ဗုဒ္ဓဘာသာဝင်တစ်ဦးမို့ ဒီလိုဘုရားဆောင်ကို ကျယ်ကျယ်ဝန်းဝန်း ကျကျနန လုပ်ခဲ့တယ်၊ ဒါပေမဲ့ နောက်ပိုင်းမှာ ခဏဖြစ်ဖြစ်, အကြာကြီးဖြစ်ဖြစ် ဒီစံအိမ်ကြီးမှာနေဖြစ်ခဲ့သူတွေဟာ တိုင်းခြားဘာသာဝင်တွေ ဖြစ်နေလို့ ဘုရားဆောင်ကို ဂရုမပြုဖြစ်ခဲ့ဘူးလို့ သိရတယ်ကွဲ့"

"အင်း ... ဟုတ်မယ်နော်၊ ဒါကြောင့်လည်း ဘုရားဆောင်ဟာ ခုလို ဟာလာဟင်းလင်းကြီးဖြစ်နေရတာ၊ ဒါထက် ဒီပွဲက ဘာပွဲလဲ၊ အစ်ကိုတို့ပြင်ထားတဲ့ပွဲလား"







www.burmeseclassic.com

www.burmeseclassic.com



ဘုရားဆောင်၏ ခေါင်းရင်းပိုင်းရှိ ခွေးခြေခုံလေးပေါ်မှ ငှက်ပျောသီးမှည့်နေပြီဖြစ်သည့်ပွဲကိုကြည့်ပြီး မူမူဆွေကမေးလေသည်။

"ဟုတ်တယ် မူမူ"

"ဘာအတွက် ဒီလိုပွဲပြင်တာလဲဟင်"

ဤတွင် ကိုမြဆောင်သည် အတန်ငယ်တွေဝေသွားပြီးနောက် တစ်စုံတစ်ရာအတွက် ချီတုံချတုံ ဖြစ်သွားရလေ၏။

"ဟင် ... ဘာအတွက်၊ ဒီပွဲပြင်ထားရတာလဲလို့"

အမှန်တော့ အိမ်ပြုပြင်ရန်အတွက် အိမ်စောင့်နတ်များကို ခွင့်တောင်းဖို့ ပွဲပေးထားခြင်းဖြစ်သည်ဟု ပြောလိုက်လျှင် ရသော်လည်း ရိုးသားဖြူစင်ပြီး လူတန်းစားခွဲခြားတတ်ပုံမရသော မူမူဆွေဆိုသည့် ကလေးမလေး ဤစံအိမ်ကြီး၏အကြောင်းကို သိထားသင့်သည်ဟု ယူဆမိသဖြင့် အမှန်အတိုင်းပြောပြရန် ကိုမြဆောင်စိတ်ကူးလိုက်မိပြီးမှ ပြောသင့်မပြောသင့် ဆုံးဖြတ်မရ ဖြစ်ကာ ချီတုံချတုံဖြစ်နေရခြင်း ဖြစ်သည်။

"အင်း ... ဘာပဲဖြစ်ဖြစ် ငါတို့လက်သမားအဖွဲ့ဟာ နောက် တစ်ရက်နှစ်ရက်ဆိုရင် ဒီအိမ်ကြီးကနေ ထွက်သွားရတော့မှာ၊ ငါတို့ထွက်သွားရင် ကျန်နေရစ်ခဲ့မယ့် မူမူဆွေတို့တစ်





တွေဟာ ဒီအိမ်ကြီးနဲ့ ပတ်ဝန်းကျင်က အန္တရာယ်တွေကို သိထားသင့်တယ်၊ ဒါမှ သူတို့ သတိထားနိုင်မှာ"

ယင်းသို့ ဆင်ခြင်မိသဖြင့် ကိုမြဆောင်သည် မူမူဆွေကို ထိုက်သင့်သလောက် ဖွင့်ပြောရန် ဆုံးဖြတ်လိုက်တော့၏။

သို့ဖြင့် ဤဘောဂကြီးစံအိမ်ကြီးသို့ သူတို့ရောက်ရှိလာချိန်မှစ၍ ဖြစ်ပျက်ကြုံတွေ့ရသမျှတို့ကို အတိုချုပ် ပြောပြလိုက်လေသည်။

မူမူဆွေမှာ ကိုမြဆောင်ပြောသမျှကို ပါးစပ်လေး အဟောင်းသားဖြင့် အံ့အားတသင့် နားထောင်နေရှာလေသည်။

သို့သော် ထူးခြားသည်မှာ မူမူဆွေသည် ချောက်ချားဖွယ်ဖြစ်ရပ်တို့ကို ကြားရသည့်အခါ မိန်းကလေးပီပီ တုန်လှုပ်သွားရမည့်အစား သူမ၏မျက်ဝန်းတို့တွင် ထိတ်လန့်သောအရိပ်အယောင်တို့ကို မတွေ့ရဘဲ စိတ်အားထက်သန်မှုအရိပ်အငွေ့တို့ကိုသာ တွေ့ရလေ၏။

သူ၏စကားအဆုံးတွင် မူမူဆွေက စိတ်အားတက်ကြွသံလေးဖြင့် ပြန်ပြောလိုက်ရာ ကိုမြဆောင်ပင် အံ့ဩသွားရလေသည်။

"ဟုတ်ပြီ ... မူမူက အဲဒီလိုနားလည်ရခက်တဲ့ ဂမ္ဘီ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေကို အရမ်းစိတ်ဝင်စားတာရှင့်၊ ပရလောကသားတွေနဲ့ ပတ်သက်တဲ့ဖြစ်ရပ်တွေကို ကိုယ်တိုင်ကြုံတွေ့ချင်နေတာကြာပြီ၊ အစ်ကိုပြောသလိုဆိုရင် ဒီအိမ်ကြီးနဲ့ဝန်းကျင်မှာ အဲဒါတွေ ရှိနေတယ်ပေါ့ . . . ဟုတ်လား''

သူမက စိတ်လှုပ်ရှားသဘောကျသည့်လေသံလေးဖြင့် ပြောလိုက်ရင်း ဘုရားခန်းဝန်းကျင်နှင့် မှန်ပြတင်းပေါက်မှ လှမ်းမြင်နေရသည့် ခြံကြီးထဲသို့ မျက်လုံးလေးဝေ့ကြည့်လိုက်သေးသည်။

သူမကိုငေးကြည့်ရင်း ကိုမြဆောင်က သက်ပြင်းမော ချလိုက်မိလေ၏။

''အင်း . . . ဟုတ်တယ် မူမူ၊ ဘာပဲဖြစ်ဖြစ် တချို့ ပရလောကသားတွေဟာ ကျုပ်တို့သာမန်လူသားတွေထက် ပိုပြီး ပါဝါရှိနေတတ်တယ်ကွဲ့၊ သူတို့မှာ ကမ္ဘဖိဒ္ဓိရှိတယ်၊ ဒါကြောင့် သတိတော့ထားစေချင်တယ်၊ အတင့်သိပ်မရဲစေချင်ဘူး၊ ကျုပ်က စေတနာနဲ့ပြောတာပါ''

''ဟုတ်ကဲ့ပါ . . . အစ်ကို့ရဲ့စေတနာကို နားလည်ပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်ရှင်၊ မူမူကတော့ အဲဒီ ပရလောကသားဆိုတာတွေကို စာတွေထဲမှာပဲ ဖတ်ဖူးတယ်၊ သူများပြောတာတွေပဲ ကြားဖူးတယ်၊ အခုဆို ကိုယ်တိုင်ကြုံတွေ့နိုင်တော့မယ်ဆိုတော့ စိတ်အရမ်းဝင်စားမိတာအမှန်ပဲ၊ အင်း . . . မူမူက ပရလောကသားတွေနဲ့ပတ်သက်ပြီး ကြောက်ဖို့ထက် စိတ်ဝင်စားမှုက ပိုပေမယ့် မမလဲ့ကတော့ ကြောက်တတ်တယ်၊ ဒါကြောင့် သူ့ကိုတော့ အဲဒီအကြောင်းတွေ ပြောလို့မဖြစ်သေးဘူး''



ထို့နောက် ကိုမြဆောင်နှင့် မူမူဆွေတို့သည် ဝရန်တာသို့ ထွက်ခဲ့ကြရာ ကျယ်ပြောလှသည့် ဝရန်တာကြီးကို မူမူဆွေက သဘောကျစွာ မျက်လုံးလေး ဝေ့ကြည့်လိုက်လေသည်။

''ဝရန်တာကြီးက အကျယ်ကြီးပဲနော်''

''ဟုတ်တယ် မူမူ . . . ရှေးခေတ်ကဆောက်တဲ့အိမ်ကြီးတွေနဲ့ ဝရန်တာတွေဟာ ဒီလိုပဲ ကျယ်ကျယ်ပြန့်ပြန့် ရှိတတ်တယ်''

''အင်း . . . အမိုးစွန်းကလည်း ဝရန်တာရဲ့ သုံးပုံတစ်ပုံလောက်အထိပဲ ရှိပြီး ဝရန်တာကြီးရဲ့အလယ်ပိုင်းနဲ့ ရှေ့ပိုင်းဟာ အမိုးအကာမဲ့နေတာကို မူမူ သိပ်သဘောကျတာပဲ၊ မိုးတွင်းဆို ဒီဝရန်တာပေါ်မှာ မိုးရေချိုးလို့ရတာပေါ့''

မူမူဆွေက ကလေးငယ်လေးတစ်ယောက်နှယ် လွှတ်



www.burmeseclassic.com

www.burmeseclassic.com



လပ်ပေါ့ပါးစွာ ပြောနေစဉ်မှာပင် လှဲ့လှဲ့ဆွေလည်း ဝရန်တာသို့ ထွက်လာလေသည်။

“အို ... ဒီမှာ ဂမုန်းပင်တွေအများကြီးပါလား”

လှဲ့လှဲ့ဆွေက အံ့ဩဝမ်းသာဟန်လေးဖြင့် ပြောကာ အရွက်စိမ်းစိမ်းတို့ဖြင့် ဖားဖားဝေနေသည့် ဂမုန်းပင်များဆီသို့ ခပ်သွက်သွက် လျှောက်လှမ်းသွားလေသည်။

“မမလှဲ့က ဂမုန်းဝါသနာအိုးလေ၊ အိမ်မှာဆိုလည်း ဂမုန်းပင်မျိုးစုံကို စိုက်ထားတာ”

မူမူဆွေက ကိုမြဆောင်ကို ပြုံးလျက်ပြောလိုက်ပြီးနောက် သူမကတော့ ဂမုန်းပင်တို့ထက် ဘောဂစံအိမ်ကြီး၏ဝန်းကျင်ကို ပိုမိုစိတ်ဝင်စားဟန်ဖြင့် ဝရန်တာအစွန်းဆီ လျှောက်လှမ်းသွားပြီး အင်္ဂတေလက်ရန်းကို ဝမ်းမိုက်လေးဖြင့် မှေးမှီကာ ခြံဝင်းကြီးထဲသို့ ငုံ့ကြည့်နေလေသည်။

“ဟယ် ... ဒီမှာ ဘောဂကြီးဂမုန်းတွေ အများကြီးပါလား”

လှဲ့လှဲ့ဆွေ၏ ဝမ်းသာအားရအသံကြောင့် မူမူဆွေက အစ်မဖြစ်သူကို လှည့်ကြည့်သည်။

“ဘယ်လို ... ဘောဂကြီးဂမုန်း .. ဟုတ်လား မမလှဲ့”





“အေးလေကွယ်၊ သူက ရုတ်တရက်ကြည့်ရင် စီးပွား ဂမုန်းနဲ့တူတယ်၊ အင်မတန်ရှားပါးပြီး အင်မတန်တန်ဖိုးကြီးတဲ့ ဂမုန်းကွဲ့၊ မမလှဲ့ဖြင့် ဒီဘောဂကြီးဂမုန်းကို လိုချင်လွန်းလို့ ရှာနေတာကြာပြီ”

“သူက ဘယ်လိုအစွမ်းမျိုးရှိလို့ တန်ဖိုးကြီးတာလဲ”

“ဒီဂမုန်းဟာ အင်မတန် စီးပွားဖြစ်တယ်ကွဲ့၊ မမလှဲ့ ရဲ့အသိ ဆံပင်ကောက်ဆိုင်ပိုင်ရှင် မရွှေတည်ဟာ မြစ်ဝကျွန်းပေါ် ဘက်ကနေ ခက်ခက်ခဲခဲရလာတဲ့ ဒီဘောဂကြီးဂမုန်းတစ်ပင်ကို သူ့ဆိုင်ရဲ့ အဝင်ဝမှာ အိုးတစ်လုံးနဲ့ ချစိုက်ထားခဲ့တယ်၊ အဲဒီ ဂမုန်းပင်ဟာ ရက်ပိုင်းအတွင်းမှာပဲ စိမ်းလန်းစိုဝေလာတယ်၊ သူ့ရဲ့လုပ်ငန်းဟာလည်း ထုံပိုင်းပိုင်းဖြစ်နေရာက ချက်ချင်းဆို သလို အောင်မြင်လာပြီး စီးပွားတက်လာတယ် ...၊

ဒီလိုနဲ့ တစ်နှစ်လောက်ကြာတော့ ရန်ကုန်မြို့ တရုတ် တန်းဘက်မှာတင် လက်ခွဲ ဆံပင်ကောက်ဆိုင်နှစ်ဆိုင်နဲ့ စကော့ မတ်ကက် (ဗိုလ်ချုပ်ဈေး) မှာ လက်ခွဲဆိုင်တစ်ဆိုင် တည်ထောင် နိုင်တဲ့အထိ လုပ်ငန်းအောင်မြင်ကြီးပွားခဲ့တယ်၊ သူက သူ့ရဲ့ ဘောဂကြီးဂမုန်းပင်ကို တရုတ်ပြည်က သီးသန့်မှာယူတဲ့ ရွှေနား ကွပ်ကြွေအိုးနဲ့ကို မြင်မြင်မြင်နိုးနိုး စိုက်ပျိုးခဲ့တာ ...၊



www.burmeseclassic.com

www.burmeseclassic.com



မမလှဲ့တို့က သူ့ဆီက မျိုးပွားဝယ်ယူချင်ခဲ့တာ၊ သူက ဘယ်သူ့မှမရောင်းဘူး၊ ဒီမှာကျ ဘောဂကြီးဂမုန်းပင်တွေ အများကြီးပဲ၊ ဒီကပြန်ရင်တော့ အပင်ပေါက်တွေ နိုင်သလောက် သယ်သွားရမယ်''

''ဒီ ဘောဂကြီးဂမုန်းတွေ စိုက်ပျိုးထားလို့ ဒီစံအိမ်ကြီးကို ဘောဂကြီးစံအိမ်လို့ အမည်ပေးခဲ့တာလား မသိဘူးနော် မမလှဲ့''

''အေး ... ဖြစ်နိုင်တာပေါ့ကွယ်''

''ဒါတွေကရော ဘာဂမုန်းတွေလဲဗျ''

ကိုမြဆောင်က အခြားဂမုန်းပင်များကိုပါ ညွှန်ပြပြီး မေးရာ ဂမုန်းနှင့်ပတ်သက်၍ အတော်သိနားလည်ပုံရသော လှဲ့လှဲ့ဆွေက သေချာရှင်းပြလေသည်။

''ဒါက အင်းဂမုန်းလို့ခေါ်တယ်၊ တွေ့လား ... အရွက်ရဲ့အနားကို အဖြူရောင်လေးနဲ့ကွပ်ထားပြီး အထဲက အရွက်အကြောတွေကလည်း အဖြူရောင်ဆိုတော့ အင်းကွက်တွေလို ဖြစ်နေတယ်လေ''

''သူ့မှာရော ဘယ်လိုအစွမ်းမျိုး ရှိသလဲဗျ''

''သူ့အစွမ်းက တစ်မျိုးရှင့်၊ နေထိုင်မကောင်းသလိုလို၊





စိတ်ကြည်လန်းဆန်းမှုမရှိဘဲ စိတ်အနှောင့်အယှက်တွေ ကြုံနေတဲ့အခါ အထူးသဖြင့် စိတ်ကျရောဂါလိုဖြစ်နေတဲ့အခါ ဒီ အင်းဂမုန်းပင်ရဲ့ အနားသွားထိုင်ပြီး ဂမုန်းရွက်ကို မျက်နှာနဲ့ကပ်ထားလိုက်ရင် ချက်ချင်းဆိုသလိုပဲ စိတ်လက်ကြည်လင်သွားတတ်တယ်၊ ထိုင်းမှိုင်းတာတွေပျောက်ပြီး စိတ်ကူးဉာဏ်အသစ်တွေ ရလာတတ်တယ်''

''အတော်ထူးခြားတဲ့အစွမ်းပါလား''

''ဟုတ်တယ် ... ဟောဒါကတော့ ရတနာဂမုန်းလို့ခေါ်တယ်''

လှဲ့လှဲ့ဆွေက အရွက်အလျားရှည်ပြီး ထိပ်ဖျားချွန်သည့် ဂမုန်းပင်တစ်ပင်ကို လက်ညှိုးညွှန်ပြသည်။

''ဒီရတနာဂမုန်းဟာလည်း အင်မတန်ရှားပါးပြီး တန်ဖိုးကြီးတဲ့ ဂမုန်းပါပဲ၊ သူ့ကို တယုတယစိုက်ထားပြီး လိုရာဆုတောင်းရတယ်၊ စီးပွားအင်မတန်ဖြစ်တဲ့ ဂမုန်းမျိုးပါပဲ၊ ဒီရတနာဂမုန်းကိုလည်း လှဲ့က ဓာတ်ပုံတွေထဲမှာသာမြင်ဖူးတာ၊ ခုမှ လက်တွေ့ ကြုံရ မြင်ရတော့တယ်၊ သူ့ရဲ့အံ့ဩစရာ ထူးခြားချက်ကတော့ သူ့ရဲ့ဥကို အခြောက်လှန်း၊ အမှုန့်ကြိတ်ပြီး ပျားရည်နဲ့ တေစားရင် ရုပ်ရည်အံ့မခန်းလောက်အောင် နုပျိုတာပါပဲ''



www.burmeseclassic.com

www.burmeseclassic.com



"တယ်ဟုတ်ပါလား၊ ဟောဒီဂမုန်းပင်ကတော့ တယ်ကြီးပါလား၊ ဒါက ဘာဂမုန်းလဲဗျာ"

ကိုမြဆောင်က သူ၏ရင်ခေါင်းခန့်မြင့်သည့် ဂမုန်းပင်ကြီး တစ်ပင်၏အနီးသို့ တိုးကပ်သွားကာ အဖြူရောင်ညှဉ်းပြောက်လေးများပါရှိသည့် အရွက်ဖားဖားစိမ်းစိမ်းကြီးများကို လက်တစ်ဖက်ဖြင့် ကိုင်ရင်း မေးလိုက်လေသည်။

"အင်း . . . သူ့ကို ပြောက်ကလေးဂမုန်းလို့ ခေါ်တယ်ရှင့်၊ သူက ငွေရော အလုပ်အကိုင်ရော အဆက်မပြတ်ရစေတဲ့ အကျိုးပေးတယ်ရှင့်၊ ရန်ကုန်မြို့က လဲ့ရဲ့အသိ နာရီပြင်ဆရာကိုကြည်မောင်ထွန်းဆိုရင် အဲဒီဂမုန်းကို အိမ်မှာစိုက်ပြီး သူ့မိန်းမ နေ့စဉ်မနက်တိုင်း သောက်ရေအိုးကရေကိုခပ်ပြီး သမ္ဗုဒ္ဓေဂါထာကိုးခေါက်ရွတ် ရေလောင်းတာမှာ နာရီပြင်ဖို့လာအပ်တဲ့သူတွေ တစ်နေ့တခြား တိုးတိုးလာလို့ နာရီဆရာကိုကြည်မောင်ထွန်းခမျာ နာရီပြင်တဲ့ခုံကနေ ထရတယ်ကိုမရှိဘူး၊ ကြာတော့ သူ့မိန်းမကို ဂမုန်းပင်ရေလောင်းဟာ ခဏရပ်ထားဖို့ မနည်းတောင်းပန်ယူရတယ်၊ ငွေသောက်သောက်လဲရပေမယ့် အလုပ်ဒဏ်ပိပိလာလို့ သူ့မိန်းမကိုရပ်ခိုင်းရတာလေ"

"ဩော် . . . သူ့အစွမ်းက တစ်မျိုးပါလား၊ ကျုပ်တို့





လည်း အလုပ်အပ်သူများအောင် ဒီကဂမုန်းဥယူသွားပြီး အိမ်ကမိန်းမကို စိုက်ခိုင်းမှ"

"ဟော ကြည့်စမ်း . . . ဒီမှာ ဂမုန်းပေါင်းအတော်စုံတာပါလား၊ ကေန္တ . . . ဒီစံအိမ်ကြီးရဲ့ပိုင်ရှင် မောင့်ရဲ့အဘိုး အဘွားကြီးတွေဟာ ဂမုန်းဝါသနာအိုးကြီးတွေနဲ့ တူရဲ့"

"ဒါတွေက ဘာဂမုန်းတွေလဲ မမလဲ့"

ဂမုန်းပင်များကို စိတ်ဝင်စားစပြုလာပုံရသည့် မူမူဆွေက တစ်ပင်နှင့်တစ်ပင် ပူးယှက်ကာ အရွက်ချင်းထပ်နေကြသည့် ဂမုန်းပင်များကို လက်ညှိုးညွှန်ပြပြီး မေးလိုက်လေသည်။

လဲ့လဲ့ဆွေကလည်း ဂမုန်းပင်တစ်ပင်ချင်းကို ညွှန်ပြကာ စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"ဟောဒါက ဒေါင်းဂမုန်း၊ ဒါက ဟင်္သာဂမုန်း၊ ဒါက ငုံးဂမုန်း၊ ဟောဒါကတော့ ကျီးဂမုန်းတဲ့၊ အဲဒီဂမုန်းပင်တွေမှာလည်း အံ့ဩစရာကောင်းတဲ့ ထူးခြားမှုတွေ ရှိတယ်"

"ဟုတ်လား . . . ဘယ်လိုထူးခြားမှုတွေလဲ မမလဲ့"

"အဲဒီဂမုန်းပင်တွေဟာ ညဘက်ကျရင် လူတွေ၊ တိရစ္ဆာန်တွေလိုပဲ အိပ်စက်လေ့ရှိတယ် ညီမလေးရဲ့"

"ဟင် . . . ဟုတ်လား၊ အဆန်းပါလား၊ သူတို့က ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုအိပ်တာတုံး မမလှဲ့ရဲ့''

''ညဘက်ရောက်ပြီဆိုရင် အဲဒီဂမုန်းအရွက်တွေဟာ ခုလို ဘေးကားနေရာက တဖြည်းဖြည်း ထောင်လာကြပြီး တစ်ရွက်နဲ့တစ်ရွက် ပူးကပ်သွားကြတယ်ကွဲ့၊ အဲဒီလို အရွက်ချင်း ပူးကပ်ပြီး အိပ်လေ့ရှိကြတယ်၊ မနက်မိုးလင်းလို့ နေထွက်လာမှ ပူးနေတဲ့အရွက်တွေဟာ ပြန်ခွာသွားကြပြီး ဘေးပြန်ကားသွားလေ့ ရှိကြတယ်ကွဲ့''

''အို ... အဆန်းပါလား၊ ဒါကြောင့် ဒီဂမုန်းတွေကို တိရိစ္ဆာန်နာမည်တွေ ပေးထားတာနဲ့တူရဲ့၊ ဒါဆို ညကျရင် မူမူ ထပြီးကြည့်ရမယ်''

''ညီမလေးက မမလှဲ့ပြောတာကို မယုံလို့လား၊ မယုံရင် ထကြည့်လေ၊ အဲဒီဂမုန်းပင်တွေထဲမှာ အထူးခြားဆုံးက တော့ ဟောဒီ ဒေါင်းဂမုန်းပဲကွဲ့''

''ဟုတ်လား ... ဘယ်လိုများ ထူးခြားတာတုံး မမလှဲ့ ရဲ့''

''တစ်ခါတလေ အနှောင့်အယှက်တွေကြုံရင် ဒေါင်းဂမုန်းတွေဟာ မအိပ်ကြဘူးကွဲ့၊ အဲဒီအခါ မောရသုတ်ပရိတ်တော်ကို များများရွတ်ဖတ်ပြီး အရွက်တွေကို လက်နဲ့ ညင်ညင်





သာသာ သပ်ပေးရတယ်ကွဲ့၊ အဲဒီအခါကျမှ သူက အိပ်တယ်၊ ပဲ အဲဒီလို မောရသုတ်ရွတ်ပြီး ချော့မြူလို့မှ မအိပ်ဘူးဆိုရင် တော့ အနှောင့်အယှက်ကြီးကြီးမားမား ကြုံနေလို့ပဲ''

''ဘယ်လိုအနှောင့်အယှက်ကြီးကြီးမားမားလဲ မမလှဲ့ ရဲ့''

''အိုကွယ် ... အမှောင့်ပယောဂတစ်ခုခု ဝင်နေတာမျိုး ပေါ့၊ ဆိုလိုတာက သရဲတစ္ဆေတွေရှိတဲ့အရပ်မှာဆို ဒေါင်းဂမုန်း ဟာ ညဘက်မှာ လုံးဝမအိပ်ဘူးကွဲ့''

''အတော်ဆန်းကြယ်တာပဲနော်''

''ဟုတ်တယ် ... ကျုပ်တောင် အတော်အံ့သြမိတယ်''

လှဲ့လှဲ့ဆွေပြောသမျှကို နားထောင်ရင်း မူမူဆွေရော ကိုမြဆောင်တို့ပါ အံ့သြ၍မဆုံးနိုင်အောင် ဖြစ်နေကြတော့၏။

''ဒါထက် ဒါကရော ဘာဂမုန်းလဲဗျ၊ အတော့်ကိုလှတဲ့ ဂမုန်းပါလား''

''ဟုတ်တယ်နော် ... လှလိုက်တာ၊ မူမူတော့ အိမ်မှာ အလုပ်စိုက်ကြကြေးဆိုရင် ဒီဂမုန်းပင်ကိုပဲစိုက်မယ်''

ကိုမြဆောင်ရော မူမူဆွေပါ သဘောကျနေကြသည့် ဂမုန်းပင်ကို လှဲ့လှဲ့ဆွေက သေချာကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းဂမုန်းပင်၏အလက်နှင့်အရွက်တို့မှာ ပိန်းရွက်နှ
ခပ်ဆင်ဆင်တူပြီး ပိန်းရွက်လောက်တော့ ကြီးမားခြင်းမရှိချေ

ထူးခြားသည်က ...

အရွက်၏အပေါ်ဘက်အခြမ်းသည် စိမ်းနေပြီး ကျော
ဘက်အခြမ်းမှာမူ ရဲရဲနီလျက်ရှိချေ၏။ ကြည့်လေ လှလေဟုဆို
မည့် ဂမုန်းပင်မျိုးဖြစ်သည်။

ထိုဂမုန်းပင်ကို သေသေချာချာလှည့်ပတ်ကြည့်ပြီး
လဲ့လဲ့ဆွေက ပြုံးကာ မှတ်ချက်ချသည်။

"အင်း ... လူတွေကိုအကျိုးပြုတဲ့ ဂမုန်းတွေထဲမှာ
သူလည်း ပါတယ်ကွဲ့၊ သူ့ကို မင်းသားကြီးဂမုန်းလို့ ခေါ်တယ်၊
သူက အမှောင့်ပယောဂတွေကို ရှင်းပေးနိုင်စွမ်းရှိတယ်၊ သရဲ
ခြောက်တဲ့ အိမ်တွေမှာများ ဒီမင်းသားကြီးဂမုန်းကိုသာ စိုက်လိုက်
တော်ရုံ သရဲတစ္ဆေကောင်ဟာ ဖင်ပိတ်ပြေးရတာပဲတဲ့ ... ဟင်း
ဟင်း ဟင်း"

လဲ့လဲ့ဆွေက သူ့စကား သူသဘောကျကာ တဟင်း
ဟင်း ရယ်သွမ်းသွေးနေသလောက် ကိုမြဲဆောင်နှင့် မူမူဆွေတို့မှာ
တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်လိုက်မိ
ကြလေသည်။





မူမူဆွေက သေချာအောင် သူ့အစ်မကို ထပ်မေးလိုက်
သည်။

"မမလဲ့ပြောတာ သေချာရဲ့လား ... သရဲခြောက်တဲ့
အိမ်မျိုးမှာ ဒီဂမုန်းပင်စိုက်ရင် ဘယ်သရဲမှ မခြောက်တော့ဘူးပေါ့
.. ဟုတ်လား"

"ဒါပေါ့ ညီမလေးရဲ့ ... ဒါကြောင့်လည်း မောင့်ဘိုး
ဘွားတွေက ဒီမင်းသားကြီးဂမုန်းကို ဒီဝရန်တာပေါ်မှာ မြတ်
မြတ်နိုးနိုး စိုက်ထားခဲ့တာဖြစ်မှာ၊ သူရှိရင် ဘေးကင်းတယ်လေ"

"ဩော်"

ထို့နောက် သူတို့သည် အပေါ်ထပ်အိပ်ခန်းများကို လိုက်
၍ စစ်ဆေးကြည့်ရှုကြပြီး လဲ့လဲ့ဆွေက သူမ ပြုပြင်လိုသည်များ
ကို ပြသရာ ကိုမြဲဆောင်က သေချာမှတ်သားကာ ပေတံဖြင့်
တိုင်းတန်တိုင်းလေသည်။

အတန်ကြာမှ အောက်ထပ်သို့ ဆင်းလာကြပါတော့
သတည်း။

❊



www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်ရက်အကြာတွင် ...

အိမ်ပြုပြင်ရေးလုပ်ငန်းများ ပြီးဆုံးပြီဖြစ်၍ ကိုမြဆောင်တို့လက်သမားအဖွဲ့ ဘောဂကြီးစံအိမ်မှ ပြန်ရန်ပြင်ကြသည်။

ကိုမြဆောင်တို့လက်သမားအဖွဲ့ ပြန်ကြမည့်မနက်ခင်း ဝယ် လူရဲခေါ်ပေးသဖြင့် ဆိပ်ဖြူမှ မြင်းလှည်းရောက်လာ၏။

ရွှေနေကြီးဦးလှဘူးက မနေ့ကပင် သူ၏ကားလေးဖြင့် ရောက်ရှိလာကာ လက်သမားခများ ရှင်းပေးခဲ့ပြီးဖြစ်သည်။

အားလုံးကိုနှုတ်ဆက်ပြီး ကိုမြဆောင်တို့၏ မြင်းလှည်း ထွက်ခါနီးတွင် မူမူခွေက မြင်းလှည်းနားကပ်လာကာ ဖက်စိမ်းဖြင့်ထုပ်ထားသည့် အထုပ်တစ်ထုပ်ကို ကိုမြဆောင်အား ပေးလေ၏။

"ပြောက်ကလေး ဂမုန်းဥလေ၊ အစ်ကိုကိုမြဆောင် ယူသွားပြီး စိုက်မလို့ဆို"

"ဩော် ... ဟုတ်ပါ့၊ အလုပ်ထဲ အာရုံရောက်နေလို့ မေ့နေတာ၊ ကျေးဇူးပဲ မူမူ"

ထိုအချိန်တွင် လဲ့လဲ့ခွေတို့လင်မယားမှာ အိမ်ပေါက်ဝတွင် မရှိတော့ချေ။ အိမ်ထဲပြန်ဝင်သွားကြပြီဖြစ်၏။





လူရဲလည်း ရေတင်ပေးရန် ရေကြောင်းဘက်ထွက်သွားခဲ့ပြီဖြစ်သည်။

မူမူခွေက အိမ်အတွင်းဘက်သို့ တစ်ချက်လှည့်ကြည့်ပြီးနောက် ကိုမြဆောင်ကို ခပ်တိုးတိုးပြောသည်။

"အစ်ကိုမြဆောင်ကို ပြောမလို့ ... အစ်ကိုတို့ အလုပ်များနေတာနဲ့ မူမူ မပြောဖြစ်တာ"

"ဘာကိုလဲ မူမူ"

"ဟိုလေ မမလဲ့ပြောတဲ့ ဒေါင်းဂမုန်းတွေက ညဘက်မှာ မအိပ်ပါဘူး၊ နှစ်ညရှိပြီ မူမူထကြည့်တာ"

"ဟုတ်လား ... အရွက်တွေ ပူးကပ်မသွားဘူးလား"

"ဟင့်အင်း ... မပူးကပ်ဘူး၊ ဒေါင်းဂမုန်းဆိုရင် မူမူ မောရသုတ်ရွှတ်ပြီး အရွက်တွေကို လက်နဲ့သပ်ပေးပေမယ့် မအိပ်ဘူး၊ မမလဲ့ပြောတာ မှားတယ်"

ကိုမြဆောင်က အတန်ငယ်စဉ်းစားသလို တွေတွေဝေဝေ ဖြစ်သွားပြီးမှ ခပ်လေးလေးဖြင့်ပြောသည်။

"အင်း ... မလဲ့လဲ့ခွေပြောတာပဲ မှားသလား၊ ဒါမှမဟုတ် အမှောင့်ပယောဂ ကြီးကြီးမားမားရှိနေလို့ပဲ ဒေါင်းဂမုန်းတွေက မအိပ်တာလားမှ မသိနိုင်ဘဲ မူမူ၊ ဘာပဲဖြစ်ဖြစ် မူမူကို



www.burmeseclassic.com

www.burmeseclassic.com



စေတနာနဲ့ တစ်ခုမှာချင်တယ်''

''ဘာများလဲ အစ်ကို ကိုမြဆောင်''

''ဒီဘောဂကြီးစံအိမ်ကြီးနဲ့ ပတ်ဝန်းကျင်မှာ တကယ်ကို ပဲ ပရလောကသားတွေရဲ့ အမှောင့်ပယောဂတွေရှိနေတယ် မှုမှု ဒါကြောင့် သတိထားပါ၊ တတ်နိုင်ရင် ဒီစံအိမ်ကြီးမှာ ကြာကြာ မနေပါနဲ့၊ လူရဲပဲဟာ စိတ်ချရတဲ့ လူငယ်တစ်ဦးပါပဲ၊ သူ့ကို အစ်ကို စကားပြောကြည့်ဖူးတယ်၊ သူဟာ ရိုးသားဖြောင့်မတ်သူ ပါ၊ အရေးကြုံရင် မှုမှုတို့ကို သူ ကူညီပါလိမ့်မယ်၊ မှုမှုတို့ကို ကူညီစောင့်ရှောက်ဖို့ အစ်ကို သေချာမှာထားခဲ့ပါတယ်၊ တကယ် လို့ ပရလောကသားတွေ သိပ်သောင်းကျန်းလာရင် ငန်းဖွန်ရွာက ဒေါ်ဖွားဆူကို သွားပင့်အကူအညီတောင်းပါ၊ ကဲ ... အစ်ကိုတို့ သွားမယ်မှုမှု''

''ကောင်းပါပြီ အစ်ကို ကိုမြဆောင်၊ အခုလိုသတိပေး မှာကြားတဲ့အတွက် ကျေးဇူးပါပဲ ... တာ့တာ''

ကိုမြဆောင်ကလည်း လက်ပြပြီး မြင်းလှည်းဆရာကို မောင်းထွက်ခိုင်းလိုက်၏။ သူတို့ မြင်းလှည်းလေး ခြံဝင်းဝမှ ကွေ့မထွက်ခင်အထိ မှုမှုဆွေမှာ ပေါ်တီကိုကြီးအောက်တွင် ရပ် ရင်း လက်ပြလို့နေခဲ့သည်။

ခု နှစ် စဉ် ကြယ် စာ ပေ



ကျောက်ခင်းလမ်းကလေးအတိုင်း မြင်းလှည်းထွက်လာခဲ့ သည့်အခါမှာမူ ပဟေဠိဆန်လွန်းလှသည့် ဘောဂကြီးစံအိမ်ကြီးမှာ ကျက်တီးကုန်းမြေမှ ကြခတ်ဝါးစည်းရိုးကာရံထားသော ခြံကျယ် ကြီးထဲတွင် အထီးတည်း တိတ်ဆိတ်ငြိမ်သက်စွာ ကျန်ရစ်ခဲ့ပါ တော့သတည်း။

❊ ❊ ❊

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## မရဏာညသန်းခေါင်ယံ

BURMESE CLASSIC .com

စက်ပိုင်သူဌေးလေး ကိုအောင်ကိုမှာ လူအေးတစ်ဦးဖြစ်သည်။ ရန်ကုန်ယူနီဗာစီတီတွင် အိုင်အေတန်းတက်စဉ်ကပင် လှဲ့လှဲ့ဆွေနှင့် သမီးရည်းစားဖြစ်ပြီး သူ နိုင်ငံခြားမှပြန်လာသည်တွင် လက်ထပ်ယူခဲ့ကြခြင်းဖြစ်သည်။

ကိုအောင်ကိုက လှဲ့လှဲ့ဆွေကို ချစ်သလောက် အစစအရာရာ အလိုလိုက်တတ်သလို လှဲ့လှဲ့ဆွေကလည်း သမီးရည်းစားဘဝကတည်းက ကိုအောင်ကိုအား လေးစားချစ်ခင်လျက် အစစအရာရာ ကိုအောင်ကို၏စိတ်ကြိုက် လိုက်လျောခဲ့သူလေးဖြစ်၏။





ယခု လက်ထပ်ပြီးနောက် ဟန်းနီးမွန်းထွက်သည့်အခါ ကိုအောင်ကိုမှာ အမွေဆက်ခံရရှိပိုင်ဆိုင်ထားသော်ငြား အရွယ်ရောက်ကတည်းက တစ်ခါဖူးမျှ ပြန်လည်ရောက်ရှိခြင်းမရှိသည့် ဤဘောဂကြီးစံအိမ်သို့ လာရောက်ရန် ဆုံးဖြတ်စဉ်ကလည်း လှဲ့လှဲ့ဆွေက ငြင်းဆန်ကန့်ကွက်ခြင်းမပြုဘဲ သဘောတူ လိုက်လျောခဲ့သည်သာ။

"ဘယ့်နှယ်လဲ လှဲ့ . . . ဟောဒီစံအိမ်ကြီးကို သဘောကျရဲ့လားကွယ်"

လက်သမားအဖွဲ့ပြန်သွားပြီး နောက်နေ့ညနေခင်း ညစာသမင်းမစားမီ ခြံရှေ့ပိုင်းရှိ စံပယ်ရုံနံဘေးမှ သစ်သားခုံတန်းလျားလေးတွင် လင်မယားနှစ်ယောက် အေးအေးလူလူ ထိုင်နေကြစဉ် ကိုအောင်ကိုက ချစ်ဇနီးလေးကို မေးလိုက်ခြင်းဖြစ်သည်။

လှဲ့လှဲ့ဆွေကလည်း ဆည်းဆာနေခြည်အောက်တွင် လှပခံ့ထည်လှသည့် ဘောဂကြီးစံအိမ်ကြီးကို မျက်လုံးလေး ဝေ့ကြည့်လိုက်ရင်း . . .

"သဘောကျပြီလား မောင်ရယ် . . . ဒီစံအိမ်ကြီးက ရှေးဆန်ပေမယ့် ရှေးဟောင်းလက်ရာနဲ့ နန်းဆန်ဆန်ဆောက်လုပ်ထားတာမို့ အတော့်ကို ခမ်းနားထည်ဝါတာပဲ၊ ဒီကိုမရောက်ခင်

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



တုန်းကတော့ ဘောဂကြီးစံအိမ်ဆိုတာ ဘုန်းကြီးကျောင်းကြီးလို အဆောက်အအုံအဟောင်းကြီးလားလို့ ထင်ထားတာ . . . လူမနေတာလည်း ကြာပြီဆိုတော့လေ၊ ခုတော့လည်း အင်မတန်ခံ့ညားတဲ့ စံအိမ်ကြီးပဲ၊ အထူးသဖြင့် အဲဒီဆင်ဝင်ဆောင်ကြီးနဲ့ ဝရန်တာပေါ်က ဂမုန်းပင်တွေကို လဲ့ဖြင့် သဘောကျလို့ မဆုံးဘူး''

လဲ့လဲ့ဆွေက ပြုံးလျက်ပြောရင်း ဆင်ဝင်ဆောင်အပေါ်ရှိ ဝရန်တာဆီ လှမ်းမော့ကြည့်လိုက်လေသည်။

ဆည်းဆာက အတော်လေးညို့ရောင်ပြုနေပြီဖြစ်ပြီး ဝရန်တာပေါ်၌ မြူတို့ဖြင့် မှိုင်းဝေလျက်ရှိချေပြီ။

ထိုစဉ် ဝရန်တာပေါ်၌ မည်းမည်းအရိပ်တစ်ခုကို တွေ့လိုက်ရသဖြင့် လဲ့လဲ့ဆွေက ''ဟင်'' ဟု အာမေဋိတ်သံလေး ရေရွတ်ကာ ထိုင်ရာမှ ဖျတ်ခနဲထပြီး ဝရန်တာပေါ်သို့ သေချာအောင် လှမ်းကြည့်လိုက်သည်

''ဘာ ဘာလဲ လဲ့''

BURMESE CLASSIC .com

လဲ့လဲ့ဆွေ၏ ထူးခြားသော အလန့်တထိတ် အမူအရာကြောင့် ကိုအောင်ကိုပါ ထရပ်လိုက်ပြီး ဇနီးဖြစ်သူကို မေး၏။

''ဟို ဟို ဝရန်တာပေါ်မှာ''





လဲ့လဲ့ဆွေ လက်ညှိုးလေးညွှန်ပြလိုက်စဉ်မှာပင် မှိုင်းရီလျက်ရှိသော ဝရန်တာပေါ်မှ အရိပ်မည်းမည်းမှာ နောက်သို့ဆုတ်သွားသည့်နှယ် ရုတ်ခြည်းပျောက်ကွယ်သွားတော့သည်။

''ဘာလဲ လဲ့ရဲ့''

''အဲ အဲဒီဝရန်တာပေါ်မှာ လူရိပ်မည်းမည်းကို တွေ့လိုက်လို့ မောင်ရဲ့''

''လူရိပ်မည်းမည်း . . . ဟုတ်လား၊ ဩော် . . . လဲ့ရဲ့ ညီမ မူမူပဲ ဖြစ်မှာပေါ့ကွယ်၊ မူမူက အဲဒီဝရန်တာက ဂမုန်းပင်တွေကိုပဲ နေ့နေ့ညည စောင့်ကြည့်နေတာ၊ မနေ့ညကလည်း မောင် တစ်ရေးနိုးတော့ စကြံလမ်းက ခြေသံကြားရလို့ အခန်းတံခါးဖွင့်ကြည့်လိုက်တော့ မူမူ အိမ်ရှေ့ဘက်ထွက်သွားတာ တွေ့ရတယ်၊ တော်တော်လေးကြာတဲ့အထိ ပြန်လာတာမတွေ့ရလို့ မောင် နောက်ကလိုက်သွားပြီးကြည့်တော့ ဂမုန်းပင်တစ်ပင်ရဲ့ရှေ့မှာ ထိုင်ပြီး ပါးစပ်က တိုးတိုး တိုးတိုးရွတ်ရင်း ဂမုန်းပင်ရဲ့အရွက်တွေကို မူမူ လက်နဲ့သပ်နေတာ တွေ့ရတယ်၊ ဘာလုပ်မှန်းလည်း မသိဘူး၊ ဒါနဲ့ မောင်လည်း အိမ်ထဲပြန်ဝင်လာခဲ့တယ်၊ ခုလည်း မူမူပဲ ဖြစ်မှာပေါ့''

''မူ မူမူ မဖြစ်နိုင်ဘူး မောင်ရဲ့၊ အခုဟာက လူကောင်



www.burmeseclassic.com

www.burmeseclassic.com



ထွားထွားကြီး၊ လူဝံကြီးလိုပဲ မည်းမည်းကြီး၊ မြူတွေဝေ့နေလို့ သူ့ရဲ့မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်ရဘူး၊ သူက ဂမုန်းပင်တွေရှေ့မှာရပ်ရင်း ဝရန်တာကနေ လဲ့တို့ဆီ မျှော်ကြည့်နေတယ် လဲ့တွေ့သွားတော့မှ နောက်ကို ဖျတ်ခနဲ ဆုတ်သွားတယ်''

ကိုအောင်ကိုက မြူတို့ဖြင့် မှိုင်းဝေနေသည့် ဝရန်တာဆီ မော့ကြည့်လိုက်ပြီး ...

''မှောင်ရီပိုးဝါးမှာ လဲ့အမြင်မှားတာလည်း ဖြစ်ချင်ဖြစ်မှာပါကွယ်၊ ဒေါ်လုံးလည်း ဖြစ်နိုင်တာပဲ၊ မထားလည်း ဖြစ်နိုင်တာပဲ၊ ဒီအိမ်မှာ ဒီလူတွေပဲရှိတဲ့ဟာ''

ဟု နှစ်သိမ့်စကားဆိုလိုက်စဉ်မှာပင် အိမ်ရှေ့တံခါးဝ၌ မူမူဆွေပေါ်လာပြီး သူတို့ကိုလှမ်းခေါ်တော့၏။

''မမလဲ့တို့ ထမင်းစားရအောင်၊ အားလုံး အသင့်ဖြစ်ပြီး မူမူသဘော်သီးချဉ်ချဉ်စပ်စပ်လေး သုပ်ထားတယ်၊ စားကြမယ် ... လာကြ''

လဲ့လဲ့ဆွေက ခင်ပွန်းဖြစ်သူ၏လက်ကိုဆွဲရင်း ပေါ်တီကိုအောက်သို့ လျှောက်လာရာမှ ညီမဖြစ်သူကို သတိပေးစကားလိုလို၊ အပြစ်တင်စကားလိုလို ပြောလိုက်လေသည်။

''ဟဲ့ ညီမလေး ... နေဝင်ရီတရောအချိန်မျိုးမှာ စားကြမယ် လာကြ ဘာညာနဲ့ မခေါ်ရဘူးကွဲ့''

''ဟင် ... ဘာဖြစ်လို့လဲ မမလဲ့ရဲ့''

''နေဝင်ရီတရောအချိန်မျိုးမှာ နာနာဘာဝတွေ, ဘာတွေ ရှိတတ်တယ်ကွဲ့၊ သူတို့ကိုပါ စားဖို့ခေါ်သလိုဖြစ်ပြီး လိုက်ပါလာတတ်တယ် ... ဖွ ဖွ''

လဲ့လဲ့ဆွေက နံဘေးသို့ တံတွေးလေးတစ်ချက်ထွေးပြီး ခြေဖနောင့်ဖြင့် အင်္ဂတေကြမ်းပြင်ကို နှစ်ချက်လောက်ဆောင့်နင်းပြီးမှ ကျောက်သားလှေကားထစ်များကို နင်းလျက် တက်သွားတော့၏။

သူမ အိမ်ထဲဝင်သွားမှ ကိုအောင်ကိုက လိုက်တက်လာပြီး မူမူဆွေကို ပြုံးကာပြောသည်။

''ဟင်း ဟင်း ... မင်းရဲ့အစ်မကတော့ အားကြီး အယူသီးတတ်တာပဲ မူမူ''

''ဟုတ်တယ် ... မမလဲ့က ဘွားဘွားနဲ့ အကြာကြီးနေခဲ့ရတဲ့သူဆိုတော့ ဘွားဘွားဆီက ရှေးဟောင်းအယူအဆတွေကို နားယဉ်ပြီး အသည်းစွဲနေတာလေ၊ မူမူကတော့ လက်တွေ့လေ့လာစူးစမ်းပြီးမှ လက်ခံသင့်တာ လက်ခံမယ်၊ မမလဲ့လိုတော့ ရှေးသူဟောင်းတွေပြောတိုင်း မယုံနိုင်ဘူး''





ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် စောစောက အိမ်ပေါ်ထပ်ဝရန်တာဆီ မှု
သွားသေးသလား"

"ဟင့်အင်း . . . မသွားပါဘူး အစ်ကိုအောင်၊ ညနေ
သုံးနာရီလောက်ကတည်းက အိပ်ခန်းထဲမှာ စာဖတ်နေပြီး ငေ
နာရီလောက်မှ အောက်ထပ်ဆင်းလာတာ၊ အဲဒီကတည်းက
နောက်ဖေးမီးဖိုချောင်မှာ ဒေါ်လုံးတို့ကို ကူပြီးချက်ပြုတ်ပေးနေ
တာ ခုအချိန်ထိပဲ"

"ဒါဆို ဒေါ်လုံးတို့ မထားတို့ရော အိမ်ပေါ်ထပ်တက်
သေးသလား မူမူ"

"မတက်ပါဘူး၊ သူတို့လည်း မူမူနဲ့အတူ မီးဖိုဆောင်
ထဲမှာ ဝိုင်းပြီးချက်ပြုတ်နေတာပဲ"

"ဒါဆို စောစောက အဲ . . . လွန်ခဲ့တဲ့ဆယ့်ငါးမိနစ်
လောက်က ဘယ်သူမှ အိမ်ပေါ်ထပ် ဝရန်တာဘက် မထွက်ဘူး
ပေါ့ . . . ဟုတ်လား"

"ဟုတ်ကဲ့ . . . ဘယ်သူမှ မထွက်ပါဘူး အစ်ကိုအောင်
ဘာဖြစ်လို့လဲဟင်"

"ဩော် . . . ဘာ ဘာမှမဖြစ်ပါဘူး မူမူ"

ကိုအောင်ကိုက ဘာမျှမပြောတော့ဘဲ အိမ်ထဲသို့ဝင်ကာ





ကျွန်းလှေကားကြီးဆီ တန်းသွားပြီး အိမ်ပေါ်ထပ်သို့ တက်သွား
တော့၏။

ကိုအောင်ကိုသည် အိမ်ပေါ်ထပ်သို့ရောက်သည်နှင့် ဝရန်
တာဘက်သို့ ခြေလှမ်းကျဲကြီးများဖြင့် လှမ်းလျှောက်သွားပြီး ဟာ
လာဟင်းလင်းဖြစ်နေသည့် ဝရန်တာကြီးပေါ်သို့ ကျီးကြည့်
ကြောင်ကြည့်ဖြင့် မျက်လုံးဝေ့ကြည့်ကာ စူးစမ်းလိုက်လေသည်။

"ဒီမှာလည်း ဘယ်သူမှမရှိပါဘူး"

သူက ဂမုန်းပန်းအိုးများကြားသို့ပါ ဂရုစိုက်ကြည့်လိုက်ပြီး
နောက် ခေါင်းကို ခပ်သာသာ ယမ်းလိုက်သည်။

"အင်း . . . ဒီမှာ ဘယ်လိုလူသူအရိပ်အယောင်မှ
မတွေ့ရပါဘူး၊ လို့ အမြင်မှားတာပဲ ဖြစ်မှာပါ"

သူက မှတ်ချက်ချလိုက်ပြီး အိမ်ထဲသို့ လှည့်ဝင်ကာ
တံခါးချက်ကို အတွင်းမှ ထိုးထားလိုက်တော့၏။

❋

"အင်း . . . အမဲအသည်းနှလုံးဆီပြန်လေးက စားလို့



www.burmeseclassic.com

ကောင်းလိုက်တာ၊ သဘောသီးသုပ်နဲ့ သိပ်လိုက်တာပဲ၊ မထားရေ ... ဟင်းရှိသေးသလား''

လဲ့လဲ့ဆွေက ဟင်းပန်းကန်ထဲ၌ နောက်ဆုံးကျန်သည့် ဟင်းပေါ်ကိုစင်ရင်း အိမ်စေမလေး မထားကို လှည့်မေးလိုက်၏။

''ကျန်သေးတယ် မမ၊ အကွဲလိုက်ချက်ထားတာပဲ ရှိပါတယ်''

''ထပ်ထည့်စမ်းဟယ်၊ စားလို့ကောင်းလိုက်တာ''

အမဲအသည်းနှလုံးဟင်းကိုချည်း ယင်ထင်တောင်းပြီး မိတွယ်နေသည့် ခန်းဖြစ်သူကို ကိုအောင်ကိုက တအံ့တသြကြည့်နေမိသည်။ သူ့မိတ်ဆဲတွင် ထူးဆန်းသလို ဖြစ်နေမိသည်။

တကယ်တော့ လဲ့လဲ့ဆွေသည် အမဲသားကို ဟက်ဟက်ပက်ပက် စားသူမဟုတ်။ ညှီသည့်ဟုဆိုကာ စားလေ့သိပ်မရှိ။ ယနေ့တော့ ဟင်းတစ်တုံးပြီးတစ်တုံး၊ အပြတ်တွယ်နေပါလား။

အမဲအသည်းနှလုံးဟင်းပန်းကန်မှာ သူ့လက်ချည်းဖြစ်နေသည်။

မှုမှုဆွေကတော့ သူ့အစ်မ၏ဖြစ်အင်ကို သတိမထားမိဘဲ သူမကိုယ်တိုင် သုပ်ထားသည့် သဘောသီးသုပ်ကိုသာ အရသာခံစားလျက်ရှိလေသည်။





အမဲအသည်းနှလုံးဆီပြန်ဟင်းမှာ နောက်ဆုံး တက်တက်ပြောင်လေတော့၏။

*

ထိုညက မိုးတိုင်းညှတ္တေထက် ပိုလို့အေးစိမ့်လေသည်။ လဝန်းသာလျက်ရှိသော အိမ်အပြင်ဘက်တွင် ဆောင်းလေကြမ်းက တသုန်သုန်တိုက်ခတ်လျက်ရှိ၏။

ကိုအောင်ကိုမှာ ညအိပ်ရာဝင်ခါနီး၊ ကော်ဖီတစ်ခွက်သောက်ထားမိသဖြင့် မျက်စိကြောင်နေကာ ညဉ့်အတော်နက်သည့်အထိ အိပ်မရနိုင်ဖြစ်နေသည်။

လဲ့လဲ့ဆွေကမူ တစ်ဖက်သို့ စောင်းလှည့်လျက် တရှူးရှူးဖြင့် အိပ်မောကျနေ၏။

ကိုအောင်ကိုမှာ အိပ်မရသဖြင့် မီးဖိုခေါင်းလေးထွန်းကာ ဖတ်နေရာမှ မီးကရက်သောက်ချင်လာသောကြောင့် မီးကရက်ဘူးနှင့် မီးခြစ်ကိုယူကာ အိမ်ခန်းအပြင်ဘက်သို့ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းကြီးတစ်ခုတိုင်း အိမ်ရှေ့ခန်းသို့ လျှောက်လှမ်းခဲ့ကာ ဝရန်တာသို့ ထွက်လာခဲ့၏။

လရောင်က မြူငွေ့ကြားမှ ဝရန်တာပေါ်သို့ ထိုးဖောက်ကျရောက်လျက် ရှိသည်။ လရောင်ထိခတ်ထားသဖြင့် ဝရန်တာ ပတ်ပတ်လည်မှ ဂမုန်းပင်တို့၏ စိမ်းမြမြအရွက်များပေါ်တွင် ဘော်ငွေရောင် လင်းလက်လျက်ရှိလေသည်။

လေအဝေ့တွင် ဂမုန်းရွက်တို့ လှုပ်ယိမ်းလျက်ရှိပြီး ခြံဝင်းကြီးထဲမှ ညမွှေးပန်းရနံ့က ဝေ့တက်ကြိုင်လှိုင်လို့နေ၏။

ကိုအောင်ကိုက စီးကရက်ကို မီးညှိဖွာရှိုက်ရင်း ဝရန်တာဆီ လျှောက်လှမ်းလာကာ ပန်းအိုးများအကြား လွတ်နေသည့်နေရာတွင်ရပ်ရှိပြီး ဝရန်တာကိုကျော်လျက် ခြံဝင်းကြီးထဲသို့ ကြည့်လိုက်လေသည်။

ထိုစဉ် ညမွှေးပန်းရနံ့နှင့်အတူ ထူးခြားသောရနံ့တစ်ခုကို ရှူရှိုက်မိလိုက်တော့သည်။

"ဟာ... မွှေးအီအီအနံ့မျိုးပါလား၊ ဒီဂမုန်းပင်တွေဆီကနေ ထွက်လာတဲ့အနံ့နဲ့ တူတယ်"

ညမွှေးပန်းရနံ့နှင့်အတူ ထိုထူးခြားသောပန်းရနံ့ကို ရှူရှိုက်ရင်း သူ့ခေါင်းက မူးရီရီဖြစ်လာသဖြင့် စီးကရက်ကိုပင်





ဆက်မဖွာဖြစ်တော့ဘဲ ဝရန်တာအောက်သို့ တောက်ထုတ်ပစ်လိုက်ရလေသည်။

ထို့နောက်မှာမူ ခေါင်းက ပိုမူးလာသဖြင့် ဝရန်တာပေါ်သို့ လက်မောင်းနှစ်ဖက် ယှက်တင်ပြီး မျက်နှာအပ်ကာ မျက်လုံးအစုံကို မှိတ်ထားလိုက်ရ၏။

ယင်းသို့ အတော်ကြာအောင်နေလိုက်မှ ခေါင်းမူးသက်သာလာသည့်အပြင် ကြည်နေသဘောဖြစ်လာသည်။

ထိုစဉ် သူ့ရှေ့မှိတ်ထားခဲ့သည့် ဝရန်တာသို့ထွက်သော မှန်တံခါးကို တစ်စုံတစ်ဦး တွန်းဖွင့်သံကြားလိုက်ရသဖြင့် ခေါင်းထောင်ကာ ငဲ့ကြည့်လိုက်မိသည်။

"ဟင်"

မြင်လိုက်ရသည့်မြင်ကွင်းက မယုံနိုင်စရာမို့ သူ အံ့အားသင့်ကာ ငေးကြောင်ကြည့်နေမိတော့သည်။

လရောင်ဖြင့် သူတွေ့ရသည်မှာ ညအိပ်ဝတ်စုံ အမြာနုရောင်လေး ဝတ်ဆင်ထားသည့် ဆံပင်ရှည်ခေါင်းလျှော်လုံးနှင့် ဆံဖြန့်ကျောက်ထားသော မိန်းမချောလေးတစ်ဦးကို တစ်ကိုယ်လုံး မည်းမှောင်နေသည့် လူ့ဘီလူးလိုလို လူကြီးတစ်ယောက်က လက်မောင်းမှ အတင်းဆွဲခေါ်လာခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... မင်းတို့ ဘယ်သူတွေလဲ"

ကိုအောင်ကိုက အော်ဟစ်ကာ မေးလိုက်သော်လည်း ဓာ်အားသင့်မှုယ်ကောင်းလောက်အောင်ပင် သူ့နှုတ်များမှ အသံ လုံးဝထွက်မလာချေ။

ထိုစဉ် လူမည်းမည်းကြီးက မိန်းမပျိုလေး၏ နောက် ကျောဘက်မှ သိုင်းဖက်ကာ ပါးစပ်ကို လက်တစ်ဖက်ဖြင့် ပိတ် ထားပြီး၊ အခြားလက်တစ်ဖက်က မိန်းမပျိုလေး၏လက်မောင်းကို ဆုပ်ကိုင်လျက် ဂရန်တာဆီသို့ အတင်းတရမ်းကြမ်း၊ ဆွဲခေါ်သွား တော့သည်။

မိန်းမပျိုလေးမှာ ကြောက်လန့်တကြား ရုန်းကန် အော် ဟစ်သော်လည်း၊ အသံမထွက်ချေ။

"ဘာလုပ်တာလဲ မလုပ်နဲ့လေ"

ကိုအောင်ကိုက အော်ဟစ်တားမြစ်ရန် ကြိုးစားလိုက် သော်လည်း၊ သူ့ပါးစပ်မှ အသံလုံးဝ မထွက်သလို သူ့ခြေထောက် တို့ကလည်း၊ ရွေ့လျား၍မရချေ။

သူက လေထဲမှာ လက်တွေကို ဝှေ့ယမ်းရင်း အသံတိတ် တားမြစ်လျက်သာ ရှိတော့သည်။

ယင်းအချိန်မှာပင် ...





လူမည်းမည်းကြီးသည် မိန်းမပျိုလေးကို ဂရန်တာဆီသို့ အတင်းဆွဲခေါ်လာပြီးလျှင် လက်တစ်ဖက်ဖြင့် ဓါးမှကိုင်မြှောက် လိုက်တော့၏။

လူမည်းကြီး၏ရည်ရွယ်ချက်ကို သိလိုက်သဖြင့် ကို အောင်ကိုက ထိတ်လန့်တကြား၊ အော်ဟစ်တားဆီးလိုက်လေ သည်။

"မလုပ်နဲ့ မလုပ်နဲ့ ... အဲဒီလိုမလုပ်ပါနဲ့"

သူ၏ အသံတိတ် တားဆီးမှုက အချည်းနှီးဖြစ်သွားခဲ့ ပြီ။

လူမည်းကြီးက မိန်းမပျိုလေး၏ခန္ဓာကိုယ်ကို ဂရန်တာမှ ကျော်ကာ ပစ်ချလိုက်တော့၏။

"ဟာ"

'ဘုန်း'

ဆင်ဝင်ကြီးအောက်မှ ကျောက်ကြမ်းခင်းပေါ်သို့ လူ့ ခန္ဓာကိုယ်တစ်ခု ပစ်ကျသွားသံက နားမချမ်းသာစဖွယ် ရှိလှ သည်။

"ဟာ ... သွားပါပြီ သွားပါပြီကွာ"

ကိုအောင်ကိုက ထိတ်လန့်တုန်လှုပ်စွာဖြင့် ပေါ်တီကို



www.burmeseclassic.com

www.burmeseclassic.com



နအောက်သို့ ငုံ့ကြည့်လိုက်ရာ ကျောက်ကြမ်းခင်းပေါ်တွင် မရှုမလှ လဲလျောင်းငြိမ်သက်နေသည့် မိန်းမပျိုကို တွေ့လိုက်ရတော့ သည်။

သူကား အံ့သြတုန်လှုပ် ဒေါသဖြစ်စွာဖြင့် လူမည်းကြီးကို လှည့်ကြည့်လိုက်သည့်အခါမှာမူ မြူငွေ့ဖြူဖြူများကြားတွင် လူ မည်းကြီးကို မတွေ့ရတော့ချေ။

''ဖျောင်း''

ချက်ချင်းဆိုသလိုပင် မြူငွေ့တို့ ထူထပ်သည့်ထက် ထူ ထပ်လာပြီးလျှင် သူ၏ခေါင်းသည်လည်း ရီဝေသည်ထက် ရီဝေ လာပြီး ခွေခနဲ လဲကျသွားပါတော့သတည်း။

❋

လွဲလွဲဆွေ တစ်ရေးနိုးလာတော့ ...

''အို ... မောင် မောင် ဘယ်ရောက်သွားပါလိမ့်''

သူမ၏ခင်ပွန်းသည်ကို မတွေ့ရသဖြင့် အိပ်ရာမှ လူးလဲ ထလိုက်သည်။





''အိမ်သာဘက်များ သွားသလား မသိဘူး''

လွဲလွဲဆွေမှာ ပြန်လည်အိပ်မပျော်သဖြင့် ခင်ပွန်းသည့် ကို စောင့်နေသေးသည်။

သို့သော် အတန်ကြာသည့်တိုင် အိပ်ခန်းသို့ ပြန်ဝင် မလာသောကြောင့် လက်နှိပ်ဓာတ်မီးကိုယူလျက် အိပ်ရာပေါ်မှ ဆင်းကာ အိပ်ခန်းထဲမှ ထွက်လာခဲ့တော့သည်။

သူမက နံရံကပ်မှန်အိမ်မီးရောင်လဲ့လဲ့ကို အားပြုလျက် အိမ်နောက်ဖက်ဆီလျှောက်လာစဉ် စကြံလမ်းတစ်ဝက်ကျော် ကျော်သို့ ရောက်လာသည့်၌ စကြံလမ်း၏ဝဲဘက်အခန်းတစ်ခုထဲ မှ မိန်းမတစ်ယောက်၏ ငိုရှိုက်သံလိုလို သဲ့သဲ့ကြားလိုက်ရရာ ရင်ဒိန်းခနဲခုန်လျက် ခြေလှမ်း တုံ့ခနဲ ရပ်သွားတော့၏။

''ဟင့် ဟင့် ဟင့် ဟင့်''

''အို ... ညီမလေးမူမူ မူမူငိုနေတာနဲ့ တူတယ်၊ ဘယ် ဘယ်လိုဖြစ်လို့ပါလိမ့်''

လင်ယောကျ်ားလည်း အိပ်ရာပေါ်မှပျောက်ဆုံးနေပြီး ညီမဖြစ်သူ၏ ငိုရှိုက်သံကိုပါ ကြားရရာ လွဲလွဲဆွေမှာ မတွေး ကောင်း တွေးကောင်းများ တွေးမိလျက် တစ်ကိုယ်လုံး တုန်လှုပ် သွားတော့သည်။



www.burmeseclassic.com

''ဘုရား ဘုရား ... မောင်နှံညီမလေးမှုမှုတို့ တစ်ခုခု များ ဖြစ်လို့လား''

ယံသာယအတွေးနှင့်အတူ ချောက်ချားတုန်လှုပ်သွားရာမှ ခေါင်တိုင်မှုကြောင့် ရင်ထဲဝယ် ဒေါသတွေးတို့ မွှက်မွှက်ဆူလာပြီး ငိုသံကြားရာအခန်း၏ တံခါးရွက်တို့ကို တွန်းဖွင့်လိုက်တော့၏။

'ကျွိ ကျွိ ဟီ ဟီ'

ဆီနှင့်မထိတွေ့သည်မှာကြာပြီဖြစ်သော ပတ္တာတို့မှ မြည်သံ တကျွိကျွိ ထွက်ပေါ်လျက် သစ်သားတံခါးရွက်တို့ ပွင့်ဟသွားတော့သည်။

လှဲလှဲဆွေက အိပ်ခန်းထဲ လှမ်းဝင်လိုက်ပြီး လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်လေ၏။

''ဟင်''

မှေးထင်းနေသော လက်နှိပ်ဓာတ်မီးရောင်အောက်တွင် သူမ၏ဘက်သို့ ကျောခိုင်းထိုင်ကာ မျက်နှာကို လက်ဝါးနှစ်ဖက်ထဲ နှစ်လျက် ငိုရှိုက်နေသော မိန်းမပျိုတစ်ဦးကို တွေ့ရလေသည်။

သူမသည် မှုမှုဆွေမဟုတ်ချေ။

မှုမှုဆွေ၏ဆံပင်တို့က ဖြောင့်စင်းပြီး ခါးလောက်အထိ ရှည်လျား၏။





ယခုအမျိုးသမီး၏ဆံပင်တို့က ကောက်ကောက်လိမ် လိမ်ဖြင့် ကုပ်ပေါ်၌သာ ဝဲနေကြသည်။

ပြီးတော့ သူမက တိုမပျား၊ အိုကပြာမလေးများ ဝတ် လေ့ရှိသော ညအိပ်ဝတ်စုံ အပြာနရောင်လေးကို ဝတ်ထား၏။ မှုမှုဆွေမှာ ထိုသို့သော ညအိပ်ဝတ်စုံမျိုးမရှိ၊ ဝတ်လေ့လည်း မရှိ။

ပို၍ထူးခြားသည်က သူမသည် ခမ်းနားတည့်ဝါလှသည့် ပဲမွေ့ရာကြီးပေါ်တွင် ထိုင်နေခြင်းဖြစ်သည်။

ကျယ်ပြောလှသော ကြေးခုတင်ကြီးပေါ်မှ ပဲမွေ့ရာပေါ် တွင် ထိုင်နေခြင်းဖြစ်သည်။

ညနေခင်းကပင် ဤမှာဘက်အခန်းများထဲ ဝင်ရောက် စစ်ဆေးကြည့်ရှုခဲ့ပြီးဖြစ်သည်။ ထိုစဉ်က ဤအခန်းကြီးထဲတွင် ကြေးခုတင်ကြီး ခင်းထားသည်ကို တွေ့ခဲ့ရသော်လည်း ခုတင် ပေါ်တွင် မွေ့ရာတစ်စုံတစ်ရာ ခင်းထားခြင်းမရှိချေ။ ယုံတော့ အဆုံး ဖျာတစ်ချပ်ပင် ခင်းထားခြင်းမရှိ။

ဖုန်ထုတက်နေသည့် လူတို့အသုံးမပြုသည်မှာ ကြာပြီ ဖြစ်သော အခန်းအသွင်အပြင်မျိုး အနေအထားအတိုင်းသာ ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ထည့်ထည့်ဝါဝါ ကျကျနနခွင်းကျင်းထား သော ဖဲမွေ့ရာနှင့် ဖြစ်၏။ ဖဲခေါင်းအုံး၊ ဖက်လုံးအစုံနှင့် ဖြစ်၏။ လဲ့လဲ့ဆွေမှာ မြင်တွေ့နေရသည့်မြင်ကွင်းကို မယုံနိုင်စွာ ငေးကြည့်ရင်း ရှေ့သို့တိုးသွားမည်ပြုလိုက်ရာ ခြေထောက်အ လှုပ်မရတော့ချေ။

''အို''

သူမ၏ရင် ထိတ်ခနဲခုန်သွားပြီး ငိုရှိုက်နေသည့် အမျိုး သမီးကို အော်ဟစ်မေးလိုက်၏။

''ဟော့ ... ဒီမှာ မင်း ... မင်းဘယ်သူလဲ''

သို့သော် သူမ၏နှုတ်ဖျားမှ အသံလုံးဝထွက်မလာချေ။

''ဘုရားရေ ... ဘယ် ... ဘယ်လိုဖြစ်ကုန်ပြီလဲ''

သူမ အံ့ဩမှင်တက်မိနေစဉ်မှာပင် သူမ၏ ဖဲ့ဘက် လက်မောင်းကို လေတိုးသလိုလို ခံစားလိုက်ရပြီး တစ်စုံတစ်ဦးက သူမ၏ဘေးနားမှ ဖြတ်ထွက်သွားသည်။

ထိုသူက ငိုနေသောအမျိုးသမီး၏အနီးသို့ ရောက်ရှိသွား ခဲ့ပြီ။

''အလိုလေး''

တစ်ကိုယ်လုံး အမွေးအမျှင်များထူထပ်စွာဖြင့် မည်းနက်





နေသော ဝံပုလွေလိုလိုကြီးကိုတွေ့လိုက်ရသောကြောင့် လဲ့လဲ့ဆွေမှာ လန့်အော်လိုက်မိသည်။

''အောင်မယ်လေး ဘာကြီးလဲ''

သို့သော် သူမ၏နှုတ်ဖျားမှ မည်သည့်အသံမျှ ထွက် မလာချေ။

ထိုစဉ်မှာပင် လူမည်းမည်းကြီးက ငိုနေသောအမျိုးသမီး ၏ လက်မောင်းတစ်ဖက်ကို ဖမ်းကိုင်ကာ ဆွဲလှည့်လိုက်သည်။

''အို ... အောင်မယ်လေး''

အမျိုးသမီး၏ လှပသောမျက်နှာကို လက်နှိပ်မီးရောင် အောက်တွင် လဲ့လဲ့ဆွေ တွေ့ရ၏။ ယင်းအမျိုးသမီး၏မျက်ဝန်း များက ကြောက်စရာကောင်းလောက်အောင် ပြူးကျယ်လျက်ရှိပြီး ပါးစပ်မှ အလန့်တထိတ် ဟစ်အော်လိုက်သံကို လဲ့လဲ့ဆွေ ကြားရ သည်။

အမျိုးသမီးက ထိတ်လန့်တကြားဖြင့် ရုန်းထကာ တံခါး ပေါက်ဆီ ထွက်ပြေးလာသည်။

လူမည်းမည်းကြီးကလည်း ရုတ်ခနဲလှည့်ကာ အမျိုးသမီး ၏ နောက်သို့လိုက်၏။

တံခါးပေါက်ဝတွင် ရပ်နေသော သူမ၏နံဘေးမှ သူသို့



www.burmeseclassic.com

www.burmeseclassic.com



နစ်ယောက်ရဲ့ခေတ်ခန့်နောက်ဆင့် ဖြတ်ပြေးသွားသဖြင့် သူမ၏ ကိုယ်ကိုပင် မလေဟာပ်သွားသည်။

အမျိုးသမီးက စကြံအတိုင်း ပြေးရာ လူမည်းမည်းကြီး က နောက်မှပြေးလိုက်သွား၏။

လှဲ့လှဲ့မွေလည်း သူတို့နောက်သို့ ပြေးလိုက်ရန် ကိုယ်ကို လှည့်လိုက်၏။

ထူးဆန်းစွာပင် သူမ၏ကိုယ်ကို လှည့်၍ရ၏။ သူမ၏ ခြေထောက်တို့ကို လှမ်း၍ ရ၏။

သည့်တော့ သူမက ရှေ့မှ နစ်ယောက်၏နောက်သို့ အပြေးလေး လိုက်သွားမိတော့သည်။

အမျိုးသမီးက အခြားအခန်းတစ်ခုထဲသို့ဝင်ရန် ကြိုးစား သေးသည်။

သို့သော် ထိုအမျိုးသမီး အခန်းထဲဝင်လိုက်စဉ်မှာပင် လူမည်းမည်းကြီးက ဖမ်းမိသွားကာ စကြံအတိုင်း အိမ်ရှေ့ဘက် သို့ အတင်းအဓမ္မ ဆွဲခေါ်သွားတော့၏။ အမျိုးသမီးက ငိုရှိုက်၍ အော်ဟစ်ရုန်းကန်ရင်း ပါသွားတော့သည်။

လှဲ့လှဲ့မွေမှာ သူတို့နောက်မှ ပြေးလိုက်ရင်း ဝရန်တာပေါ် ရောက်သွားတော့သည်။





လူမည်းမည်းကြီးက ဝရန်တာ၏အစွန်းသို့ အမျိုးသမီးကို အတင်းဆွဲခေါ်ကိုင်ဆွဲခေါ်သွားပြီး ခါးမှ ကိုင်မြှောက်လိုက်သည်။

လူမည်းကြီး၏ရည်ရွယ်ချက်ကို သိလိုက်သဖြင့် လှဲ့လှဲ့ မွေက အော်ဟစ်ဟန့်တားလိုက်၏။

"အို . . . မလုပ်နဲ့ မလုပ်နဲ့လေ"

သို့သော် သူမ၏ အော်ဟစ်ဟန့်တားမှုက အရာမထင် ချေ။

လူမည်းမည်းကြီးက အမျိုးသမီးကို ဝရန်တာပေါ်မှ ကျော်ကာ အောက်သို့ပစ်ချလိုက်ပြီဖြစ်၏။

"အောင်မယ်လေး"

'ဘုန်း'

အမျိုးသမီး၏ ငယ်သံပါအောင် အော်ဟစ်သံနှင့် အင် တေကြွပ်ပြင်ပေါ် ကျသွားသံကို ဘုန်းလူလိမ့်မယ် ကြားလိုက်ရသည်။

"အောင်မယ်လေး . . . သေပါပြီ"

လှဲ့လှဲ့မွေမှာ စိတ်မကောင်းခြင်းကြီးစွာ ရေရွတ်လိုက် ရင်း တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက်ရှိစဉ် လူမည်းမည်းကြီး က သူမ၏ဘက်သို့ လှည့်ကြည့်လာသည်။

"အောင်မယ်လေး အောင်မယ်လေး အောင်မယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



လူမည်းကြီး၏မျက်နှာကို လရောင်ဖြင့် မြင်လိုက်ရသည့် အခိုက်မှာပင် ... လဲ့လဲ့ဆွေသည် ချောက်ချားစွာ အဆက်မပြတ် အော်ဟစ်ရင်း မျက်ဖြူလန်လျက် ခွေလဲကျသွားပါတော့သတည်း။

နားထဲဝယ် စူးစူးဝါးဝါးအော်ဟစ်သံတစ်ခု ကြားလိုက်ရသဖြင့် အိပ်မောကျနေရာမှ မူမူဆွေ လန့်နိုးသွားရသည်။

"အောင်မယ်လေး အောင်မယ်လေး"

"ဟင် ... မမရဲ့အော်သံပါလား"

သူမ အိပ်ရာမှလူးလဲထပြီး ခုတင်ပေါ်မှ ခုန်ဆင်းကာ အိပ်ခန်းတံခါးကို ပြေးဖွင့်လိုက်စဉ်မှာပင် အိမ်ရှေ့ဘက်မှ အဆက်မပြတ် ထွက်ပေါ်လျက်ရှိသည့် အော်ဟစ်သံက တိတ်သွားတော့၏။

မူမူဆွေက စိုးရိမ်ကြီးစွာဖြင့် ဝရန်တာဆီ ပြေးသွားလိုက်သည်။

ပွင့်ဟနေသော တံခါးဝမှ ဝရန်တာဆီ လှမ်းထွက်လိုက်





သည့်အခါမှာမူ နှင်းရည်တို့စိုရွှဲနေသော အင်္ဂတေကြမ်းပြင်ပေါ်၌ တစ်ဦးနှင့်တစ်ဦး နှစ်လံခန့်ကွာလျက် လဲကျငြိမ်သက်နေကြသည့် သူမ၏အစ်မ လဲ့လဲ့ဆွေနှင့် ခဲအိုဖြစ်သူ ကိုအောင်ကိုတို့ကို တွေ့လိုက်ရပါတော့သတည်း။

"အို"

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



## ဃသူ့မှတ်တမ်း

"တော်သေးတာပေါ့ . . . မူမူတွေ့လို့ နို့မို့ဆို မမလဲ့ရော အစ်ကိုအောင်ကိုပါ ဒီအတိုင်း တစ်ညလုံး နှင်းတောထဲမှာ မနက် မိုးလင်းအထိ ရှိနေမယ်ဆိုရင် လေဖြတ်ကုန်ကြမှာပဲ"

နောက်တစ်နေ့နံနက်စာ ထမင်းစားကြစဉ် မူမူဆွေက ယမန်နေ့ညက ဖြစ်ရပ်တို့ကို ပြန်လည်ပြောရင်း မှတ်ချက်ချလိုက်ခြင်းဖြစ်သည်။

ကိုအောင်ကို၊ လဲ့လဲ့ဆွေ၊ မူမူဆွေတို့နှင့်အတူ ထမင်းစားနေသည့် ဒေါ်လုံးရော နံဘေးမှ ဟင်းခွက်များထဲ ဟင်းထပ်ဖြည့်ပေးနေသည့် မထားတို့ပါ ထိုညကကိစ္စကို စိတ်လှုပ်ရှားစွာ





ဆွေးနွေးပြောဆိုနေမိကြ၏။

ထိုညက . . .

မူမူဆွေသည် အစ်မဖြစ်သူနှင့် ခဲအိုတို့အား တွေ့ရှိသည်နှင့် အိမ်ထောင်ထိန်းဒေါ်လုံးနှင့် အိမ်ဖော်မလေး မထားတို့ကို ပြေးနှိုးကာ လဲ့လဲ့ဆွေနှင့် ကိုအောင်ကိုတို့ကို ဝိုင်းဝန်း ထူမလျက် အိမ်ထဲသို့ ဦးစွာသွင်းခဲ့ရသည်။

နှင်းရည်တို့စိုရွှဲနေသည့် မျက်နှာနှင့်ဆံပင်တို့ကို တဘက်ဖြင့် သုတ်ပေးရပြီး မျက်နှာနှင့်လက်မောင်းတို့ကို ပုတ်ခတ်ကာ သတိရအောင် မနည်းကြိုးစားယူရသည်။

ရာသီဥတုက ချမ်းအေးလှသဖြင့် သတိလစ်နေသူတို့၏ နှုတ်ခမ်းများကြားသို့ ဘရန်ဒီအရက် အနည်းငယ်လောင်းထည့်ပေးရသည်။

ယင်းသို့ ကြိုးစားပြုစုပေးမှ နှစ်ဦးစလုံး တအင်းအင်း ညည်းညူကာ သတိပြန်ရလာကြခြင်းဖြစ်၏။

ထို့နောက် ကိုအောင်ကိုနှင့် လဲ့လဲ့ဆွေတို့ကို အဝတ်အစားလဲစေပြီးမှ အိမ်အောက်ထပ်ညှော်ခန်းသို့ ခေါ်သွားကြကာ မီးလင်းဖို ဖိုပြီး မီးလှုံစေခဲ့ရ၏။

ထိုအခါကျမှ တုန်လှုပ်မှုပြေပြီး လဲ့လဲ့ဆွေက သူမ ကြုံ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသမျှကို ပြန်ပြောပြသလို ကိုအောင်ကိုကလည်း ပြောပြခဲ့သည်။

"အင်း ... မနေ့ညက အဖြစ်အပျက်ဟာ တကယ်ပဲဖြစ်ခဲ့တာလား၊ အစ်ကိုတို့တွေ တွေ့ခဲ့မြင်ခဲ့တာဟာ တကယ်လား၊ ဒါမှမဟုတ် ဝရန်တာမှာထွက်ရပ်နေတုန်း ပန်းရနံ့တွေရပြီး ခေါင်းတရိပ်ရိပ် မူးသလိုဖြစ်လာရာက သတိလစ်သွားသလိုလို၊ အိပ်ပျော်သွားသလိုလိုဖြစ်ပြီး အိပ်မက်လိုလို တွေ့မြင်ခဲ့ရတာလားတော့ မသိဘူး"

"ဟုတ်တယ် ညီမလေးမူမူ ... မမလဲ့လည်း ဒီလိုပဲ၊ ခု ပြန်စဉ်းစားတော့ အဲဒီတုန်းက တကယ်ပဲ လက်တွေ့ကြုံခဲ့တာလား၊ အိပ်မက်မက်ပြီး လမ်းထလျှောက်သလိုမျိုးဖြစ်ပြီး ကြုံခဲ့ဆုံခဲ့ တွေ့ခဲ့ရတာလားဆိုတာ စိတ်ထဲ ဇဝေဇဝါဖြစ်နေမိတယ်"

"အင်း ... အစ်ကိုအောင်တို့၊ မမလဲ့တို့ပြောတာလည်း စဉ်းစားစရာပဲ၊ မမလဲ့ဟာ ငယ်ငယ်တုန်းက အိပ်မက်မက်ပြီး လမ်းထ ထလျှောက်ဖူးတယ်၊ နောက်ပြီး မနေ့ညတုန်းက အစ်ကိုအောင်တို့၊ မမလဲ့တို့ အိပ်သွားချိန်မှာ မူမူနဲ့ဒေါ်လုံးတို့ ဟိုမိန်းမကိုတွေ့ခဲ့တယ်ဆိုတဲ့အခန်းကို မီးအိမ်ယူပြီးသွားကြည့်ကြတယ်၊ အဲဒီအခန်းထဲမှာ ကြေးခုတင်ကြီးတွေ့ရတယ်၊ ခုတင်ပေါ်မှာ မွေ့ရာ





တွေ ဘာတွေ ခင်းထားတာမျိုး မရှိပါဘူး"

"ခက်တာပဲ ... အိပ်ရာခမ်းနားကို မမလဲ့ သေသေချာချာတွေ့ခဲ့ရတာ မူမူရဲ့၊ အင်း ... ခုပြန်စဉ်းစားကြည့်တော့လည်း ဇဝေဇဝါ ဖြစ်သွားပြန်ရော"

ဤနေရာတွင် တစ်ချိန်လုံး ငြိမ်လျက်နားထောင်နေသည့် ဒေါ်လုံးက ဝင်ပြောလေသည်။

"အင်း ... မလဲ့တို့ကို ဒေါ်လုံး တစ်ခုပြောပါရစေ"

"ပြောပါ ဒေါ်လုံး ... ဘာများလဲ"

"ဒီ ဒီလိုပါ ... ဒေါ်လုံးကြားဖူးတာ ပြောရရင် ပရလောကသားတွေနဲ့ ဆုံတွေ့လိုက်ရပြီးရင် အဲဒီပရလောကသားတွေက တွေ့ကြုံရတဲ့လူတွေကို စိတ်ထဲမှာ ထင်ယောင်ထင်မှား ဇဝေဇဝါ ဖြစ်အောင် လုပ်တတ်တယ်တဲ့"

ဒေါ်လုံး၏စကားအဆုံးဝယ် ကိုအောင်ကိုက ခေါင်းကိုဆတ်ကာ ...

"အေးဗျာ ... ဒေါ်လုံးပြောတာ ဖြစ်နိုင်တာပဲ၊ ကျွန်တော်လည်း အဲဒီလိုကြားဖူးတယ်"

ထို့နောက်မှာမူ မူမူဆွေသည် မည်သည့်စကားမျှ မဆိုတော့ဘဲ ထမင်းကိုသာ ငုံ့စားနေတော့၏။ သို့သော် သူမ၏



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်လေးအတွန့်ချိုးထားဟန်က တစ်စုံတစ်ရာကို နက်နက်နဲနဲ တွေးကာနေပုံမျိုး။

❊

ထိုနေ့ နေ့ခင်းပိုင်း၌ အိုင်ကြီးရွာတွင် အမဲသား၊ ဝက်သားနှင့် ရိက္ခာခြောက်များသွားဝယ်ပြီး လူရဲမြင်းဖြင့် ပြန်လာတော့ မူမူဆွေက ရိက္ခာထုပ်တို့ကို လက်ခံယူကာ ဒေါ်လုံးထံ အပ်ပြီးနောက် ...

"လူရဲ ... ခဏလောက်၊ မူမူ ပြောစရာရှိလို့"

ဟုဆိုကာ ခြံဘေးရှိ ကြက်တူရွေးပန်းရုံအောက်မှ အုတ်ခုံတန်းလေးဆီ ခေါ်သွားရာ လူရဲမှာ ယောင်ချာချာဖြင့် လိုက်ပါသွားရလေသည်။

"ဒီမှာ ခဏထိုင်ဦး ... မူမူ ပြောစရာရော, မေးစရာရော ရှိတယ်"

"ပြောပါ မမူမူ"

"မူမူလို့ပဲ ခေါ်ပါ၊ မူမူလည်း လူရဲလို့ပဲ ခေါ်မယ်နော်၊





ပြောစရာရှိတာက ဒီလို ဒီလို"

မူမူဆွေက ယမန်နေ့ညက သူမ၏အစ်မနှင့်ခဲအိုတို့ ကြုံတွေ့ရပုံတို့ကို ပြောပြလိုက်ပြီးလျှင် ...

"ဒီစံအိမ်ကြီးရဲ့ ဝရန်တာပေါ်ကနေ အရင်တုန်းက နေသွားတဲ့ သစ်တောဝန်ထောက်ကတော် ခုန်ချပြီး သေသွားတယ်လို့ လက်သမားဆရာကြီး ကိုမြဆောင်က မူမူ့ကို ပြောသွားဖူးတယ် လူရဲရဲ့၊ ဒီတော့ မမလဲ့တို့ တွေ့ကြုံခဲ့ရတဲ့ဖြစ်ရပ်နဲ့ အဲဒီဝန်ထောက်ကတော် သူ့ကိုယ်သူ သတ်သေသွားတယ်ဆိုတဲ့ ကိစ္စနှစ်ခုဟာ ဆက်များ ဆက်စပ်နေသလား၊ လူရဲ ဘယ်လိုထင်သလဲဟင်"

လူရဲက မျက်မှောင်ကြုတ်ကာ အတန်ကြာစဉ်းစားနေပြီးမှ မှတ်ချက်စကားဆိုသည်။

"ဟုတ်တယ် ... အဲဒီဖြစ်ရပ်နှစ်ခု ဆက်စပ်နေတယ်လို့ ကျွန်တော်ထင်တယ်၊ ပြောရရင် လွန်ခဲ့တဲ့နှစ်နှစ်လောက်က သေဆုံးသွားတဲ့ အဲဒီဝန်ထောက်ကတော် မြကြာဖြူဟာ ကျွတ်လွတ်ပုံမရဘူးဗျ"

"သူ့နာမည်က မြကြာဖြူ ... ဟုတ်လား"

"ဟုတ်တယ် မူမူ၊ အမျိုးသမီးက လှလည်းလှတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆိုရှယ်လည်းကျတယ်၊ အဲဒီတုန်းကလည်း ကျွန်တော်က သူတို့
အတွက် ရိက္ခာနဲ့အရက် မကြာခဏဝယ်ဝယ်ပေးရတယ်၊ သူ
ယောက်ျား သစ်တောဝန်ထောက် ကိုကြည်စိုးဟန်က အရက်
အင်မတန်သောက်တယ်''

''ဒါဆို မူမူ တစ်ခုမေးမယ် ... အဲဒီမြကြာဖြူဟာ
သူ့ဘာသာ ဝရန်တာပေါ်က ခုန်ချပြီး သတ်သေသွားတာ ဟုတ်
ရောဟုတ်ရဲ့လား၊ တစ်ယောက်ယောက်ကများ တွန်းချလိုက်တာ
လား၊ ဥပမာ သူ့ယောက်ျားက ဆိုပါတော့''

''အဲဒါတော့ ဘယ်သူမှ အတိအကျမသိဘူး၊ အဲဒီတုန်း
က ဆိပ်ဖြူဂါတ်က ပုလိပ်အင်စပက်တော်တွေ ရောက်လာပြီး
စစ်ဆေးခဲ့ကြတာပဲ၊ အခင်းဖြစ်တဲ့အချိန်မှာ ဝန်ထောက်ကိုကြည်
စိုးဟန်က အိမ်မှာရှိမနေဘူး၊ တောထဲမှာ အမဲလိုက်နေတယ်လို့
သိရတယ်''

''အင်း ... စဉ်းစားစရာပဲနော်၊ မမလှဲ့တို့လင်မယား
တွေ့ကြုံခဲ့ရတာဟာ အိပ်မက်လိုလို ကြုံခဲ့ရတာလား၊ ဒါမှမဟုတ်
မကျွတ်မလွတ်သေးတဲ့ မြကြာဖြူကပဲ အိပ်မက်ပေးသလိုလို၊
ကိုယ်ထင်ပြသလိုလို လုပ်တာလားမသိဘူးနော်''

''ဟုတ်တယ် မူမူ ... တစ်ခါတစ်ရံမှာ ပရလောကသား





တွေဟာ သူတို့ရဲ့ဖြစ်ရပ်မှန်တွေကို လူတွေသိအောင် ပြုလုပ်ပြ
တတ်တယ်လို့တော့ ကြားဖူးတယ်''

''မူမူသိချင်တာက အဲဒီမြကြာဖြူဟာ သူ့ကိုယ်သူ
တကယ်ပဲ သတ်သေခဲ့တာလား၊ ဝရန်တာပေါ်က တွန်းချပစ်ချခံ
ခဲ့ရတာလားဆိုတာကိုပဲ''

''ဒါဆို သူနေခဲ့တဲ့အခန်းမှာ သဲလွန်စရှာကြည့်ပေါ့ မူမူ''

''ဟုတ်တယ် မူမူက အဲဒါမျိုးဆို သိပ်စိတ်ဝင်စားတာ၊
လေ့လာကြည့်ရဦးမယ်''

ပြုံးလျက်ပြောနေသော မူမူ့ဆွေကို လူရဲက အံ့သြသလို
ကြည့်သည်။

''မူမူက မကြောက်တတ်ဘူးလားဟင်''

''ဟင့်အင်း ... မူမူက အဲဒီလို ပရလောကတို့ ဘာတို့
ကို သိပ်စိတ်ဝင်စားတာရှင့်၊ စူးစမ်းလေ့လာချင်တဲ့ စိတ်ကများနေ
တော့ ကြောက်ဖို့မေ့နေသလားတောင် မသိပါဘူး ... ဟင်း
ဟင်း''

''ကဲ ... ကိုယ်ပြန်တော့မယ်၊ ထူးခြားတာတွေ့ရင်
ကိုယ့်ကို ပြောပါလား''

ပြောရင်း လူရဲက ထိုင်ရာမှထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောမယ် ပြောမယ် . . . စိတ်ချ"

မူမူဆွေကလည်း ရယ်ဟာဟာပြောကာ ထိုင်ခုံမှ ထသည်။ သူမသည် လုပပျိုမျစ်သလောက် သဘောသဘာကကောင်းပြီး ပွင့်လင်းဖော်ရွေသူလေးဖြစ်၏။ အဆင့်အတန်းလည်း ခွဲခြားတတ်ပုံ မရ။

လူရဲက တစ်ခါနှစ်ခါသာ စကားပြောဖူးသော်လည်း တရင်းတနှီး ဆက်ဆံတတ်သည့် မူမူဆွေကို ခင်မင်သွားတော့သည်။

❋

အသေဆိုးဖြင့် သေဆုံးကွယ်လွန်ခဲ့သည့် ဝန်ထောက်ကတော် မြကြာဖြူ အိပ်ခန်းထဲသို့ မူမူဆွေတစ်ယောက်တည်း ဝင်သွားတော့ နေ့လယ်နှစ်နာရီထိုးနေပြီ ဖြစ်၏။

သူမက ပြတင်းတံခါးကို ဖွင့်လိုက်ပြီး ဖုန်ထူတက်နေသည့် အိပ်ခန်းအနှံ့သို့ အတန်ကြာ မျက်လုံးဝေ့ကြည့်နေသေး၏။

ဆယ့်ငါးပေပတ်လည်မျှ ကျယ်ဝန်းသည့်အိပ်ခန်းကြီးထဲတွင် ရှင်းလင်းလျက်ရှိပြီး နံရံကပ်ဗီရိုကြီးတစ်လုံးနှင့် ကြေးခုတင်ကြီးသာရှိသည်။

မူမူဆွေက ကျွန်းဗီရိုကြီးအနီးသို့ ချဉ်းကပ်သွားပြီး သေချာစွာ လေ့လာစူးစမ်းကြည့်လိုက်၏။

ဗီရို၏တံခါးရွက်ရှိ မှောက်လက်နှစ်ခု၌ သော့ခတ်ထား၏။ သစ်သားထဲမြှုပ်ထားသည့် သော့အိမ်ဖြင့် ပိတ်ထားခြင်းမျိုး မဟုတ်ချေ။

သူမက ဗီရိုမှောက်လက်တို့မှ အာ့မခံသော့ခလောက်တို့ကို ဆွဲကိုင်ကာ လှုပ်ယမ်းကြည့်လိုက်သည်။

ပြီးလျှင် အိပ်ခန်းထဲမှ ထွက်ခဲ့ပြီး အောက်ထပ်သို့ ဆင်းလာခဲ့၏။ ယင်းအချိန်တွင် လှဲ့လှဲ့ဆွေတို့လင်မယားမှာ ခြံထဲမှ ကျောက်ခုံတို့တွင် ထိုင်ကာ ဝတ္ထုစာအုပ်ကိုယ်စီကို စိတ်အေးလက်အေး ဖတ်လျက်ရှိနေကြသည်။

ဒေါ်လုံးနှင့်မထားတို့က နောက်ဖေးဆောင်မှာ ဆန်ပြာရင်း စကားပြောနေကြ၏။

မူမူဆွေက မီးဖိုဆောင်နှင့်ကပ်လျက်ရှိ စတိုခန်းထဲ ဝင်သွားကာ သံတူရွင်းကို ရှာပြီး အိပ်ပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။







www.burmeseclassic.com

www.burmeseclassic.com



မြကြာဖြူ၏ အိပ်ခန်းထဲသို့ ပြန်ဝင်ခဲ့ပြီးလျှင်မူ ဗီရိုကြီး၏ တံခါးမျောက်လက်ကို ထိုသံတူရွင်းဖြင့် အားစိုက်ကော်ဖွင့်တော့၏။

အတော်လေး အားစိုက်ဖွင့်လိုက်သည်တွင် မျောက်လက်တို့ ကျိုးပျက်ပြုတ်ထွက်သွားတော့သည်။

မူမူဆွေက ဗီရိုကြီး၏တံခါးရွက်တို့ကို ဖွင့်လိုက်သည်တွင် ဗီရိုကြီး၏အပေါ်ပိုင်းအကန့်တို့၌ မိန်းမဝတ်အင်္ကျီ၊ ဂါဝန် စသည့် အဝတ်အစားရောင်စုံတို့ကို အထပ်လိုက်တွေ့ရလေသည်။

ယင်းအကန့်တို့၏ အောက်ဆုံးတွင်မူ အံဆွဲနှစ်ခုကို တွေ့ရပြီး သစ်သားထဲ မြှုပ်ထားသည့် သော့အိမ်တို့ဖြင့် သော့ခတ်ပိတ်ထားလေ၏။

မူမူဆွေက ကြာကြာစဉ်းစားမနေတော့ဘဲ ယင်းသော့အိမ်တို့ကို သံတူရွင်းဖြင့် ထုထောင်းတော့သည်။

'ဒုန်း ဒုန်း ဒုန်း'

အတန်ကြာသည်၌ သစ်သားစများ ဖွာထွက်ပြီး အထဲမှ သော့အိမ်တို့ ပြုတ်ထွက်လာတော့၏။

ထိုအခါမှ အံဆွဲနှစ်ခုစလုံးကို မူမူဆွေက ဆွဲဖွင့်လိုက်တော့သည်။

ပထမဝဲဘက်အံဆွဲထဲ၌ စာအိတ်ကြီးတစ်အိတ်ကို တွေ့ရ





ပြီး ယင်းစာအိတ်ထဲ၌ ဓာတ်ပုံအထပ်လိုက်ကိုတွေ့ရလေ၏။

မူမူဆွေက ယင်းဓာတ်ပုံများကို တစ်ပုံချင်း ထုတ်ကြည့်လိုက်သည်။

ဓာတ်ပုံများမှာ ဥရောပဝတ်စုံဝတ်ထားသည့် အမျိုးသားတစ်ဦးနှင့် ဂါဝန်ဝတ်ထားသော အမျိုးသမီးတစ်ဦးတို့ နောက်ခံ (Background) မျိုးစုံဖြင့် ရိုက်ထားသည့်ပုံတို့ကများပြီး ဂါဝန်ရှည်ဝတ် အမျိုးသမီး၏ တစ်ပုံချင်းက ဆယ်ပုံခန့်ပါရှိလေသည်။

ဓာတ်ပုံထဲမှ အမျိုးသမီးမှာ ချောမောပြေပြစ်ပြီး ကိုယ်လုံးကိုယ်ပေါက် ဖွံ့ထွားလှပသူဖြစ်၏။

သူမ ခပ်ငယ်ငယ်အရွယ်ကပုံများမှာ ဆံပင်ဖြောင့်သော်လည်း အရွယ်ရမှ ရိုက်ထားသောပုံများနှင့်စုံတွဲပုံများတွင်မူ ဆံပင်တို့က ကောက်ကာ ကုပ်ပေါ်ဝဲနေသည်ကို တွေ့ရခြင်းအားဖြင့် သူမသည် အရွယ်ရောက်မှ သို့မဟုတ် အိမ်ထောင်ကျပြီးမှ ဆံပင်ကောက်လိုက်ခြင်းဖြစ်ပုံရလေသည်။

မည်သို့ပင်ဖြစ်စေ ထိုအမျိုးသမီး၏ရုပ်သွင်နှင့် ကိုယ်နေဟန်ထားဝတ်စားပုံတို့မှာ ခေတ်ဆန်ပြီး အရာရှိကတော်တစ်ဦး၏ ဟန်ပန်အပြည့်ပါကာ ဆွဲဆောင်မှုရှိသည်မှာ အမှန်ပင်ဖြစ်ပါ၏။

ထိုဓာတ်ပုံထဲတွင် ထူးခြားသောပုံတစ်ပုံမှာ စာအိတ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်အိတ်နှင့် သီးခြားထည့်ထားသည့် အမျိုးသားတစ်ဦး၏ ပုံပင် ဖြစ်ပါ၏။

ထိုအမျိုးသားမှာ စုံတွဲပုံများထဲမှ အမျိုးသားနှင့် ရုပ်ချင်း အတန်ငယ်ဆင်ပြီး ဓာတ်ပုံ၏အနားသားတို့မှာ အတွန့်လေးများ ဖြင့်ဖြစ်ကာ ဓာတ်ပုံ၏ကျောဘက်၌ အောက်ဖော်ပြပါ စာတန်း လေးကို တွေ့ရလေသည်။

ချစ်အတွက် ...

ရော်

"ဒီစုံတွဲဓာတ်ပုံတွေကတော့ မြကြာဖြူ သူ့ရဲ့ယောက်ျား သစ်တောဝန်ထောက် ကိုကြည်စိုးဟန်တို့ရဲ့ပုံတွေပဲ ဖြစ်ရမယ်၊ အင်း ... ဒီယောက်ျားကရော ဘယ်သူပါလိမ့်၊ ရော်ဆိုတာ ပဲနဲ့ တူပါရဲ့၊ ချစ်ဆိုတာကရော ဘယ်သူ့ကို ရည်ရွယ်ပါလိမ့်"

မူမူဆွေက ယင်းဓာတ်ပုံတို့ကို ယူထားလိုက်ပြီးလျှင် လက် ယာဘက်အံဆွဲထဲသို့ ကြည့်လိုက်လေသည်။

"ဟင် ... ဒီထဲမှာ ဒိုင်ယာရီစာအုပ်လေးတစ်အုပ်ပါ လား"





သားရေဖုံး အစိမ်းရင့်ရောင် ဒိုင်ယာရီစာအုပ်လေးကို သူမက ယူလိုက်ပြီး ရှေ့ဆုံးစာမျက်နှာကို လှန်ကြည့်လိုက်လေ သည်။

ထိုစာမျက်နှာပေါ်တွင် လှပဝိုင်းစက်သည့် လက်ရေး လေးဖြင့် မြကြာဖြူဟု ရေးထိုးထားသည်ကို တွေ့ရလေ၏။

မူမူဆွေက နောက်စာမျက်နှာတို့ကို လှန်ကြည့်လိုက်ရာ ဒိုင်ယာရီပီသစွာ နေ့စွဲများထိုးပြီး တစ်နေ့ချင်းရေးသားမှတ်တမ်း တင်ခြင်းမျိုးမဟုတ်ဘဲ တွေ့ကြုံခံစားသမျှကို အလျဉ်းသင့်သလို ရေးထိုးမှတ်တမ်းတင်ထားကြောင်း တွေ့ရလေသည်။

"အင်း ... ဒါဟာ မြကြာဖြူရဲ့မှတ်တမ်းစာအုပ်ပဲ၊ ဟုတ်ပြီ ... ဒီစာအုပ်ကို သေချာဖတ်ကြည့်ရင် မြကြာဖြူရဲ့ အကြောင်းကို သိရမှာပဲ၊ မြကြာဖြူ ဘာဖြစ်လို့ သေဆုံးရသလဲ ဆိုတာကိုတောင် သိနိုင်လိမ့်မယ်ထင်တယ်၊ ဒါဟာ ငါလိုချင်နေ တဲ့ အကောင်းဆုံး သဲလွန်စပဲ"

မူမူဆွေမှာ ဝမ်းသာအားရဖြစ်သွားပြီး ဓာတ်ပုံတို့နှင့် မှတ်တမ်းစာအုပ်လေးကို ယူလိုက်ပြီးလျှင် အံဆွဲများကိုရော၊ ဗီရိုတံခါးကိုပါ ပြန်ပိတ်လိုက်လေသည်။

ထို့နောက်မှာမူ မြကြာဖြူ၏အိပ်ခန်းထဲမှ ထွက်လာခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူမ၏အိပ်ခန်းထဲဝင်ခဲ့ကာ တံခါးကို အတွင်းမှ ချက်ထိုးထား လိုက်လေသည်။

ပြီးလျှင် ခုတင်ပေါ်လှဲအိပ်လိုက်ပြီး မြကြာဖြူ၏ မှတ်တမ်းစာအုပ်လေးကိုဖွင့်ကာ စိမ်ပြေနပြေ ဖတ်လိုက်ပါတော့သတည်း။

❊ ❊ ❊



# အခန်း (၃)

## မြကြာဖြူ၏မှတ်တမ်း

ထူးဆန်းသောဂမုန်း

ဂမုန်းတာရွေ

ရမ္မက်နှိဂုံး

မိစ္ဆာနှင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

## မြကြာဖြူ၏မှတ်တမ်း

ကျွန်မ မြကြာဖြူရဲ့ဘဝမှာ အကြီးမားဆုံးအမှားကတော့ မချစ်မနှစ်သက်သူကို လက်ထပ်ခဲ့မိခြင်းပဲ ဖြစ်ပါတယ်။

ဒါထက်ပိုဆိုးတာက အချစ်ဆိုတာကို လုံးဝ နားမလည်တဲ့သူကိုမှ လင်ယောကျ်ားတော်မိခြင်းပါပဲ။

တကယ်တော့ ကျွန်မဟာ ကျွန်မတို့ရဲ့ဇာတိမြို့မှာ ချစ်သူကြိုက်သူများလှတဲ့ အလှကေရီတစ်ပါးပါပဲ။

ကျွန်မရဲ့အလှကို မက်မောခုံမင်သူတို့ရဲ့ကြားမှာ ကျွန်မဟာ ရေပန်းစားလှပါတယ်။

ကျွန်မ အပျိုဖော်ဝင်စမှာပဲ ကျွန်မရဲ့အလှအပတို့ဟာ



www.burmeseclassic.com

www.burmeseclassic.com



မိုးဦးကျကာလမှာ မဟာပထဝီမြေကြီးထဲကနေ မျှစ်စို့တို့ ငွားငွား စွင့်စွင့် ထွက်ပြူလာသလို ထွားရွှား ထွက်ပေါ်စွင့်ကားလာတယ် လို့ ဆိုရမယ်။

အဲဒီကတည်းက ကျွန်မလမ်းထွက်ရင် ပုရိသယောကျ်ား သားတွေရဲ့ အာသာငမ်းငမ်း မျက်လုံးအကြည့်တို့ဟာ ကျွန်မရဲ့ ခန္ဓာကိုယ်ပေါ်မှာ ပရမ်းပတာ ယစ်မူးကျက်စားကြတော့တာပါပဲ။

ကျွန်မ မျက်လုံးလေးတစ်ချက် ဝင့်ကြည့်လိုက်ရုံနဲ့ သကောင့်သားတို့ ရင်ခုန်ကြရပြီပေါ့။

ကျွန်မကလည်း ကျွန်မရဲ့အလှပွင့် အလှဖူးတို့အပေါ် ဆန့်ကျင်ဘက်ယောကျ်ားသားတို့ တိမ်းတိမ်းမူးမူးဖြစ်နေတာကို ကျေနပ်ပြီး အသာယာကြီးသာယာနေမိတာ အမှန်ပါပဲ။

ကျွန်မရဲ့မိဘများဟာ ချမ်းသာကြွယ်ဝကြသူများတော့ မဟုတ်ကြပါဘူး။ အိမ်ဆိုင်လေးဖွင့်ပြီး ဘဝကို အနိုင်နိုင်ရပ်တည် နေကြသူများပါ။

ဒါပေမဲ့ ကျွန်မဟာ မာဂရက်အမည်နဲ့ ကျွန်မတို့မြို့က အင်္ဂလိပ်ကျောင်းမှာ ခုနစ်တန်းတက်နေပြီး အတန်းဖော် သူငယ် ချင်းမများနဲ့အပြိုင် ဝတ်ရ စားရမှ ကျေနပ်သူပဲ ဖြစ်ပါတယ်။

"မာမီ ... ရှယ်လီဝင်းတို့ (Birthday Party) မွေးနေ့





ပါတီမှာဝတ်ဖို့ ဂါဝန်အသစ်ချုပ်ပေးနော်"

"ဟဲ့ မိလေးမြ ... ငါ့ကို မာမီ မာမီနဲ့မခေါ်ဖို့ ပြော ထားတာ ဘယ်နှခါရှိပြီလဲ၊ အဖေဗမာ အမေဗမာက မွေးထားပြီး ဘာမာမီလဲ၊ အမေလို့ခေါ်ချင်ခေါ်၊ ကျုပ်တို့အညာလေနဲ့ အစ်မလို့ ခေါ်ချင်ခေါ်စမ်း"

"အို ... မခေါ်ချင်ပါဘူး၊ သမီးက ဘိုကျောင်းတက်နေ တာ၊ ဘိုလိုပဲခေါ်နိုင်မယ်"

"အေး ... အဲဒါကြောင့် ညည်းကို ဘိုကျောင်းမထား ချင်တာ၊ ဘယ့်နှယ်တော် ... ဘိုကပြားသားသမီးတွေနဲ့ပေါင်းပြီး ဘိုလမ်းလိုက်ချင်တဲ့ဟာမ၊ တောက် ... ငါ မပြောလိုက်ချင်ဘူး"

အဖေတို့၊ အမေတို့ကတော့ ဒီလိုပါပဲ။ ဘယ်တော့မှ ခေတ်နဲ့အညီ မလိုက်နိုင်ဘဲ တိုက်ဂေါ်ကျနေသူတွေ။

ကျွန်မကတော့ မြို့က အရာရှိအရာခံသားသမီး၊ ကြီးကြီး မားမားသားသမီးတွေနဲ့ပဲ ရွေးပေါင်းသူမို့ သူတို့လို ဝတ်နိုင် စားနိုင်ဖို့ပဲ နည်းမျိုးစုံနဲ့ ကြိုးစားတယ်။

သူငယ်ချင်းတွေနဲ့ ပါတီပွဲတွေ တက်တယ်။ ရည်းစား ထည့်လဲထားတယ်။

ဒါပေမဲ့ ဘယ်သကောင့်သားကိုမှ ကြာကြာ မတွဲဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ခြေတော်ရင်းမှာ ခေါ်ခေါ်ကပ်ပျော်ကျလာတဲ့သူတွေထဲက စတိုင်လ်ကျကျ၊ စမတ်ကျသူ သုံးနိုင်ဖြုန်းနိုင်သူတွေကိုပဲ ရွေးတွဲတယ်။

အမေက ကျွန်မရည်းစားများလို့ ဆူတယ်။ အဖေက ဓားကြိမ်းကြိမ်းတယ်။ ဒါပေမဲ့ ကျွန်မ ဂရုမစိုက်ဘူး။ လုပ်ချင်ရာ လုပ်ရင်း ပျော်နေတာပဲ။

အဖေတို့အမေတို့ကလည်း ကျွန်မ ဘာလုပ်လုပ် အပြစ်မြင်ပြီး ပူညံပူညံနဲ့ ကန့်ကွက်တတ်ပေမယ့် နောက်ဆုံးကျတော့ တစ်ဦးတည်းသောသမီးလေးဖြစ်တဲ့ ကျွန်မရဲ့အလိုကို လိုက်ရတာပါပဲ။ ပူဆာသမျှကို ဝယ်ပေး၊ ဖြည့်တင်းပေးရတာပါပဲ။

ဘာပဲဖြစ်ဖြစ် ကျွန်မဟာ လူကုံထံသားသမီးတွေနဲ့ တွဲပြီး ဆိုရှယ်ကျရတာကို ပျော်တယ်။ ပုရိသယောကျ်ားတွေကို လှည့်ဖြားချင်တိုင်းလှည့်ဖြား အနိုင်ယူရတာကို သဘောကျတယ်။

ကျွန်မရဲ့စွန့်ခွာခြင်းခံရလို့ ဒါမှမဟုတ် ငြင်းပယ်ခြင်းခံရလို့ ယောကျ်ားလေးတစ်ယောက် မျက်ရည်ကျရတယ်၊ အရက်အိုးထဲ ခေါင်းစိုက်သွားရတယ်ဆိုရင် ဒါဟာ ကျွန်မရဲ့ မဟာအောင်ပွဲအဖြစ် ပျော်မဆုံးတော့ဘူး။ မော်ကြွားမဆုံးတော့ဘူး။

ဟုတ်တယ်လေ … ကျွန်မလို အခွင့်အရေးမျိုး တော်ရုံ





မိန်းကလေး ရတာမှတ်လို့။

တဖြည်းဖြည်းနဲ့ … ကျွန်မဟာ ကျောင်းမှာရော ရပ်ရွာထဲမှာပါ အသည်းစားကေရီအဖြစ် ကျော်ကြားလာတယ်။

ယောကျ်ားလေးတွေဟာ ကျွန်မနဲ့တွဲရမှာ၊ ကျွန်မကို ချစ်ရမှာ ရွံ့လာကြတယ်။

ဒါပေမဲ့ ကျွန်မရဲ့အလှကွန်ရက်ကနေ သူတို့ မရုန်းနိုင်ကြပါဘူး။ တစ်ယောက်ကိုခါချလိုက်ချိန်မှာ နောက်တစ်ယောက်က ကျွန်မရဲ့ရှေ့မှာ ဒူးထောက်လာတာပါပဲ။

“ယူ ဒီလောက် ရက်စက်တတ်တာတောင် ကောင်လေးတွေက ယူမှယူပဲနော်”

“ဟင်း ဟင်း … ဒီလိုပဲဖြစ်ရမယ်လေ”

“ယူ့ကြောင့် အသည်းကွဲရသူတွေ အများကြီးပဲ၊ ဒါပေမဲ့ ဘယ်ယောကျ်ားလေးကြောင့်မှတော့ ယူ အသည်းမကွဲခဲ့ဘူးနော်”

“အို … ကွဲစရာလား၊ အိုင်က အစွန့်ပစ်ခံမှ မဟုတ်တာ၊ သူတို့ကသာ အိုင့်ရဲ့ အစွန့်ပစ်ခံ ဖြစ်သွားရတာလေ၊ ဒါကြောင့် အသည်းကွဲချင်းကွဲရင် သင်းတို့ပဲ ကွဲရမှာပေါ့၊ မဟုတ်ဘူးလား မေရီရဲ့ … ဟား ဟား ဟား”

ယောကျ်ားလေးတွေနဲ့ပတ်သက်ရင် အဲဒီလို အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲခံ ရယ်ပွဲဖွဲ့ခဲ့တဲ့ကျွန်မက တစ်ကြိမ်မှာတော့ မဟာအရှက်တော်ကွဲဖို့ ကြုံလာရတော့တယ်။

အဲဒီတုန်းက တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ကျွန်မရဲ့မိဘတွေကလည်း သူတို့ရဲ့မိတ်ဆွေရင်းရဲ့သား သစ်တောဝန်ထောက်ကိုကြည်စိုးဟန်နဲ့ လက်ထပ်ပေးချင်လွန်းလို့ ကျွန်မကိုနားချနေတဲ့ အချိန်ပေါ့။

"စိတ်ကူးမလွဲနဲ့ သမီး ... အဲဒီ မောင်ကြည်စိုးဟန်က အိန္ဒိယပြည် သစ်တောတက္ကသိုလ်ကတောင် ဘွဲ့ရခဲ့တာပဲ၊ နောင်ဆို သစ်တောမင်းကြီးတောင် ဖြစ်နိုင်တဲ့အလားအလာ ရှိသူတဲ့ကွဲ့၊ အနေလည်း အင်မတန်ရိုးတဲ့ သူငယ်၊ သူ့အဖေနဲ့ ညည်းအဖေဟာ မုံရွာမှာနေတုန်းက ငယ်သူငယ်ချင်းတွေ၊ မျိုးကောင်းရိုးကောင်းလေးမို့ ငါ့သမီးကို လင်ကောင်းသားကောင်းရစေချင်တာနဲ့ အမေတို့ စီစဉ်ပေးချင်တာပါကွယ်"

"အို ... တော်ပါ အမေရယ်၊ သက်တူရွယ်တူလည်း မဟုတ်ဘဲနဲ့"

"သမီးထက် လေးနှစ်လောက်ပဲ ကြီးတာပါကွယ်"

"အို ... ဘာပဲဖြစ်ဖြစ် သမီး လင်မယူချင်သေးဘူး၊ ခုလိုဘဝမျိုးပဲ ကြိုက်တယ်"





"အေး ... ညည်း အဲဒီလို ပေါ့လျှံ့လျှံ့နေလို့ စီစဉ်ချင်တာအေ့ ... သိရဲ့လား။ ခု စာမေးပွဲ ခဏခဏကျ၊ ကျောင်းထုတ်ခံရနဲ့ ဒီမြို့မှာ ညည်း ဘယ်လောက်နာမည်ပျက်နေသလဲ သိရဲ့လား၊ ဒါကြောင့် ညည်းရဲ့အသရေကို ဆယ်ဖို့ အဖတ်ဆယ်ဖို့ စီစဉ်ရတာ ... သိရဲ့လား"

"အို ... သမီးက ဘာကိုမှ ဂရုမစိုက်ဘူး၊ ခု ကျောင်းမနေရတော့ ဘာဖြစ်သေးလဲ၊ စိတ်ကြိုက် အလှပြင်လို့တောင်ရတယ်၊ ဟောဒီဆံပင်ကို ဟောလီးဝုဒ်မှင်းသမီး မွန်ရိုးလိုကောက်ဦးမှာ၊ ဘီကီနီဝတ်ပြီး ခရိုင်အလှမယ်ပြိုင်ပွဲမှာ ဝင်ပြိုင်ဦးမှာ"

"တောက်"

စာမေးပွဲကျတဲ့အတွက်ရော၊ ကျောင်းမှာ ကျွန်မ တစ်ပြိုင်နက်တည်း ထားလိုက်တဲ့ ရည်းစားကောင်လေးနှစ်ယောက် အချင်းများပြီး ရန်ဖြစ်ကြ၊ ရိုက်ကြ နှက်ကြတဲ့အတွက်ကြောင့်ရော ကျွန်မဟာ ကျောင်းထုတ်ခံလိုက်ရပါတယ်။

ကျောင်းအထုတ်ခံခဲ့ရတဲ့နေ့ကစပြီး ကျွန်မဟာ လောကကို အရွဲ့တိုက်ချင်စိတ်နဲ့ ရည်းစားတွေကို ပိုလို့ထားပြီး ပိုလို့ တွဲခုတ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ကျွန်မတို့မြို့ကိုပြောင်းလာတဲ့ လယ်ပိုင် ထောက်ရဲ့သား ဖြိုးမောင်မောင်နဲ့ ရည်းစားဖြစ်ခဲ့တယ်။

ဖြိုးမောင်မောင်ဟာ ရန်ကုန်သားဖြစ်ပြီး ရန်ကုန်ယူနီ ဗာစီတီကျောင်းသားကြီးမို့ စတိုင်လ်က အတော်ကိုသားနားတယ်။ ကျွန်မတို့မြို့က ကာလသားတွေနဲ့တော့ တခြားစီပဲ။ အသားဖြူဖြူ သန့်သန့်ချောချော။ ကျွန်မတွဲဖူးတဲ့ ယောကျာ်းလေးတွေထဲမှာ တော့ ထိပ်တန်းအကျဆုံး ဒိတ်ပါပဲ။

သူ့ရဲ့အဖေက အစိုးရအရာရှိမင်းဖြစ်သလို သူ့ရဲ့အမေ ဘက်ကလည်း မြစ်ဝကျွန်းပေါ်ဘက်မှာ လယ်ပိုင်ရှင် မြေပိုင်ရှင် မျိုးရိုးတဲ့။

ဒါကြောင့် ကျွန်မဟာ သူ့ကို လက်ထပ်ယူဖို့အထိ ရည် ရွယ်ခဲ့တယ်။ ရည်းစားဖြစ်ပြီး တစ်လအကြာမှာပဲ ကျွန်မရဲ့ ရည်ရွယ်ချက်ကို ထုတ်ပြောခဲ့တယ်။

ကျွန်မက သူ့ကို လက်ထပ်ခွင့်ပေးမယ်ဆိုတော့ သူ တော်တော်ဝမ်းသာသွားပုံပဲ။

"ဘယ့်နှယ်လဲ ... အိုင့်ကိုလိုချင်သူတွေအများကြီးထဲ က ယူ့ကို လက်ထပ်ဖို့ခွင့်ပေးလိုက်တော့ အိုင်ယာလန်ထိ ပေါက် သွားထက် ပျော်သွားတယ်ပေါ့ ... ဟုတ်လား"





လို့ ကျွန်မက မော်မော်ကြွားကြွား မေးလိုက်တော့ သူက ပြုံးနေတယ်။

ဒါပေမဲ့ နောက်တစ်ပတ်အကြာမှာပဲ အဲဒီဖြိုးမောင်မောင် ဆိုတဲ့ မိစ္ဆာကောင်ဟာ ကျွန်မရဲ့ပြိုင်ဘက် မေရီဖူးကို ခိုးပြေးသွား ခဲ့တယ်။

မေရီဖူးရဲ့မိဘတွေကလည်း မြို့မျက်နှာဖုံး လူကုံထံတွေ ပဲလေ။ နောက် အသိုင်းအဝိုင်းကောင်းသူချင်းဆိုတော့ နှစ်ဖက် ညှိနှိုင်းပြီး ကျွန်မတို့မြို့မှာပဲ အကြီးအကျယ် မင်္ဂလာဆောင်ခဲ့ တယ်။

ကျွန်မတို့မြို့ရဲ့သမိုင်းမှာ အကြီးကျယ် အစည်ကားဆုံး မင်္ဂလာပွဲ ဖြစ်ခဲ့တယ်။

ကျွန်မလည်း အကြီးအကျယ် အရှက်တော်ကွဲခဲ့ရတာ ပေါ့။

ဒီမှာတင် ကျွန်မဟာ မခံချင်ဖြစ်ပြီး ...

"ဟေ့ ... မာဂရက်တို့က ဝန်ထောက်သားလောက်ကို စာရင်းမလုပ်ဘူး။ ဝန်ထောက်လောက်မှ ချိတ်မှာ ... သိရဲ့ လား"

လို့ ကြွေးကြော်ပြီး အမေတို့ အဖေတို့ ပေးစားချင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သစ်တောဝန်ထောက် ကိုကြည်စိုးဟန်ကို ချက်ချင်းပဲ လက်ထပ်ယူခဲ့တာပေါ့။

မင်္ဂလာပွဲကိုလည်း မေရီဖူးတို့ရဲ့ မင်္ဂလာဆောင်ထက် ကြီးကျယ်ခမ်းနားအောင် ကျင်းပပေးဖို့ တောင်းဆိုလိုက်တယ်။

ကိုကြည်စိုးဟန်တို့ဘက်ကလည်း ကျွန်မ,ဖြစ်စေချင်တဲ့အတိုင်း အစွမ်းကုန် လိုက်လျောဖန်တီးပေးခဲ့တယ်။

မေရီဖူးတို့ မင်္ဂလာပွဲတွဲနေတုန်းက ကျွန်မကို ရှုတ်ချလှောင်ပြောင် ကဲ့ရဲ့ခဲ့သူတွေ ပါးစပ်ပြဲသွားကြတယ်။

ဘာရမလဲ ...

ကျွန်မက ဘဝမှာ ဘယ်အရာမဆို တောင့်တရင် ရမှကြိုက်သူ ဖြစ်တဲ့အတိုင်း ကိုယ်လိုချင်တဲ့အနေအထားကို ရအောင် ဖန်တီးယူပြီး အောင်ပွဲခံခဲ့တယ်။ ခေါင်းကိုမော့၊ ရင်ကိုကော့ခဲ့တယ်။

ဘဝမှာ တောင့်တတာကို ရအောင်ယူနိုင်သူလို့ ကျွန်မကိုယ်ကျွန်မ အထင်တကြီးနဲ့ ဘဝင်မြင့်ခဲ့တယ်။

အဲဒါဟာ ကျွန်မ တကယ့်ကိုမှားခဲ့တာပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ ...

အဲဒီအချိန်ကစပြီး ကျွန်မရဲ့ဘဝမှာ ကျွန်မ တကယ်တောင့်တတဲ့အရာကို ဘဝတစ်လျှောက်လုံး မရတော့လို့ပါပဲ။





အဲဒါဟာ ဘာလဲဆိုတော့ ...

အချစ်လေ ...

အချစ်ပဲပေါ့ ...။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောဂမုန်း

ဖြစ်ချင်တော့ ကျွန်မလက်ထပ်ပြီး နှစ်လအကြာမှာပဲ ကျွန်မရဲ့အဖေဆုံးတယ်။ နောက် ခြောက်လအကြာမှာ အမေဆုံး တယ်။

ကျွန်မ မိဘမဲ့၊ ဆွေမျိုးသားချင်းမဲ့သွားတဲ့အချိန်မှာပဲ ကျွန်မရဲ့ယောကျ်ားဟာ ဂန့်ဂေါ်သစ်ထုတ်ရေးခရိုင်ကို အလုပ် ပြောင်းရတယ်။ ကျွန်မလည်း သျှောင်နောက်ဆံထုံးပါရတော့တာ ပေါ့။

ဒါပေမဲ့ သူက ဂန့်ဂေါ်မှာမနေဘဲ ထီးလင်းဘက်က ဘိုတဲမှာ ခဏနေတယ်။





နောက် ပေါက်နဲ့ဒိုင်ကြီးကြားက မင်းမခကုန်းမှာ နေကြမယ်ဆိုပြီး ဟောဒီ ဘောဂကြီးစံအိမ်ကို နှစ်ချုပ်နဲ့ ငှားလိုက်တယ်။

သူက ဒီစံအိမ်ကြီးကို သိပ်သဘောကျတယ်။

သူက အမဲလိုက် အင်မတန်ဝါသနာပါသူဖြစ်လို့ သစ်တော သစ်ကွက်တွေဆီ မဆင်းရတဲ့ရက်တွေမှာ သူ့မိတ်ဆွေ အစိုးရအရာရှိတွေကို အိမ်ခေါ်လာတယ်။ ဒီမှာစတည်းချပြီး မြောက်ဘက်နဲ့ အနောက်ဘက် တောင်ခြေတောအုပ်တွေထဲ အမဲလိုက်ထွက်ကြတယ်။

တစ်ခါ တစ်ခါ အမဲလိုက်ထွက်ရင် သုံးလေးရက် ကြာတယ်။ အိမ်မှာ ကျွန်မနဲ့ အိမ်စေထမင်းချက်မိန်းကလေးတွေပဲ ကျန်ရစ်ခဲ့တယ်။

ဒီ ဘောဂကြီးစံအိမ်ဟာ သူ့ရဲ့မိတ်ဆွေတွေ လာကြ၊ စားကြ သောက်ကြ၊ တည်းခိုကြတဲ့အခါတော့ လူသူစည်ကားနေပြီး သူ သစ်ကွက်တွေဆီသွားတဲ့အခါ၊ ဂန့်ဂေါ်သစ်တောရုံးသွားတဲ့အခါ၊ အမဲလိုက်ခရီးရက်ရှည် ထွက်တဲ့အခါတွေမှာ ဘောဂကြီး စံအိမ်ဟာ ခြောက်ကပ်နေတော့တာပဲ။

ဘောဂကြီးစံအိမ်ဟာ ကြီးကျယ်ခမ်းနားပေမယ့် အနီး



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်မှာ အိမ်ခြေမရှိဘူး။ နှစ်ဖာလုံလောက်အကွာမှာမှ ယာတဲတွေ ဘာတွေ ရှိတယ်။

ဘောဂကြီးစံအိမ်ဟာ ခမ်းနားကြီးကျယ်ပေမယ့် ခြောက်ကပ်ကပ်နိုင်လွန်းတယ်။ အထီးကျန်လွန်းတယ်။

အစားအသောက် အလျှံပယ်နဲ့ အိမ်ဖော်၊ ထမင်းချက် အပြည့်အစုံနဲ့ စည်းစိမ်ရှိရှိ ဘယ်လိုပဲထားထား ... ကျွန်မဟာ လုံးဝမပျော်ဘူး။

အထူးသဖြင့် ကျွန်မ လုံးဝမချစ်တဲ့သူနဲ့ ယူထားရတဲ့ အတွက် ဘယ်လိုမှ စိတ်မချမ်းသာဘူး။

နတ်ဘုံနတ်နန်းမှာ ထောင်ကျခံနေရသလိုပဲ။

ကျွန်မတို့ရဲ့ အိမ်ထောင်ရေးဟာလည်း ကြာလေလေ အေးစက်စက်ဖြစ်လာလေပဲ။

အဲဒီမှာ အင်မတန် အံ့သြစရာကောင်းတာက ကျွန်မက သူ့ကို မချစ်တာမဟုတ်ဘူး။

တွေ့ကြုံရဖူးတဲ့ ပုရိသယောကျ်ားမှန်သမျှ တပ်မက် စွဲလမ်းပြီး မချစ်ဘဲမနေနိုင်တဲ့ ကျွန်မဆိုတဲ့ မြကြာဖြူကို သူက မတပ်မက်သလို မချစ်သလို နေတာကိုပါပဲ။

ဟုတ်တယ် ... သူဟာ ကျွန်မကိုမချစ်ဘူး။





အဲဒီထက်သေချာတာက သူဟာ အချစ်ဆိုတာကို နားမလည်တာပါပဲ။

❊

တကယ်ဆိုတော့ ...

အချစ်ဆိုတာဟာ ဘာလဲလို့ ကျွန်မကိုယ်တိုင်လည်း သေချာမသိခဲ့ပါဘူး။ သိသလိုလိုနဲ့ မသိခဲ့တာပါပဲ။

ကြီးမားပြီး အထီးကျန်ဆန်တဲ့ စံအိမ်ကြီးထဲမှာ ရွှေပေါ် မြတင်နေရပေမယ့် ကျွန်မ မပျော်နိုင်တာဟာ အချစ်ဆိုတဲ့အရာ လိုအပ်နေလို့ပဲလား။

မိန်းမတစ်ယောက်အတွက် အချစ်ဟာ မရှိမဖြစ်တဲ့အရာ လား။

ကျွန်မ သေချာမသိပေမယ့် ကျွန်မရဲ့ရင်ထဲက တစ်ခုခု ကို တောင့်တနေမိတာတော့ အမှန်ပါပဲ။

အဲဒီတစ်ခုခုကို ကျွန်မရဲ့ခင်ပွန်း ကိုကြည်စိုးဟန်ဆီက မရတာတော့ သေချာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီကရထားတဲ့ ပြည့်စုံကုံလုံမှုတွေ၊ စည်းစိမ်ချမ်းသာတွေ၊ အလျှံပယ်နေတဲ့ စားသောက်ဖွယ်တွေ၊ လိုရာနိုင်းလို့ရတဲ့ အခိုင်းအစေတွေ ...

အဲဒါတွေအားလုံးဟာ ကျွန်မ တကယ်လိုချင်နေတဲ့အရာတွေ မဟုတ်မှန်း ကြာလေ သိလာလေပါပဲ။

ဒါဆို လင်ယောကျ်ားတစ်ယောက်ကနေ ဇနီးမယားတစ်ယောက်အပေါ် ယုယကြင်နာတာတွေရော။

ဟင့်အင်း ...

သူ့ဆီကနေ ကျွန်မ မလိုချင်ဘူး။ မလိုချင်ဘူး။ လုံးဝမလိုချင်ဘူး။

ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ကျွန်မ မချစ်လို့ဘဲ။

မချစ်တဲ့သူဆီက ယုယကြင်နာမှုဆိုတာ မချိုမြိန်ပါဘူး။ ခါးသက်ပါတယ်။

သူ့ဆီက ကြင်နာယုယမှုကိုလည်း အိမ်ထောင်ဦးကာလတစ်နှစ်လောက်ပဲ ရရှိခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့အနေအထားက ကလေးလေးတစ်ယောက် ကစားစရာအသစ်ရတဲ့အခါ နှစ်လိုဟန်ပြသလောက်ပဲ ရှိပါတယ်။

အိမ်ထောင်သက် တစ်နှစ်ကျော်လာချိန်မှာတော့ ကျွန်မ





ထက် သူ့ရဲ့ အမဲပစ်သေနတ်တွေ၊ သမင်ချိုတွေ၊ ကျားသားရေတွေ၊ ဝီစကီပုလင်းတွေကို သူ ပိုစိတ်ဝင်စားသွားပါတော့တယ်။

ကျွန်မ ခံပြင်းတာ အဲဒါပါပဲ။

ကျွန်မဘဝတစ်လျှောက်လုံး ဂုဏ်ယူမော်ကြွားလာခဲ့တဲ့ ကျွန်မရဲ့အလှတရားတွေကို ဂါရဝပြု အလေးထားရကောင်းမှန်း သူ မသိတာကို ခံအပြင်းဆုံးပါပဲ။

နောက်ပိုင်း သူ့ရဲ့ဆက်ဆံပုံတွေက ကျွန်မကို မှန်ဗီရိုထဲက ကော်ပတ်ရုပ်လောက်ပဲ သဘောထားတယ်ဆိုတာကို ဖော်ပြနေသလိုပါပဲ။

သူ့ရဲ့မိတ်ဆွေတွေက ကျွန်မရဲ့အလှကို ချီးကျူးကြတဲ့အခါ သူနဲ့မဆိုင်သလိုပါပဲ။ မသိကျိုးကျွန်ပြုနေတယ်။

"ဟော့ ကိုကြည်စိုးဟန် ... ခင်ဗျားတော့ မိန်းမရ ကံကောင်းတယ်ဗျာ၊ ခင်ဗျားရဲ့မဒမ်က မာရီလင်မွန်ရိုးလား မှတ်ရတယ်၊ လှမှလှပဲဗျို့ ... ဟဲ ဟဲ"

အဲဒီလိုချီးကျူးတဲ့အခါ သူက မတုန်မလှုပ်နဲ့ ...

"ဟုတ်မှလည်းလုပ်ပါ ကိုဖြူးရယ် ... မာရီလင်မွန်ရိုးရဲ့ ဆံပင်က ငွေရောင်ပါဗျ"



www.burmeseclassic.com

www.burmeseclassic.com



လို့ မံထော်မနမ်း ပြောတော့တာပဲ။

သူဟာ မျက်နှာရဲ့အလှကို အသိအမှတ်ပြုရမယ့်နေရာမှာ ဆံပင်အရောင်ကွဲပြားမှုကို ထောက်ပြနေတယ်။

သူ့ကို စိတ်ပျက်တာ အဲဒါတွေပါပဲ။

ကြာတော့ . . .

သူဟာ အလှတရားကို မမြင်တတ်တာလား၊ တန်ဖိုးထားရကောင်းမှန်း မသိတာလား၊ မထိုက်တန်တာလားလို့ စဉ်းစားစရာ ဖြစ်လာတယ်။

သူဟာ ကျွန်မရဲ့အလှတရားနဲ့ မထိုက်တန်ရင် ကျွန်မရဲ့ ဘဝနဲ့လည်း မထိုက်တန်ဘူး၊ ကျွန်မရဲ့အချစ်နဲ့လည်း မထိုက်တန်ဘူးလို့ ရင်ထဲမှာ ကျွန်မဘာသာ ခံစားမိလာတယ်။

အိမ်ထောင်ဦးကာလတုန်းက သူ့ကိုမချစ်သော်လည်း သံယောဇဉ်ရှိသလိုလို ဖြစ်ခဲ့ရတဲ့ ခံစားမှုတွေဟာ နွေဦးမှာ ဆုတ်ခွာသွားတဲ့ နှင်းတွေလိုပါပဲ။ အချိန်တိုတိုအတွင်းမှာ ပါးလျားပျောက်ကွယ်သွားတော့တယ်။

ဒီတော့ တန်ဖိုးထားမှုမရှိ၊ တပ်မက်မှုမရှိ၊ အချစ်ပါမရှိတဲ့ အိမ်ထောင်ရေးဟာ ကျွန်မအတွက် ငြီးငွေ့ဖွယ်ဖြစ်လာရတာ မဆန်းလှပါဘူး။





သူကလည်း သစ်ကွက်တွေဆီ သွားဖို့၊ အမဲပစ်ထွက်ဖို့၊ သူ့မိတ်ဆွေတွေနဲ့ အရက်သောက်ဖို့လောက်ပဲ အာရုံရှိပုံရတော့တယ်။

ကျွန်မကို သူငှားထားတဲ့အိမ်က သူ့ရဲ့ အဆောင်အယောင်လောက်ပဲ သဘောထားပုံရတော့တယ်။

ဒီလိုနဲ့ အရာရာခန်းခြောက်လာသလို ခံစားနေရတဲ့အချိန်မှာပဲ ကျွန်မအတွက် ရေကြည်တစ်ပေါက်နဲ့တူတဲ့ လူတစ်ယောက်ဟာ ဘောဂကြီးစံအိမ်ကို ရောက်ရှိလာတော့တယ်။

သူဟာ . . .

ကိုကြည်စိုးဟန်ရဲ့ ညီဝမ်းကွဲ ရော်ဂျာလို့ခေါ်တဲ့ တင်မောင်ဟန်ပါပဲ။

ရော်ဂျာဟာ နယ်လှည့်အာမခံကိုယ်စားလှယ်လုပ်ငန်းနဲ့ မုံရွာရောက်လာရာက သူ့ရဲ့အစ်ကိုရှိရာ ဘောဂကြီးစံအိမ်ဆီ မေးမြန်းစုံစမ်းပြီး ရောက်ရှိလာတဲ့ တစ်ကိုယ်ရေတစ်ကာယသမားပါပဲ။

သူက သူ့အစ်ကိုကို မတွေ့တာကြာလို့ လာတွေ့ပြီး မန္တလေးဘက် ဆက်သွားမလို့ပါပဲ။

ဒါပေမဲ့ စရောက်တဲ့ညနေခင်းမှာပဲ ကျွန်မရဲ့အလှ



www.burmeseclassic.com

www.burmeseclassic.com



အတွက် အတော်အံ့သြသွားပုံရပြီး အဲဒီအလှတရားတွေက သူ့ကို ငြိတွယ်စေခဲ့တယ်။

ဒါနဲ့ပဲ ရော်ဂျာဟာ သည်သောင်ယံက မခွာရက်နိုင်တယ် ဖြစ်ပြီး ဘောဂကြီးစံအိမ်မှာ အချိန်ဆွဲနေလာခဲ့တယ်။

ယောက်ျားတစ်ယောက်ရဲ့ ကျွန်မရဲ့အလှအပအပေါ် တပ်မက်တိမ်းမူးမှုကို မခံစားခဲ့ရတာ နှစ်နဲ့ချီနေပြီဖြစ်တဲ့ ကျွန်မ ဟာ သူ့ရဲ့မျက်ဝန်းတို့ထဲက ရမ္မက်မီးလျှံတွေကြောင့် ရင်ခုန်လာခဲ့ ရတယ်။

ရော်ဂျာဟာ ကိုကြည်စိုးဟန်ရဲ့ညီဆိုပေမယ့် ကိုကြည်စိုး ဟန်လို ထုံတုံတုံ မဟုတ်ဘူး။ ကိုကြည်စိုးဟန်ထက် လေး ငါး နှစ်လောက်ငယ်တဲ့ ရော်ဂျာဟာ သွက်လက်ထက်မြက်သူဖြစ် တယ်။

သူဟာ အိမ်ကိုအလည်ရောက်လာတဲ့ ကိုကြည်စိုးဟန်ရဲ့ အထက်အရာရှိ သစ်တောအရေးပိုင်ကြီးနဲ့ အဆင်ပြေအောင် ပြောဆိုနိုင်သူ ဖြစ်သလို အိမ်က အိမ်စေကောင်မလေးတွေနဲ့ လည်း အလွမ်းသင့်အောင် ပြောဆိုဆက်ဆံနိုင်သူဖြစ်တယ်။

ကျွန်မကိုတော့ သူ့အစ်ကိုရှေ့မှာဆို မရီး မရီးလို့ခေါ်ပြီး သူ့အစ်ကိုရဲ့ကွယ်ရာကျရင် မမမွန်ရိုးလို့ ခေါ်လေ့ရှိတယ်။





ကျွန်မဟာ မွန်ရိုးကိုကြိုက်မှန်းသိတဲ့အချိန်ကစပြီး သူက အဲဒီလို နောက်သလိုလို ပြောင်သလိုလို၊ ချစ်စနိုးလိုလို ခေါ်တာ ဖြစ်ပြီး ကျွန်မကို မွန်ရိုးနဲ့တူတယ်လို့လည်း မြှောက်ပင့်ပြောတတ် တယ်။ ဘာပဲဖြစ်ဖြစ် ခြောက်သွေ့နေတဲ့ ကျွန်မရဲ့ဘဝထဲကို အိုအေစစ်လေးလို သူရောက်လာတာ ကျွန်မ,ကျေနပ်တယ်။

အစပထမကတော့ မတ်နဲ့မရီးလို ဆက်ဆံခဲ့ကြပေမယ့် ရက်နည်းနည်းလေး အနေကြာလို့ ရင်းနှီးလာတဲ့အခါ သူ့ရဲ့ မထိခလုတ် ထိခလုတ် အပြောလေးတွေနဲ့ ကျွန်မရဲ့ မူတူတူ မျက်စောင်းလှလှလေးတွေဟာ နှစ်ဦးစလုံးကို ရင်ခုန်စပြုလာ စေတယ်။

ရောက်စတုန်းကတော့ ရော်ဂျာဟာ သူ့အစ်ကိုတို့အဖွဲ့နဲ့ အမဲပစ်လိုက်သွားသေးတယ်။ နောက်တော့မလိုက်တော့ဘဲ အိမ် မှာပဲ နေရစ်တယ်။

နံနက်ခင်းတွေမှာ ခြံထဲ နေပူဆာဆင်းလှုံရင်း၊ ထမင်း အတူတူ လက်ဆုံစားရင်း၊ ကော်ဖီအတူတူသောက်ရင်း၊ ညနေ ဘက် ဟိုနားသည်နား မြင်းစီးထွက်ကြရင်း ကျွန်မနဲ့ရော်ဂျာဟာ ရင်းနှီးသည်ထက်ရင်းနှီးလာပြီး ရင်ခုန်သံချင်း ဖလှယ်မိကြတော့ တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူနဲ့ကျွန်မ ရင်ထဲက ခံစားချက်တွေ ဖွင့်အံမိရှိသေးတဲ့အချိန်မှာပဲ သူ့ရဲ့ အာမခံကုမ္ပဏီက စာရေးတစ်ယောက် လိုက်လာပြီး အရေးကြီးတဲ့အလုပ်ကိစ္စ ရှိတယ်ဆိုပြီး ခေါ်တာနဲ့ ဘောဂကြီးကနေ ချက်ချင်းလိုက်ပါသွားရတော့တယ်။

သူ ဘောဂကြီးကနေ ပြန်သွားတဲ့အချိန်မှာတော့ ကျွန်မဟာ ခြောက်သွေ့လှတဲ့ကန္တာရထဲမှာ ကျန်ရစ်ခဲ့သလို ခံစားရတယ်။

သူမရှိမှ သူ့အပေါ် ဘယ်လောက်ငြိတွယ်မိနေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် သိလာခဲ့တယ်။

ပြင်ပမှာ ဘာမှမဖြစ်သလိုလို ဟန်ဆောင်နေပေမယ့် သူ မပြန်လာခဲ့ရင်ဆိုတဲ့အတွေးကြောင့် ရင်ထဲမှာ ဗလောင်ဆူနေခဲ့တယ်။

သူ့ကို မသိမသာ မျှော်ရင်းနဲ့ ကျွန်မအတွက် လိုအပ်နေတဲ့အချစ်ဟာ သူ့မှာရှိတယ်လို့ ခံစားနားလည်လာမိတယ်။

အချစ်ဆိုတာ ဘာလဲလို့ ကျွန်မ သိခဲ့ပြီထင်ပါရဲ့။

ဘောဂကြီးစံအိမ်ကနေ ထွက်သွားပြီး တစ်လလောက်အကြာမှာပဲ ရော်ဂျာဟာ ပြန်ရောက်လာခဲ့တယ်။

အို ... ကျွန်မ ပျော်လိုက်တာမှ မပြောပါနဲ့တော့။





သူရောက်လာတဲ့နေ့တုန်းက အိမ်မှာ ကိုကြည်စိုးဟန် မရှိဘူး။ အလုပ်ကိစ္စအတွက် ဂန့်ဂေါသစ်တောရုံးကို သွားနေရတယ်။

အိမ်စေမလေးတွေရဲ့ရှေ့မှာတော့ ရော်ဂျာပြန်ရောက်လာတာဟာ ကျွန်မအတွက် ဘာမှမထူးခြားသလို မတုန်မလှုပ်ဟန်မပျက်နေခဲ့တယ်။

ဒါပေမဲ့ အဲဒီနေ့ညမှာတော့ ...

ရော်ဂျာ့ကို ကျွန်မရဲ့အိပ်ခန်းထဲ ဝင်ခွင့်ပြုခဲ့တယ်။

ကျွန်မရဲ့ဘဝထဲ ဝင်ခွင့်ပြုခဲ့တယ်။

အချစ်ရဲ့ရသကို တရှိုက်မက်မက် တမ်းတနေခဲ့တဲ့ ကျွန်မဟာ ရော်ဂျာရဲ့ရင်ခွင်ထဲမှာ အပျော်ကြီးပျော်ခဲ့တယ်။

ကျွန်မတို့နှစ်ယောက် မိုးမမြင် လေမမြင် အပျော်ကြီးပျော်လျက် နောက်ညတွေကိုပါဖြတ်သန်းခဲ့တယ်။

ကိုကြည်စိုးဟန် ပြန်ရောက်လာတော့ ဟန်မပျက်နေခဲ့ကြတယ်။

ဒါပေမဲ့ တစ်ဦးကိုတစ်ဦး တပ်မက်စွဲလမ်းနေမိကြပြီဖြစ်တဲ့ ကျွန်မတို့နှစ်ယောက်ဟာ ကိုကြည်စိုးဟန် ခရီးမထွက်ရတဲ့နေ့တွေမှာတောင် မရှောင်နိုင်တော့ဘဲ ကိုကြည်စိုးဟန် အိမ်း



www.burmeseclassic.com

www.burmeseclassic.com



အနားက တောင်ယာတဲတွေ၊ ရွာတွေမှာရှိတဲ့ သူ့ရဲ့မိတ်ဆွေ မုဆိုးတွေဆီ အလည်အပတ် ခဏတစ်ဖြုတ်သွားတဲ့အခါ သား ကောင်သားရေ၊ ချို စတာတွေ ဝယ်တဲ့လော်ပန်တွေနဲ့ သွားတွေ့ ဆုံနေတဲ့အခါတွေမှာ ကျွန်မတို့ဟာ လစ်ရင်လစ်သလို အချစ် ဇာတ်လမ်းတွဲကို တရှိုက်မက်မက် ဆက်ခဲ့ကြတယ်။

အိမ်ဖော်မလေးတွေဟာ ကြာတော့ ကျွန်မနဲ့ရော်ဂျာရဲ့ အနေအထိုင်ကို ရိပ်မိလာကြတယ်။

ဒါကြောင့် ရော်ဂျာ အာမခံအလုပ်ကိစ္စအတွက် ပြန်သွား တဲ့အချိန်မှာပဲ အိမ်ဖော်မလေးသုံးယောက်စလုံးကို အကြောင်း အမျိုးမျိုးပြပြီး အလုပ်က ထုတ်ပစ်လိုက်တယ်။

အိမ်စေမလေးအသစ်တစ်ယောက်ကိုပဲ ပြန်ခန့်ခဲ့တယ်။

ကိုကြည်စိုးဟန်နဲ့ ကျွန်မရဲ့ဆက်ဆံရေးကတော့ ကျဲ သထက် ကျဲလာခဲ့တယ်။ သတ်သတ်ဆီ အခန်းခွဲအိပ်နေတဲ့ ကိုကြည်စိုးဟန်ဟာ ကျွန်မရဲ့အိပ်ခန်းဆီ ဆောင်တော်ကူးမလာ တာ အတော်ကြာခဲ့ပြီ။

ကျွန်မကလည်း သူ မလာလေ သဘောကျလေပဲ။ မချစ်မနှစ်သက်သူနဲ့ အတူနေရတဲ့ဒုက္ခကို ကျွန်မ မခံစားချင် တော့ဘူး။





ကျွန်မရဲ့ရင်ထဲက တကယ်ချစ်မိနေပြီဖြစ်တဲ့ ရော်ဂျာ့ကို သာ မျှော်နေမိတော့တယ်။

အဲဒီရက်တွေမှာ ထူးခြားတာက ....

ကိုကြည်စိုးဟန်ဟာ အမဲလိုက်ရာက ပြန်လာတော့ ဂမုန်းပင်တစ်ပင်ကို ယူလာပြီး နဂိုအိမ်ပိုင်ရှင်တွေ စိုက်ထားတဲ့ အိမ်ပေါ်ထပ် ဝရန်တာက ဂမုန်းပင်တွေကြားထဲမှာ စိုက်ပျိုးခဲ့ တယ်။

သူဟာ အရင်က ဂမုန်းတွေကို သိပ်စိတ်ဝင်စားသူ မဟုတ်ပါဘူး။ အဲဒီလိုလူက ဂမုန်းပင်ကို တခုတ်တရယူလာပြီး စိုက်တာ အံ့သြစရာပါပဲ။

ပိုပြီး အံ့သြဖို့ကောင်းတာက သူဟာ မကြာခဏဆိုသလို သားစိမ်းငါးစိမ်းကရတဲ့ သွေးတွေကို ကြွေဖလားတစ်လုံးနဲ့ သူ စုစုနေတာပါပဲ။

အိမ်စေမလေး မဒိုင်း သားငါးခုတ်တဲ့အခါ သွေးကို သူ စုခိုင်းတာသိရတော့ ကျွန်မ မနေနိုင်ဘဲ မေးမိတော့တယ်။

"ဒါလင် ... ရှင် မဒိုင်းကို သွေးတွေစုခိုင်းတယ်ဆို၊ အဲဒါ ဘာလုပ်မလို့လဲ"

"ကိုယ်စိုက်ထားတဲ့ ဂမုန်းပင်ကို လောင်းပေးဖို့ပါ ကြ



www.burmeseclassic.com

www.burmeseclassic.com



ဖြူ။ သူက ရေထက် သွေးရည်လောင်းပေးတာကို ပိုကြိုက်တယ်ကွ''

''အို ... ဂမုန်းပင်က သွေးကိုကြိုက်ရတယ်လို့၊ အဲဒါဘာဂမုန်းမို့လဲရှင့်''

''မင်းသားကြီးဂမုန်းတဲ့၊ ဟင်း ဟင်း ... စီးပွားတက်စေတဲ့ ဂမုန်းမျိုးပေါ့ကွာ''

ရယ်ဟဟပြောနေတဲ့ သူ့ရဲ့မျက်နှာကိုကြည့်ရင်း အော့နှလုံးနာလာလို့ ကျွန်မ ဆက်မမေးတော့ဘဲ လှည့်ထွက်ခဲ့တယ်၊

''ဒီလူ ဘာတွေလုပ်နေပါလိမ့်၊ ရူးများနေပြီလား မသိဘူး၊ အင်း ... ရူးပြီး သင်းသေသွားလည်း အေးတာပဲလေ''

သူသေသွားရင် တစ်ဦးတည်းသောသားဖြစ်တဲ့ သူ့ရဲ့မိဘအမွေတွေကို သူ့ရဲ့တရားဝင်ဇနီးဖြစ်တဲ့ ကျွန်မကရမှာလေ။

မှန်တာပြောရရင် အခုအချိန်မှာ သူသေသွားရင် ကျွန်မနဲ့ ရော်ဂျာ တရားဝင်နီးခွင့်ရမှာမို့ သူ့ကို တစ်နည်းနည်းနဲ့သေစေချင်တာတော့အမှန်ပဲ။

လူသတ်ရဲလောက်အောင် ကျွန်မ သတ္တိမရှိသလို ကိုယ့်အပေါ် အမှုပတ်လာမှာလည်း ကြောက်လို့ သူ့ကို တစ်ခုခုမလုပ်ရဲပေမယ့် တောလိုက်ရင်း ဝက်ပက်လို့ဖြစ်ဖြစ်၊ ကျားဆွဲလို့ဖြစ်ဖြစ်





သူသေသွားရင် /ကောင်းမှာပဲလို့ ကျွန်မ တွေးနေမိတာ ကြာပြီ။

သူသေမှ ကျွန်မအတွက် တစ်တောရှင်းမှာ မဟုတ်လား။

ဒါပေမဲ့ မထင်မှတ်တာတွေက မကြာခင် ဖြစ်လာခဲ့တယ်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## ဂမုန်းတစ္ဆေ

မကြာခင်ရက်အတွင်းမှာပဲ ...

ရော်ဂျာဟာ ဘောဂကြီးစံအိမ်ဆီ ပြန်ရောက်လာခဲ့တယ်။

ဒီတစ်ခါတော့ သူဟာ သဘော်ခွေးလေးတစ်ကောင်ကို ကျွန်မအတွက် လက်ဆောင်အဖြစ် ယူလာတယ်။

တက်ဒီလို့ သူ နာမည်ပေးထားတဲ့ အဲဒီသဘော်ခွေးလေးဟာ ဖြူဖြူဖွေးဖွေး အမွေးစုတ်ဖွားလေးနဲ့ တကယ့်ကို ချစ်စရာလေးပါပဲ။

ရော်ဂျာရောက်လာတဲ့အတွက်ရော တက်ဒီကို လက်





ဆောင်အဖြစ်ရတဲ့အတွက်ပါ ကျွန်မဟာ အတော်ကိုပျော်နေခဲ့တယ်။

ဒါပေမဲ့ ထုံးစံအတိုင်း ကျွန်မဟာ ကိုကြည်စိုးဟန်ရဲ့ရှေ့မှာတော့ ရော်ဂျာရောက်လာလို့ ဝမ်းသာတဲ့ဟန်မျိုး လုံးဝမပြဘဲ မှင်သေသေနဲ့နေခဲ့တာပေါ့။

တက်ဒီကို လက်ဆောင်ရတဲ့အတွက်တော့ ဝမ်းသာရမှုကို ဖုံးကွယ်ထားဖို့ မလိုဘူးလေ။

"အို ... ခွေးလေးက ချစ်စရာလေးနော်၊ မာဂရက်လိုချင်နေတာနဲ့ အတော်ပဲ"

ကျွန်မ ခွေးလေးကို တယုတယ ပွေ့ပိုက်နေတဲ့အခါ ယောကျ်ားသားနှစ်ယောက်လုံးက ပြုံးကြည့်နေကြတယ်။

ဒါပေမဲ့ သူတို့နှစ်ယောက်ရဲ့ ပြုံးကြည့်နေကြပုံချင်းက မတူဘူး။

ရော်ဂျာပြုံးနေတဲ့အပြုံးက ကြည်လင်ပြီး မျက်လုံးတွေက ကြည်နူးမှုနဲ့ ရွှန်းရွှန်းလဲ့နေကြတယ်။

ကိုကြည်စိုးဟန်ရဲ့အပြုံးက ခြောက်ကပ်ကပ်နဲ့ အေးစက်စက်နိုင်တယ်လို့ ထင်မိတယ်။

"ရော်ဂျာ ... မင်းရောက်လာတာနဲ့ အတော်ပဲ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ပဲ ဂန့်ဂေါ်ရုံးကို သွားရဦးမယ်''

ကိုကြည်စိုးဟန် ဂန့်ဂေါ်သွားမယ်ဆိုလို့ ကျွန်မ လိုက်ခဲ့ဝမ်းသာသွားတယ်။ ရော်ဂျာကတော့ သူ့အစ်ကိုကို ဣန္ဒြေမပျက် ပြုံးကြည့်ရင်း ...

''အစ်ကိုမှာလဲ ဂန့်ဂေါ်သွားလိုက် ပြန်လိုက်နဲ့ပဲနော်၊ အမှန်တော့ ဂန့်ဂေါ်မှာပဲ အိမ်ငှားနေသင့်တာဗျ၊ ဒါမှမဟုတ် သစ်တောရုံးဝင်းထဲမှာနေလည်း ရတာပဲ''

လို့ပြောတော့ ကိုကြည်စိုးဟန်က အေးတိအေးစက် ပြုံးလိုက်ရင်း ...

''မဖြစ်ဘူးကွ ... အဲဒီရုံးက ကောင်တွေထဲမှာ ဘီလူးစည်း၊ လူ့စည်းမစောင့်တဲ့ ကြာကူလီကောင်တွေ ရှိနေတယ်၊ ငါက အဲဒီကောင်တွေရဲ့အကြောင်းကို အသိဆုံး၊ ငါ့မိန်းမ မင်းရဲ့ မရီးတော်က ချောချောလှလှနဲ့ စည်းမရှိတဲ့ကောင်တွေနဲ့ မဖြစ်ဘူးလေ''

လို့ ခြောက်ကပ်ကပ် အက်ကွဲကွဲလေသံနဲ့ ပြောလိုက်တယ်၊

စကားနည်းလှတဲ့ ကိုကြည်စိုးဟန်ရဲ့ နှုတ်ဖျားက မထင်မှတ်ဘဲ အဲဒီစကားတွေကြားလိုက်ရတဲ့အခါ ကျွန်မရဲ့ရင်ထဲ ထိတ်





ခနဲ တုန်လှုပ်သွားတော့တယ်။ ရော်ဂျာလည်း ကွက်ခနဲ မျက်နှာပျက်သွားတယ်။

ကျွန်မနဲ့ရော်ဂျာတို့ရဲ့အကြောင်းများ ကိုကြည်စိုးဟန် သိနေပြီလားလို့ တုန်တုန်လှုပ်လှုပ် စိုးရိမ်သွားမိတယ်။

ဒါပေမဲ့ ကျွန်မတို့နှစ်ယောက်စလုံးကိုမကြည့်ဘဲ ခွေးဖြူလေးကိုပဲ စိုက်ကြည့်ရင်း စီးကရက်ဖွာနေတဲ့ ကိုကြည်စိုးဟန်ကို ကျွန်မ မှင်သေသေနဲ့ ကြည့်လိုက်ပြီး ...

''အို ... သူတို့ စည်းမရှိတိုင်းရော ရမှာလား၊ အဲဒီလိုကိစ္စမျိုးဆိုတာ လူတွင်ပါမှ နွား ကျားကိုက်တာပါနော်''

လို့ နှုတ်လှန်ထိုးလိုက်တယ်။

အဲဒီအချိန်မှာ ... မနေတတ်မထိုင်တတ်သလို ဖြစ်နေတဲ့ ရော်ဂျာက စကားလမ်းကြောင်းလွှဲဖို့ ကြိုးစားလိုက်တယ်။

''ဒါထက် အစ်ကို ... သိပ်မကြာဘူး မဟုတ်လား''

''အေး ... အစကတော့ တစ်ညအိပ်ပြီး ပြန်လာမလို့ပဲကွ၊ ခု မင်းရောက်လာတော့ ကြာဖြူလည်း အဖော်ရှိသွားပြီလေ၊ ဂန့်ဂေါ်ရုံးက အင်စပက်တာတွေနဲ့ မြစ်သာမြစ်အနောက်ဘက်ကမ်းက ယင်းမခတောထဲ အမဲပစ်ထွက်ဖို့ချိန်နေတာ ကြာပြီ၊ ရောက်တုန်း နှစ်ညအိပ် သုံးညအိပ်လောက်တော့ တောလည်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လိုက်ဦးမယ်ကွာ၊ မင်းလည်း အေးအေးဆေးဆေးပဲ မဟုတ်လား''

''ဟုတ် ဟုတ်ကဲ့ . . . ဒီမှာ တစ်ပတ်လောက်တော့ နေဖြစ်လိမ့်မယ် အစ်ကို''

''အိုကေ''

ကြားရတဲ့စကားတွေကြောင့် ကျွန်မရဲ့ရင်ထဲ ကုလားဘုရားပွဲလှည့်နေတော့တာပေါ့။ ရော်ဂျာရှိနေတုန်း ဘောဂကြီးစံအိမ်ဆီ ကိုကြည်စိုးဟန် ရက်ကြာကြာပြန်မလာလေ ကျွန်မအတွက် ကောင်းလေပဲလေ။ လေမလာ ကြာလေတိုင်းကောင်းပေါ့။

ဒါပေမဲ့ အဲဒီနေ့က ကိုကြည်စိုးဟန် မြင်းစီးပြီး ခြံထဲကထွက်သွားချိန်အထိ ကျွန်မရဲ့ရင်ထဲကအပျော်တွေကို ဟန်မပျက်သိမ်းဆည်းထားခဲ့တယ်။

သူ့မြင်း ခြံဝဆီရောက်တဲ့အထိ ကျွန်မဟာ ဆင်ဝင်ဆောင်ကြီးရဲ့အောက်မှာ ရပ်ရင်း စောင့်ကြည့်နေခဲ့တယ်။

သူဟာ ခြံဝအရောက်မှာ အိမ်ကြီးဘက်ကို လည်ပြန်လှည့်ကြည့်လိုက်တယ်။ ပြီးတော့ သူ့ရဲ့လက်ယာဘက်လက်ကို မြှောက်ပြလိုက်တယ်။





ကျွန်မက ကျွန်မကို နှုတ်ဆက်တယ်ထင်ပြီး လက်ကိုမြှောက်ပြီး ပြန်လည်ဝှေ့ယမ်းပြလိုက်တယ်။

ဒါပေမဲ့ သူ့ရဲ့မျက်လုံးအကြည့်တွေက ကျွန်မရပ်နေရာဆီမှာ မဟုတ်ဘူး။ ဆင်ဝင်ဆောင်ရဲ့အပေါ်က ဝရန်တာဆီရောက်နေကြတယ်။

''ဝရန်တာပေါ်မှာ ဘယ်သူရှိနေလို့လဲ''

ကျွန်မဟာ ဇဝေဇဝါအတွေးနဲ့ ကြောင်ကြည့်နေမိတယ်။

အဲဒီအချိန်မှာ ဝရန်တာရဲ့အရိပ်ဟာ ဆင်ဝင်ဆောင်ရှေ့က မြက်ခင်းပေါ် ကျရောက်နေတာကို ကျွန်မ သတိပြုမိလိုက်တယ်။

နေထိုးထားတဲ့အတွက် အဂ်တေပွတ်လုံးတိုင်တို့ရဲ့ အရိပ်ကို မြင်နေရတယ်။

အဲဒီဝရန်တာပေါ်မှာ လူတစ်ယောက်ရဲ့ ကိုယ်အထက်ပိုင်းအရိပ်တစ်ခုကိုပါ မြက်ခင်းပေါ်မှာ တွေ့နေရတယ်။

''ဟင် . . . အဲဒါ ဘယ်သူပါလိမ့်''

ကိုကြည်စိုးဟန်ရဲ့မြင်း ခြံဝကနေ ကွေ့ထွက်သွားတဲ့အချိန်မှာပဲ ကျွန်မဟာ ဆင်ဝင်ဆောင်ကြီးရဲ့အောက်ကနေ ပြေးထွက်သွားပြီး ဝရန်တာပေါ် လည်ပြန်မော့ကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဝရန်တာပေါ်မှာ ဘယ်သူမှလည်း မရှိပ
လား"

အဲဒီအချိန်မှာပဲ အိမ်ဘေးကနေ ပတ်ထွက်လာတဲ့ ရော်
ဂျာ့ကိုတွေ့ရတယ်။

"အစ်ကိုသွားပြီလား"

"သွားပြီ၊ ဒါထက် မဒိုင်း မဒိုင်းရော ရော်ဂျာ"

"ခြံအနောက်ဘက်မှာ ပဲပုစွန်တွေ ခူးနေတယ်၊ ညနေ
ကျ သုပ်စားဖို့တဲ့၊ တက်ဒီကိုလည်း မဒိုင်းနဲ့ထားခဲ့တယ်"

"လာ ... လာစမ်း ရော်ဂျာ"

ကျွန်မဟာ ဘာမပြော ညာမပြောနဲ့ ရော်ဂျာရဲ့လက်ကို
ဆွဲပြီး စံအိမ်ကြီးထဲ ပြေးဝင်လိုက်တယ်၊

"ဘာ ဘာဖြစ်လို့လဲ ချစ်"

ကျွန်မရဲ့ ရေးကြီးသုတ်ပျာ အမူအရာကြောင့် ရော်ဂျာ
နားမလည်နိုင်အောင် ဖြစ်သွားပုံပဲ။

ကျွန်မလည်း သူ့ကိုရှင်းပြမနေတော့ဘဲ ကျွန်းလှေကား
ကြီးအတိုင်း သူ့လက်ကိုဆွဲလို့ အိမ်ပေါ်ထပ်ဆီ ပြေးတက်ခဲ့တယ်

"ရော်ဂျာ ... လာ လာ"

အိမ်ပေါ်ထပ်ရောက်တယ်ဆိုရင်ပဲ စင်္ကြံလမ်းအတိုင်း





ဝရန်တာဆီ ပြေးထွက်လိုက်တယ်။

ဝရန်တာပေါ်မှာ ရှင်းလင်းနေတယ်။ ဘယ်လို လူသူရဲ့
အရိပ်အယောင်ကိုမှ မတွေ့ရဘူး။ ဝရန်တာအစပ် ပတ်ပတ်လည်
က ဂမုန်းပင်တွေကို လေတိုးနေတဲ့အတွက် အရွက်စိမ်းစိမ်းတွေ
ယိမ်းလှုပ်နေကြလေရဲ့။

"ဘာ ဘာဖြစ်လို့လဲ ချစ်"

"ဒီ ဒီဝရန်တာပေါ်မှာ စောစောကလူတစ်ယောက် ရပ်
နေခဲ့တယ် ရော်ဂျာ"

"ဟင် ... ဟုတ်လို့လား"

"ဟုတ်တယ် ... သူ့ရဲ့အရိပ်ကို အိမ်ရှေ့မြက်ခင်းပြင်
ပေါ်မှာ မာဂရက် သေချာတွေ့ခဲ့ရတယ်၊ အရိပ်က အတော်ကြီး
တယ်၊ လူကောင်ထွားထွားကြီး ဖြစ်ပုံရတယ်"

"အာ ... မဟုတ်တာဘဲ ချစ်ကလည်း၊ ဒီအိမ်မှာ
မောင်နဲ့မဒိုင်းပဲ ရှိတော့တဲ့ဟာကို၊ ချစ် အမြင်မှားတာဖြစ်မှာပေါ့"

"ဒါဆို သူက ဘာဖြစ်လို့ အဲဒီလူကို လက်ပြသွားရတာ
လဲ"

"ဘာ ... ဘယ်သူက ဘယ်သူ့ကိုလက်ပြတာလဲ"

"ကိုကြည်စိုးဟန်က ဒီဝရန်တာပေါ်က လူကို လက်ပြ



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ပြီး ထွက်သွားတာ"

"အာ . . . ရှုပ်ကုန်ပြီကွာ၊ ချစ် ဘာတွေ ကယောင်ကတမ်း မြင်နေတာလဲမသိဘူး၊ မောင် အဲဒါတွေ မသိဘူးကွာ၊ ချစ်နဲ့ ဝေးနေရတဲ့ရက်တွေမှာ လွမ်းနေတာပဲသိတယ်၊ ကဲ . . . အဲဒီအလွမ်းလေးတွေ ပြေအောင် . . ."

သူက ပြောရင်း ကျွန်မရဲ့ခါးကို ဆွဲဖက်လိုက်တယ်။

"ကြည့်စမ်း . . . ဝရန်တာကြီးပေါ်မှာ၊ တော်ကြာ ရှင့်အစ်ကို လှည့်ပြန်လာမှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

ကျွန်မက မတွန်းချင်တွန်းချင်နဲ့ သူ့ရင်ဘတ်ကြီးကို တွန်းလိုက်ရတယ်။

မရပါဘူး . . . သူက ဒီလိုအခွင့်အရေးကို ရယူဖို့ အဝေးကြီးကနေ အရောက်လာခဲ့ရတာ မဟုတ်လား။ ကျွန်မရဲ့ခါးကို အတင်းဆွဲဖက်ပြီး အိမ်ထဲကို အတင်းဆွဲသွင်းတယ်။

မစွန်းရင်းကလည်း ရှိ၊ ကန်စွန်းခင်းကလည်းငြိ ဆိုသလို ငိုချင်လျက်လက်တို့ဖြစ်နေတဲ့ ကျွန်မလည်း သူဆွဲခေါ်ရာဆီ ခွေခနဲ ပါသွားတော့တာပေါ့။

တိတ်ဆိတ်နေတဲ့ စံအိမ်ကြီးရဲ့အပေါ်ထပ် တစ်ထပ်လုံးမှာ သူနဲ့ကျွန်မ နှစ်ယောက်တည်း။





ရက်သတ္တနှစ်ပတ်ကျော်ကျော် ဝေးကွာနေခဲ့ကြတဲ့ သူနဲ့ကျွန်မ နှစ်ယောက်တည်း။

ဒီလိုနဲ့ သူနဲ့ကျွန်မ အိပ်ခန်းသဏ္ဌာလီထဲ ဘယ်လိုကဘယ်လို ရောက်သွားမှန်းမသိအောင်ကို စကြံလမ်းတစ်လျှောက် အသည်းအသန် ရွေ့သွားရင်း တစ်ယောက်ကိုတစ်ယောက် တင်းတင်းကျပ်ကျပ်ဖက်ကာ အနမ်းမိုးတွေ ရွာနေခဲ့ကြတယ်။

အိပ်ခန်းတံခါးကို ပိတ်ဖို့တောင် မေ့သွားခဲ့ကြတယ်။

အနမ်းပွင့်ခြွေရင်း ဖဲမွေ့ရာကြီးပေါ် ကျွန်မတို့နှစ်ယောက် ထပ်လျက် လဲကျသွားချိန်မှာပဲ ရော်ဂျာရဲ့ပခုံးကိုကျော်ပြီး အိပ်ခန်းတံခါးဝဆီ ကျွန်မရဲ့မျက်လုံးအကြည့်တို့က မမျှော်လင့်ဘဲ ရောက်ရှိသွားခဲ့တယ်။

"အို . . . အောင်မယ်လေး"

အိပ်ခန်းတံခါးဝမှာ မားမားကြီးရပ်နေပြီး ကျွန်မတို့ နှစ်ယောက်ကို စားတော့ဝါးတော့မလို မျက်လုံးပြူးပြူး ရဲရဲကြီးတွေနဲ့ စိုက်ကြည့်နေတဲ့ လူမည်းမည်းကြီးကို တွေ့လိုက်ရတာမို့ ကျွန်မဟာ လန့်အော်ပြီး ရော်ဂျာ့ကို ခွေးရှူးခွေးတန်းနဲ့ ဆောင့်တွန်းထုတ်လိုက်မိတော့တယ်။

တစ်ဆက်တည်းမှာပဲ အိပ်ရာပေါ် တစ်ဝက်လဲကျနေရာ



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်မ လှူးလဲထလိုက်သလို အံ့အားသင့် ထိတ်လန့်သွားတဲ့ ရော်ဂျာဟာလည်း လူးလဲထရပ်လိုက်ပြီး ကျွန်မကို ပြူးတူးပြဲတဲ အမူအရာနဲ့ ကြည့်တယ်။

"ဘာ ဘာဖြစ်လို့လဲ"

"ဟို . . . ဟိုမှာ"

ကျွန်မဟာ အိပ်ခန်းဝဆီ ထိတ်လန့်တကြား လက်ညှိုး ညွှန်ပြရင်း မရဲတရဲ ကြည့်လိုက်တဲ့အခါမှာတော့ တံခါးဝမှာ လူမည်းမည်းကြီးကို မတွေ့ရတော့ပါဘူး။

"ဘာ ဘာလဲချစ်ရဲ့ . . . ဘာလဲ"

"စော စောစောက လူမည်းမည်းကြီးတစ်ယောက် အဲ . . . အဲဒီ တံခါးဝမှာ မားမားကြီးရပ်ပြီး မာ မာဂရက်တို့ကို ကြည့်နေတယ်"

ရော်ဂျာဟာ တံခါးဝဆီ လည်ပြန်လှည့်ကြည့်လိုက်ပြီး နောက် တံခါးဝဆီ အလျင်အမြန် လျှောက်လှမ်းသွားတယ်။ ပြီး စကြံရဲ့ ဝဲဘက်ရော ယာဘက်ကိုပါ မျက်မှောင်ကြုတ်ကြည့် နေတယ်။

ပြီးမှ ဘဝင်မကျသလို မျက်နှာရှုသိုးသိုးနဲ့ အခန်းထဲ ပြန်ဝင်လာပြီး အခန်းတံခါးရဲ့ချက်ကို ထိုးလိုက်တော့တယ်။





"ချစ်ကလည်း ဘာလဲကွာ . . . အရှိန်ပျက်လိုက်တာ တကယ်ပဲ"

သူဟာ ကျွန်မရဲ့အနားကို ချဉ်းကပ်လာပြန်ပေမယ့် ကျွန်မဟာ သူ့ရင်ဘတ်ကို ဆီးတွန်းလိုက်ပြီး . . .

"မ မဟုတ်ဘူးရော်ဂျာ . . . ကျွန်မ ကျွန်မ သူ့ကို တကယ်တွေ့လိုက်ရတာ"

အသားတွေ တဆတ်ဆတ်တုန်အောင် ထိတ်လန့် တုန် လှုပ်နေတဲ့ ကျွန်မကို ရော်ဂျာက ထွေးဖက်နှစ်သိမ့်ဖို့ ကြိုးစား တယ်။

"ချစ်ရယ် . . . ချစ် အမြင်မှားတာပါကွာ၊ ဘယ်သူမှမရှိ ပါဘူး၊ မောင်တစ်ယောက်လုံးရှိတယ်၊ ဘာမှ စိုးရိမ်ပူပန်မနေနဲ့ . . . ဟုတ်လား"

သူဟာ ကျွန်မကို ထွေးဖက်ပြီး နမ်းဖို့ကြိုးစားတယ်။

တုန်လှုပ်နေဆဲ ကျွန်မကတော့ သူ့ရဲ့အနမ်းတွေကို ရှောင်လွှဲဖို့ ကြိုးစားနေတယ်။

စိတ်မရှည်တော့တဲ့ ရော်ဂျာဟာ ကျွန်မကို တစ်ဆင့် တက်ဖို့ ကြိုးစားလိုက်ချိန်မှာ . . .

'ဒုန်း ဒုန်း ဒုန်း'



www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း ဝုန်း ဝုန်း'

ကျွန်မတို့ရဲ့အိပ်ခန်းတံခါးရှေ့က ခြေထောက်ဆောင့်နင်းသံတွေနဲ့ အခန်းတံခါးကို တဒုံးဒုံး တဝုန်းဝုန်း ထုသံတွေကြောင့် ထိတ်လန့်တကြားနဲ့ ကျွန်မတို့နှစ်ယောက် ခန္ဓာကိုယ်ချင်း ကမန်းကတန်း ခွာလိုက်ကြတယ်။

ဒီတစ်ခါတော့ နှစ်ယောက်စလုံး လန့်ဖျပ်သွားတာပါ။ ကျွန်မထက်တောင် ရော်ဂျာက ပိုပြီးတုန်လှုပ်ချောက်ချားသွားပုံ ရတယ်။ သူ့ရဲ့မျက်နှာဟာ ရုတ်ခြည်း သွေးဆုတ်ဖြူဖွေးသွားတယ်။

သူက ကျွန်မရဲ့ယောကျ်ား ရုတ်တရက် ပြန်ရောက်လာပြီး တံခါးကို လာထုတယ်လို့ ထင်သွားပုံရတယ်။

ဒါပေမဲ့ အပြင်ဘက်က တံခါးထုသံရော ခြေသံပါ ဆက်မကြားရတော့ဘူး။

ရော်ဂျာနဲ့ ကျွန်မဟာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြပြီးမှ သူက တိတ်ဆိတ်နေတဲ့ တံခါးဝဆီ ခြေဖော့နင်းလျက် တစ်လှမ်းချင်း ဖြည်းဖြည်း သတိကြီးစွာထား လျှောက်လှမ်းသွားတယ်။

ပြီးတော့ တံခါးချက်ကို အသံမမြည်အောင် ဖွင့်လိုက်တယ်။





ကျွန်မက သူ့ရဲ့လှုပ်ရှားမှုတွေကို စိုးရိမ်တကြီး စောင့်ကြည့်နေမိတယ်။

ရော်ဂျာက တံခါးရွက်ကို ခပ်ဖြည်းဖြည်း ဆွဲဖွင့်လိုက်တယ်။ တံခါးဝရဲ့အပြင်ဘက်မှာ ဘယ်သူမှမရှိပါဘူး။

''ဟင်း''

ကျွန်မရော ရော်ဂျာပါ သက်ပြင်းချလိုက်မိကြပြီး ရော်ဂျာက စင်္ကြံလမ်းဆီ လှမ်းထွက်လိုက်သလို ကျွန်မလည်း အိပ်ခန်းထဲကနေ အလျင်စလို ထွက်လိုက်မိတော့တယ်။

ကျွန်မတို့ရဲ့ဇာတ်လမ်းကို ဘယ်လိုမှ မဆက်ဝံ့တော့ဘူး။

လူသူအရိပ်အယောင် ကင်းမဲ့နေတဲ့ စင်္ကြံလမ်း တစ်လျှောက် ကျီးကြည့်ကြောင်ကြည့်နဲ့ အထိတ်တလန့်ကြည့်ရင်း လှေကားဆီ ကျွန်မ ကသုတ်ကယက် လျှောက်လှမ်းသွားမိသလို ရော်ဂျာလည်း နောက်က လိုက်ပါလာတော့တယ်။

အဲဒီနောက်မှာတော့ ...

ကျွန်မတို့နှစ်ယောက် အောက်ထပ်ဆီ ခပ်သွက်သွက်လေး ဆင်းလာမိကြပါတော့တယ်။

❋

ခ နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ချစ် ... ချစ်တို့အိမ်မှာ အရင်က သရဲတွေ ဘာတွေ ခြောက်ဖူးသလား"

"ဟင့်အင်း ... မခြောက်ဖူးပါဘူး ရော်ဂျာ"

"မောင်တော့ ချစ်တို့အိမ်မှာ အပမှီနေပြီလို့ထင်တယ်"

"ဘာလဲ ... အပမှီနေတယ်ဆိုတာ"

"ပရလောကသားတွေ ခိုအောင်းနေတာကို ပြောတာ ပေါ့"

"အင်း ... အရင်တုန်းက အဲဒါမျိုး လုံးဝမကြုံဖူးပါဘူး ရော်ဂျာရယ်၊ ခုမှ ထူးထူးဆန်းဆန်း"

ကျွန်မနဲ့ရော်ဂျာဟာ အိမ်ပေါ်ထပ်ဆီ ပြန်မတက်ကြ တော့ဘဲ ခြံထဲက ကျောက်ခုံလေးမှာထိုင်ရင်း စံအိမ်ကြီးရဲ့ ဝရန် တာနဲ့ အိမ်ပေါ်ထပ်ပြတင်းပေါက်တွေဆီ မော့ကြည့်ပြီး တစ်နေ့ ခင်းလုံး ထင်မြင်ချက်အမျိုးမျိုး ပြောဆိုနေမိကြတယ်။

ကျွန်မဟာ ပြောနေဆိုနေရင်းနဲ့ တစ်စုံတစ်ရာကို သတိ ရလိုက်တယ်။

"တစ်ခုတော့ရှိတယ် ရော်ဂျာ ... ကိုကြည်စိုးဟန်ဟာ





လွှန်ခဲ့တဲ့တစ်ပတ်ကျော်ကျော်လောက်က အမဲလိုက်ရာက ပြန်လာ တော့ ဂမုန်းပင်တစ်ပင်ကို ယူလာတယ်၊ အဲဒီဂမုန်းပင်ကို ဟော ဟိုဝရန်တာပေါ်မှာ ဒီ့ပြင်ဂမုန်းတွေနဲ့အတူ စိုက်ပြီး သားငါးရဲ့ သွေးရည်တွေနဲ့ လောင်းလောင်းပေးတယ်"

"ဟင် ဟုတ်လား ... အဲဒါဟာ သရဲမွေးသလိုမျိုးပေါ့၊ ဒါကြောင့် ချစ်တို့ရဲ့စံအိမ်ကြီးဟာ အပမှီသလို ဖြစ်နေတာပဲ ဖြစ်မယ်"

ပြောရင်းနဲ့ ကျွန်မဟာ တုန်လှုပ်လာတယ်။ ရော်ဂျာ ပြောသလို သရဲမွေးတဲ့သဘောမျိုးဆိုရင် အဲဒီလိုအလုပ်ကို ကို ကြည်စိုးဟန်ဟာ ဘာဖြစ်လို့ လုပ်ရတာလဲ။ ဘယ်လိုရည်ရွယ် ချက်နဲ့လုပ်တာလဲ။

သူဟာ ကျွန်မတို့ကို ခြောက်လှန့်ချင်လို့ လုပ်တာလား။ ကျွန်မနဲ့ရော်ဂျာတို့ရဲ့ ဖောက်ပြားမှုကို ရိပ်မိသွားလို့ အဲဒီလို ကြံစည်လုပ်ကိုင်တာလား။ သူမွေးတဲ့ သရဲ ဒါမှမဟုတ် ပရ လောကသား၊ ဒါမှမဟုတ် ဂမုန်းတစ္ဆေပဲ ဆိုပါတော့။ အဲဒီ အကောင်က ကျွန်မတို့ရဲ့ချစ်ခြင်းကို ဖြိုခွဲမယ့်သူလား။ အဲဒီ ရည်ရွယ်ချက်နဲ့ ကိုကြည်စိုးဟန်က ပြုလုပ်စီမံစိုက်ပျိုးခဲ့တာလား။ အဲဒီလိုဆိုရင်တော့ ကျွန်မတို့အပေါ် ယုတ်မာတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ကျွန်မရဲ့ ဒေါသတကြီး တောက်ခတ်သံကြောင့် ရော်ဂျာဟာ အလန့်တထိတ် လှည့်ကြည့်တယ်။

"ဘာ ဘာဖြစ်လို့လဲ ချစ်"

"ရော်ဂျာပြောတာ ဖြစ်နိုင်တယ်၊ သူဟာ သွေးရည်သောက်တဲ့ ဂမုန်းပင်ကိုစိုက်ပြီး သူ့ရဲ့ဘက်တော်သား ဂမုန်းတစ္ဆေသရဲကို မွေးထားတာပဲဖြစ်မယ်၊ အဲဒီဂမုန်းပင်ကို ဆွဲနုတ်ပစ်ရမယ်၊ ရော်ဂျာ ... လာ ... ဝရန်တာပေါ်သွားပြီး အဲဒီဂမုန်းပင်ကို ဆွဲနုတ်ပစ်မယ်"

ကျွန်မက ပြောပြောဆိုဆို ထိုင်ရာက ဆတ်ခနဲထပြီး အိမ်ရှေ့တံခါးပေါက်ဆီ ခပ်သွက်သွက်လျှောက်သွားတော့ ရော်ဂျာက နောက်ကလိုက်လာတယ်။

အိမ်ပေါ်ထပ်ရောက်ခဲ့ပြီး ဝရန်တာဆီ လှမ်းထွက်လိုက်တဲ့ အခါမှာတော့ ဂမုန်းပင်မျိုးစုံဟာ ကျွန်မတို့ကို ဆီးကြိုနေလေရဲ့။

"ဘယ် ဘယ်အပင်လဲ ဟင်"

ရော်ဂျာက ခပ်တိုးတိုးမေးတယ်၊

"မသိဘူး၊ ဒီအိမ်ရောက်ကတည်းက ဒီဂမုန်းပင်တွေကို





တွေ့ပေမယ့် စိတ်မဝင်စားလို့ ဂရုထားပြီး တစ်ခါမှမကြည့်ဖူးဘူး၊ ကိုကြည်စိုးဟန် ဟို ဂမုန်းပင်ယူလာပြီးစိုက်တော့လည်း လိုက်မကြည့်ခဲ့ဘူး၊ ဒါပေမဲ့ သွေးညှီနံ့ရတဲ့အပင်ဟာ အဲဒီအပင်ပဲဖြစ်ရမှာပေါ့"

"အင်း ... မောင်လည်း ဂမုန်းအကြောင်း နားမလည်ဘူး"

"လာပါ ... သွေးညှီနံ့ ခံကြည့်ကြတာပေါ့"

ကျွန်မရဲ့စကားအဆုံးမှာပဲ လေတစ်ချက် ဝေ့တိုက်လာတယ်။ အဲဒီလေနဲ့အတူ သွေးညှီနံ့ဟာ ထောင်းခနဲ ပါလာတယ်။

"ဟာ ... သွေးညှီနံ့ အတော်နံတာပါလား"

ဟုတ်တယ် ... ဂမုန်းပင်တွေရဲ့အနားကို ကျွန်မတို့ တိုးကပ်သွားချိန်မှာ သွေးညှီနံ့ဟာ ပိုပြီး ထောင်းထောင်းထလာတယ်၊

"ချစ် ... ရှိုး ရှိုးမှရှိုးရဲ့လား၊ သွေးညှီနံ့ အရမ်းနံလာပြီ"

ရော်ဂျာရဲ့စကားသံအဆုံးမှာ တုန်ခါသွားတယ်။ သူ့ရဲ့မျက်နှာဟာ ထိတ်လန့်မှုကြောင့် သွေးဆုတ်ဖြူရော်လာတယ်။

ကျွန်မဟာ ဂမုန်းပင်တစ်ပင်ချင်းရဲ့အနား ချဉ်းကပ်ပြီး အနံ့ခံကြည့်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ သွေးညှီနံ့ဟာ ဂမုန်းအပင်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းလိုလိုက ထွက်နေတယ်လို့ ထင်ရပြီး စူးဝါးဝါး သွေးညှိနံ့ကြောင့် ကျွန်မရဲ့ခေါင်းဟာ မူးရိပ်ရိပ်ဖြစ်လာတော့တယ်။

နောက်ဆုံးမှာ ကျွန်မဟာ ဂမုန်းပင်တွေကို ဆက်လက်စူးစမ်းဖို့ လက်လျှော့လိုက်ရတယ်။

ရှေ့ကို ကုန်းကိုင်းပြီး အန့်ခံနေရာက ကျွန်မဟာ ခါးကို ပြန်ဆန့်လိုက်ချိန်မှာ လူကယိုင်သွားလို့ ရော်ဂျာက လက်မောင်းတစ်ဖက်ကိုကိုင်ပြီး ထိန်းပေးလိုက်ရတယ်။

"အား . . . ခေါင်းမူးလာပြီ၊ လာ လာ . . . အိမ်ထဲပြန်ဝင်မှ ဖြစ်မယ်"

ကျွန်မတို့ အိမ်ထဲပြန်ဝင်မလို့ ဟန်ပြင်နေတုန်းမှာပဲ တက်ဒီလေးဟာ စကြံအတိုင်း ပြေးလာပြီး ဝရန်တာဆီ ပြေးထွက်လာတယ်။

ဝရန်တာဆီရောက်တာနဲ့ တက်ဒီလေးဟာ ဂမုန်းပင်တွေကို ကြည့်ပြီး မရပ်မနား ဟောင်တော့တာပဲ။

'ဝုတ် ဝုတ် ပုတ် ဝုတ်'

"တက်ဒီ . . . လာ လာ"

ရော်ဂျာခေါ်တာတောင် မလာဘဲ ဂမုန်းပင်တွေကိုပဲ သဲကြီးမဲကြီး ဟောင်နေတော့တယ်။





ခေါ်မရတဲ့အဆုံးမှာ ရော်ဂျာဟာ ကျွန်မကိုပဲ အိမ်ထဲ တွဲခေါ်လာတယ်။

"အိပ် အိပ်ရာထဲကိုပဲ ပို့ပေးပါ"

ကျွန်မရဲ့ခေါင်းက ပိုပိုမူးလာတဲ့အတွက် အိပ်ရာထဲပဲ ညှိနှိုင်းလိုက်ရပြီး အိပ်ရာပေါ် လှဲချလိုက်တာနဲ့ တစ်ပြိုင်နက်တည်း ကျွန်မဟာ မေ့ခနဲ သတိလစ်သလိုဖြစ်ကာ မှောင်အတိကျသွားပါ တော့တယ်။

❋

ကျွန်မ သတိရလာတော့ ကျွန်မရဲ့အိပ်ခန်းထဲမှာ မှန် အိမ်မီးတောင် ထွန်းထားပြီ။

"ဟော . . . ချစ် သတိရလာပြီလား"

"မာ မာဂရက် သတိမေ့သွားတယ်နဲ့ တူတယ်"

"ဟုတ်တယ် . . . သတိရလာအောင် မောင်ကြိုးစားပေမယ့် မရဘူး၊ နောက်တော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပုံရတာနဲ့ မနှိုးတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရော်ဂျာက အော်ဒီကလုံးရေမွှေးဆွတ်ထားတဲ့ လက်ကိုင်ပဝါလေးကို ပေးလို့ သင်းပျံ့ပျံ့ရေမွှေးရနံ့ကို ရှူရှိုက်လိုက်တယ် ဆိုရင်ပဲ ခေါင်းက ပိုလို့ကြည်လင်သွားတော့တယ်။

ကျွန်မဟာ ခုတင်ဘောင်ကို ခေါင်းအုံးခုခံလို့ ကျောမှီလျက် ထိုင်လိုက်ရင်း ရော်ဂျာရဲ့မျက်နှာကို ငေးကြည့်နေလိုက်တယ်။

သူ့ရဲ့မျက်နှာဟာ စိတ်လှုပ်ရှားနေဟန်ရှိပြီး ဖြူဖပ်ဖြူရော် ဖြစ်နေတယ်။

ကျွန်မဟာ သူ အမူအရာပျက်နေတာကို ကြည့်ရင်း စိတ်ပူပန်လာလို့ မေးလိုက်မိတယ်။

"ရော် ရော်ဂျာ . . . တစ်ခုခုများ ထပ်ဖြစ်သေးသလား"

သူက သက်ပြင်းရှိုက်လိုက်ပြီး ခပ်တိုးတိုးဖြေတယ်။

"ဟုတ်တယ် . . . တက် တက်ဒီ သေသွားပြီ"

"အို . . . ဘုရားရေ၊ ဘာ ဘာဖြစ်လို့ သေတာလဲ ရော်ဂျာ"

"မောင် ချစ်ကို သတိပြန်ရအောင်လုပ်နေတုန်း တက်ဒီရဲ့ဟောင်သံ ကြားနေရရာက တက်ဒီရဲ့ ကိန်ခနဲအော်သံ တစ်ချက်ကြားလိုက်ရတယ်၊ အဲဒီနောက် တက်ဒီရဲ့ဟောင်သံ မကြား





ရတော့ဘူး၊ မောင်လည်း သူ့ကိုမေ့ပြီး ချစ်သတိရလာအောင်ပဲ ဆက်လက်ပြုစုပေးနေမိတယ်၊ နောက် ချစ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သလိုဖြစ်သွားမှ တက်ဒီကို သတိရပြီး ဝရန်တာဆီ ထွက်ကြည့်မိတယ်"

"အဲ အဲဒီတော့"

"တက်ဒီဟာ သွေးအိုင်ထဲမှာ လဲနေတယ်၊ သူ့ရဲ့ခေါင်းဟာ ကြေမွနေတယ်"

"အို"

"တစ်ယောက်ယောက်က သူ့ရဲ့ခေါင်းကို အတော်လေးလံတဲ့အရာနဲ့ အရှိန်ပြင်းပြင်း ထုထားသလိုပါပဲ၊ သူ့ရဲ့အလောင်းကို ခြံနောက်ပိုင်းမှာပဲ မြေမြှုပ်သင်္ဂြိုဟ်လိုက်တယ်"

"ကျွတ် ကျွတ် . . . ဖြစ်မှဖြစ်ရလေ"

"မောင်တော့ အဲဒီဂမုန်းတွေကို မသင်္ကာဘူး၊ ဂမုန်းတွေက အပမှီနေပြီး ဒုက္ခပေးနေတယ်ထင်တယ်၊ သူတို့အားလုံးကို ရှင်းပစ်လိုက်ချင်ပြီ"

"အို . . . သူတို့ကို သွားဒုက္ခပေးရင် သူတို့က ပြန်ပြီး ဒုက္ခပေးလိမ့်မယ် ရော်ဂျာ၊ သူတို့ကို ဟောင်ယုံဟောင်မိတဲ့ တက်ဒီကိုတောင် သူတို့ ဘယ်လိုလုပ်လိုက်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒါကြောင့် မောင်လည်း သူတို့ကို မထိရဲပါ ဘူး၊ ဝရန်တာဆီ အဝင်အထွက်တံခါးရွက်တွေကိုတော့ အတွင်း က ချက်ထိုးပိတ်ထားလိုက်တယ်"

ကျွန်မတို့နှစ်ယောက်ဟာ သက်ပြင်းကိုယ်စီချရင်း အတော်လေးကြာအောင် ငိုင်နေမိကြတယ်။

"ကဲ ... မိုးတောင်ချုပ်နေပြီ၊ အောက်ထပ်ဆင်းပြီး ထမင်းစားရအောင်"

"မဆင်းချင်တော့ဘူး၊ ထမင်းနဲ့ဟင်း လာပို့ဖို့ မဒိုင်းကို ပြောပေးပါလား"

ကျွန်မဟာ တစ်ကိုယ်လုံး နုံးနေလို့ အောက်ထပ်မဆင်း တော့ဘဲ အိပ်ခန်းထဲမှာပဲ ညစာကို စားလိုက်တယ်။

ရော်ဂျာကတော့ စားပြီးပြီမို့ ဘေးက ထိုင်ကြည့်နေတယ်၊

ထမင်းစားသောက်ပြီးတော့ မဒိုင်းကို ပန်းကန်တွေ လာ ပြန်ယူခိုင်းရင်း သေချာမှာရတယ်။

"မဒိုင်း ... အောက်ထပ်ကတံခါးတွေ သေချာပိတ် နော်"

"ဟုတ် ဟုတ်ကဲ့ပါ မမ"

"ပြီးတော့ မခေါ်ဘဲ ဒီအပေါ်ထပ်တက်မလာနဲ့၊ မမ အောက်ထပ်မဆင်းတော့ဘူး၊ ပြန်အိပ်မှာ"

"ဟုတ် ဟုတ်ကဲ့ပါရှင်"

ကျွန်မဟာ မဒိုင်းပို့ပေးသွားတဲ့ နွားနို့ပူပူကို သောက်ရင်း ရော်ဂျာ့ကို အိပ်ခန်းတံခါး ပိတ်ခိုင်းလိုက်တယ်။

ရော်ဂျာဟာ တံခါးရွက်ကိုပိတ်ပြီး အတွင်းက ချက်ထိုး လိုက်တယ်။ ပြီးတော့ ကျွန်မထိုင်နေတဲ့ ခုတင်ဆီလျှောက်လာပြီး ကျွန်မရဲ့ဘေးမှာ ဝင်ထိုင်လိုက်တယ်။

ကျွန်မဟာ နွားနို့ခွက်ကို ခွေးခြေခုံလေးပေါ် တင်လိုက်ပြီး နောက် အိပ်ရာပေါ် ပက်လက်လှဲချလိုက်တယ်။

ရော်ဂျာဟာ ကျွန်မရဲ့ခေါင်းဘေးနှစ်ဖက်မှာ လက်တွေကို ထောက်ထားရင်း ကျွန်မရဲ့မျက်နှာကို ဆီးမိုးကြည့်နေတယ်။

မှန်အိမ်မီးအလင်းနဲ့ ကျွန်မတို့နှစ်ယောက်ဟာ တစ် ယောက်ကိုတစ်ယောက် ရွှန်းရွှန်းစားစား ကြည့်ငေးနေလိုက်မိ ကြတယ်။

ကျွန်မဟာ သူ့ကို မျက်တောင်လေး မှေးစင်းကြည့်ရင်း ပြုံးလိုက်ပြီး ခပ်တိုးတိုး ပြောလိုက်တယ်။

"ရော်ဂျာ ... ဘယ်အရာကမှ မာဂရက်တို့ရဲ့အချစ်ကို မဟန့်တားနိုင်စေရဘူး"







www.burmeseclassic.com

www.burmeseclassic.com



သူ့ကပြုံးရင်း ကျွန်မကို ငုံ့နမ်းလိုက်တယ်။

အဲဒီနောက်မှာတော့ ...

ကျွန်မတို့နှစ်ယောက်ဟာ အချစ်ရေယာဉ်ကြောမှာ မျော ချင်တိုင်း မျောသွားကြတော့တယ်။

❊ ❊ ❊



## ရမ္မက်နီဂုံး

အဲဒီညက ...

အိပ်မက်ထဲမှာ ကျွန်မဟာ ဝရန်တာပေါ် ရောက်နေ ယ်။ လရောင်ဟာ ဝရန်တာပေါ်မှာ ထိန်ထိန်သာနေတယ်။

လေမတိုက်ဘဲ ဖားဖားဝေနေတဲ့ ဂမုန်းရွက်စိမ်းစိမ်းကြီး ွဟာ လှုပ်ယိမ်းလို့နေကြတယ်။

ကျွန်မဟာ လရောင်အောက်မှာ ငေးငေးငူငူရပ်ရင်း န်းပင်တွေကို ကြောင်ကြည့်နေတုန်းမှာပဲ ဂမုန်းပင်တွေကြား နေ လူဝံကြီးလို အမွေးအမျှင်မည်းမည်းနဲ့ လူမည်းကြီး ထ တာကို တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ကျွန်မဆီ ခြေလှမ်းကျဲကြီးနဲ့ လှမ်းလာ
မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးကာ အသံနက်ကြီးနဲ့

"ငါ့ရဲ့မျက်လုံးတစ်ဖက်ပဲ ပွင့်သေးတယ် . . . သိရဲ့လ
မျက်လုံးနှစ်ဖက်စလုံး ပွင့်တာနဲ့ နင့်ကိုစားမယ်၊ နင့်ရဲ့လင်
ကိုလည်း စားမယ်၊ ဘီလူးစည်း လူ့စည်းမရှိတဲ့ သစ္စာပျက်တွေ

လို့ အော်ပြောလာတယ်။

ကျွန်မဟာ ကြောက်လွန်းလို့ အောင်မယ်လေးလို့အော်
အိမ်ထဲကို ချာခနဲပြေးဝင်လိုက်စဉ်မှာပဲ အိမ်ထဲဝင်တဲ့ တံခါး
တွေဟာ ပိတ်နေတာကို တွေ့ရတယ်။

တံခါးရွက်တွေကို ကျွန်မ ကြောက်အားလန့်အား
ကုတ်ဖဲ့ဖွင့်ပေးမယ့် အထဲကနေ ချက်ထိုးထားလို့ ဖွင့်လို့မရ

ဒါကြောင့် ကျွန်မဟာ သွေးရူးသွေးတန်းနဲ့ အသ
ပြတ် ငယ်သံပါအောင် အော်မိတော့တယ်။

"အောင်မယ်လေး . . . ကယ်ကြပါဦး ကယ်ကြပါ

"ချစ် ချစ် ချစ်"

ကျွန်မရဲ့အော်သံကြောင့် လန့်နိုးသွားတဲ့ ရော်ဂျာ
ကျွန်မကို အတင်းလှုပ်နှိုးတယ်။

"ဟင် အင်"

ခု နှစ် စဉ် ကြယ် စာ ပေ



"ချစ် . . . ယောင်ပြီး ဘာတွေ အော်နေတာလဲ"

ကျွန်မဟာ ရော်ဂျာကို အားကိုးတကြီးနဲ့ တင်းတင်းကျပ်
ကျပ်ကြီး ဖက်လိုက်တယ်။ ကျွန်မရဲ့တစ်ကိုယ်လုံးဟာ တဆတ်
ဆတ် တုန်နေတယ်။

အဲဒီအချိန်မှာပဲ ကျွန်မရဲ့အိပ်ခန်းတံခါးကို တဒုန်းဒုန်း
ထုသံကြားရတော့တယ်။

'ဒုန်း ဒုန်း ဒုန်း'

"မမ မမ . . . မမ ဘာဖြစ်တာလဲ"

ကျွန်မ မဖြေခင်မှာဘဲ ရော်ဂျာဟာ လွှတ်ခနဲ အော်ပြော
လိုက်တယ်။

"ဘာမှမဖြစ်ဘူး ဘာမှမဖြစ်ဘူး မဒိုင်း"

"အို"

ကျွန်မဟာ ရော်ဂျာရဲ့မျက်နှာကို အလန့်တထိတ် ကြည့်
လိုက်မိတယ်။

အဲဒီတော့မှ ရော်ဂျာဟာ သူ့အမှားကို သူသိသွားတော့
တယ်။ အမှတ်တမဲ့ ကျူးလွန်မိသွားတဲ့အမှား။

တံခါးချက်ထိုးပိတ်ထားတဲ့ ကျွန်မရဲ့အိပ်ခန်းထဲမှာ
ရော်ဂျာရောက်နေတာကို မဒိုင်းသိသွားပြီ။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



မဒိုင်းဟာ အရင်က အိမ်စေကောင်မလေးတွေနဲ့ မတူပါဘူး။ မဒိုင်းဟာ ကျွန်မယောကျ်ားရဲ့တပည့်ရင်း ဆင်သမားတစ်ယောက်ရဲ့ ညီမပါ။

အခန်းအပြင်ဘက်က ထွက်ခွာသွားတဲ့မဒိုင်းရဲ့ ခြေသံကို ကျွန်မ ကြားလိုက်ရတယ်။

ကျွန်မဟာ သက်ပြင်းမောကိုသာ ချလိုက်မိတော့တယ်။

✻

နောက်နေ့မနက် ကျွန်မအိပ်ရာကနိုးတော့ နေအတော်မြင့်နေပြီ။

ကျွန်မဟာ ပျင်းကြောဆန့်ပြီးတဲ့နောက် အိပ်ရာက လူးလဲထလိုက်တဲ့အခါ ကျွန်မရဲ့လက်ယာဘက်ဘေးက ရော်ဂျာ အုံးသွားတဲ့ ခေါင်းအုံးပေါ်မှာ စာရွက်ခေါက်ဖြူဖြူလေးကို တွေ့လိုက်ရတယ်။

စာရွက်ခေါက်လေးကို ဖြည်ပြီး ဖတ်ကြည့်လိုက်တော့ အောက်ဖော်ပြပါအတိုင်း ရေးထားတာ တွေ့ရတယ်။

ခု နှစ် စဉ် ကြယ် တာ ဖပ



ချစ် ...

မဒိုင်းဟာ မောင်တို့နှစ်ယောက်ရဲ့ အနေအထားကို လက်ပူးလက်ကြပ် သိသွားပြီ။

သူက အစ်ကိုကို ပြန်ပြောမှာ သေချာတယ်။

မောင်တို့ရဲ့ဇာတ်လမ်းကို ဒီမှာပဲ ရပ်သင့်တယ်လို့ ထင်တယ်။ ဒါကြောင့် မောင် မုံရွာဘက်ကို ထွက်သွားပြီ။

မမေ့တဲ့

မောင်

ကျွန်မဟာ ရော်ဂျာရဲ့စာကို ဒေါသတကြီး ဆွဲဖြဲလိုက်တယ်။

တကယ်တော့ ... ရော်ဂျာဟာ သူ့ရဲ့ဘောကြောင်စွာ ရှောင်ထွက်သွားတာပဲ။

ညက ကျွန်မမက်တဲ့အိပ်မက်ကို ပြန်ပြောပြတော့ သူ့ရဲ့ မျက်နှာဟာ ချက်ချင်း သွေးဆုတ်သွားခဲ့တယ်။

သူဟာ ဘောဂကြီးစံအိမ်မှာ ဆက်မနေရဲလောက်အောင် ကြောက်ရွံ့နေပုံရတယ်။

ခု နှစ် စဉ် ကြယ် တာ ဖပ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနဲ့ ဆက်ပြီးပတ်သက်ရမှာ ကြောက်ရွံ့နေပုံ
တယ်။

ဒါကြောင့် ရှောင်ပြေးဖို့ ကြံနေချိန်မှာ အကြောင်းပြစရာ
တွေ့သွားခဲ့တာပါပဲ။

ကျွန်မဟာ ဒေါသထွက်ခြင်း၊ မခံချိမခံသာဖြစ်ခြင်း
ယူကျုံးမရခြင်းများနဲ့ ပေါက်ကွဲပြီး ရော်ဂျာရဲ့စာကို အစိတ်စိတ်
အမြွှာမြွှာ ဆုတ်ဖြဲလိုက်တယ်။ ပြီးတော့ ပြတင်းတံခါးဖွင့်ပြီး
လွှင့်ပစ်လိုက်တယ်။

အဲဒီနောက်မှာတော့ ကျွန်မဟာ အိပ်ခန်းထဲက ထွက်ခဲ့
တယ်။

စကြံလမ်းအတိုင်း လျှောက်လာခဲ့ပြီး ဝရန်တာထွက်တဲ့
တံခါးကို ဖွင့်လိုက်တယ်။

နံနက်နေခြည်ထိုးထားတဲ့ ဂမုန်းပင်တွေဟာ အရွက်ဖား
ဖား စိမ်းစိမ်းစိုစိုနဲ့ ကျွန်မကို ဆီးကြိုနေကြတယ်။

တစ်ညတာလုံး နှင်းရည်သောက်ထားတဲ့ ဂမုန်းပင် အား
လုံးလိုလိုမှာ အဖူးနှစ်ခိုင်စီ ထွက်နေတာကို အံ့ဩဖွယ်တွေ့ရ
တယ်။

အဲဒီအဖူး နှစ်ခိုင်တိုင်းမှာ တစ်ဖူးက ပန်းပွင့်နေပြီး





နောက်တစ်ဖူးက အငုံဘဝမှာပဲ ရှိနေတာကို တွေ့ရတယ်။

ကျွန်မဟာ ညကအိပ်မက်ထဲမှာ လူမည်းမည်းကြီး အော်
ဟစ်ကြိမ်းဝါးပြောဆိုသွားတာကို ပြန်လည်ကြားယောင်လာတယ်။

"ငါ့ရဲ့မျက်လုံးတစ်ဖက်ပဲ ပွင့်သေးတယ် . . . သိရဲ့လား၊
မျက်လုံးနှစ်ဖက်စလုံးပွင့်တာနဲ့ နင့်ကိုစားမယ်၊ နင့်ရဲ့လင်ငယ်ကို
လည်း စားမယ်၊ ဘီလူးစည်း လူ့စည်းမရှိတဲ့ သစ္စာပျက်တွေ"

ဒီအတိုင်းဆို ပန်းနှစ်ပွင့်စလုံး ပွင့်တဲ့အခါမှာ ကျွန်မတို့ကို
ဒုက္ခပေးတော့မယ်ပေါ့။

ကျွန်မဟာ စိတ်ပျက်အားလျော့စွာနဲ့ အိမ်ထဲပြန်ဝင်လာ
ခဲ့တယ်။

အဲဒီနေ့ တစ်နေ့လုံး ကျွန်မဟာ စိတ်လက်မအီမသာနဲ့
ငေးတေးတေး ငူတူတူ ဖြစ်နေတယ်။

မဒိုင်းနဲ့လည်း စကားမပြောဖြစ်ဘူး။

ဒါနဲ့ အိပ်ခန်းထဲမှာပဲ အောင်းပြီး ရေးလက်စ ဒိုမှတ်တမ်း
ကို ဆက်ရေးနေမိတယ်။

အဲ . . . ညနေစောင်းတော့ အိုင်ကြီးရွာဘက်မှာ ရိက္ခာ
သွားဝယ်ပေးနေကျ လူရဲဟာ စံအိမ်ကြီးဆီရောက်လာခဲ့တယ်။

သူ မြင်းပေါ်က သင်းဆင်းချင်းမှာပဲ သတင်းဆိုးကို ကြား

www.burmeseclassic.com



ရတော့တာပဲ။

"ကိုရော်ဂျာစီးသွားတဲ့ ခရီးသည်တင်ဂျစ်ကား မုံရွာအဝင်မှာ မှောက်လို့တဲ့"

"ဟင်"

"ကားပေါ်ပါလာတဲ့လူတွေထဲက ကိုရော်ဂျာ တစ်ယောက်ပဲ ပွဲချင်းပြီးသေတယ်တဲ့၊ မုံရွာမှာရှိတဲ့ အာမခံကုမ္ပဏီရုံးခန်းက ဝန်ထမ်းတွေပဲ တာဝန်ယူပြီး ကိုရော်ဂျာရဲ့ကိစ္စအဝဝကို လုပ်ကိုင်ပေးနေကြတယ်တဲ့၊ ဈေးကားမောင်းတဲ့လူက ပြောလိုက်တယ်"

"အို ... ဘုရားရေ"

မမျှော်လင့်ဘဲ ကြားရတဲ့သတင်းဆိုးကြောင့် ကျွန်မအတော်ကို ချောက်ချားတုန်လှုပ်သွားတယ်။

ကျွန်မဟာ အိမ်ပေါ်ထပ်တက်ခဲ့ပြီး ဝရန်တာဆီ ဦးစွာသွားကာ ဂမုန်းပင်တွေကို ကြည့်လိုက်တယ်။

ထူးဆန်းလွန်းစွာပဲ ဂမုန်းပင်တိုင်းလိုလိုမှာ ပန်းနှစ်ပွင့်စလုံး ပွင့်လို့နေပါလား။

ကျွန်မဟာ တုန်လှုပ်ချောက်ချားလွန်းလို့ ခွေခနဲ လဲကျမလို ဖြစ်သွားပြီးမှ အိမ်ထဲပြန်ဝင်ပြီး အိပ်ခန်းဆီ အားတင်း





လျှောက်လှမ်းခဲ့ရာက အိပ်ခန်းထဲအရောက်မှာ အိပ်ရာပေါ် အားလျှားမှောက်ပြီး အားပါးတရ ငိုကြွေးလိုက်မိပါတော့တယ်။

ကျွန်မဟာ ဒီမှတ်တမ်းကို အခု ညဉ့်ဦးအချိန်မှာ ရေးဖြစ်နေတယ်။

ဘာတွေဆက်ဖြစ်လာဦးမယ်ဆိုတာတော့ မသိနိုင်တော့ပါဘူးရှင်။

**မြကြာဖြူ (ခေါ်) မာဂရက်၏မှတ်တမ်းမှာ ဤနေရာတွင် ပြီးဆုံးသွားပါတော့သတည်း။**

❋

မှူမှူဆွေသည် မြကြာဖြူ၏မှတ်တမ်းကို အစအဆုံး ဖတ်ပြီးနောက် သက်ပြင်းမောချလိုက်မိတော့သည်။

မှတ်တမ်းစာအုပ်လေးကို ပြန်ပိတ်ပြီး သူမက ဓာတ်ပုံတို့ကို ပြန်ထပ်ကြည့်နေမိသည်။

သူမက ထိုဓာတ်ပုံများထဲမှ မာဂရက် (ခေါ်) မြကြာဖြူ



www.burmeseclassic.com

www.burmeseclassic.com



၏ ဓာတ်ပုံများနှင့် ရော်ဂျာ၏ဓာတ်ပုံတို့ကို စက်ဆုပ်စွာ မျက်မှောင်လေးကြုတ်လျက် အပြန်ပြန်အလှန်လှန် ကြည့်နေမိပါတော့သတည်း။

※

"ဒါ မြကြာဖြူပေါ့ ... ဟုတ်လား"

နောက်နေ့နံနက်ခင်းမှာပင် မော်တာဖြင့် ရေတင်နေသည့် ရေကြောင်းသို့ လိုက်သွားပြီး လူရဲအား ဓာတ်ပုံများပြကာ မှုမှုဆွေက မေးတော့သည်။

"ဟုတ်တယ် မှုမှု ... သူပဲ"

"ဒါက ရော်ဂျာရဲ့ဓာတ်ပုံ မဟုတ်လား"

"ဟုတ်တယ် ... သူက ကိုရော်ဂျာပဲ"

"ဒါဆိုရင်တော့ မှုမှုဖတ်ခဲ့မိတဲ့ ဟောဒီမှတ်တမ်းစာအုပ်ထဲက ဖြစ်ရပ်တွေအရ မြကြာဖြူ တွေ့ခဲ့ ကြုံခဲ့ရတဲ့ လူမည်းမည်းကြီးကပဲ မြကြာဖြူကို ဝရန်တာကနေ ပစ်ချပြီး အဆုံးစီရင်ခဲ့တာပဲ ဖြစ်ရမယ်"





"ဟုတ်တယ် ... မှုမှုလိုပဲ ကိုယ်လည်း ယူဆမိတယ်၊ မြကြာဖြူဟာ သူ့ကိုယ်သူ သတ်သေသွားခဲ့တာ မဟုတ်နိုင်ဘူး"

လူရဲက မှတ်တမ်းစာအုပ်ကို ဖတ်ကြည့်ပြီးနောက် ထောက်ခံစကားဆိုသည်။

"ဒါထက် ကိုကြည်စိုးဟန်ကရော ဘာဖြစ်သွားသလဲ လူရဲ"

"သူကတော့ အိမ်ကြီးကို ရှေ့နေဦးလှဘူးဆီ ပြန်အပ်ပြီး ဒီဒေသကနေ ပြောင်းရွှေ့သွားခဲ့တယ်"

မှုမှုဆွေက အတန်ကြာ ဆိတ်ငြိမ်သွားပြီး မျက်မှောင်လေး အတွန့်ချိုးကာ တစ်စုံတစ်ရာ စဉ်းစားသလိုလို လုပ်နေ၏။

"ဒါထက် လူရဲရော ဂမုန်းပင်တွေရဲ့အကြောင်းကို နားလည်သလား"

"ဟင့်အင်း ... သိပ်နားမလည်ဘူး၊ ဘာဖြစ်လို့ မေးတာလဲ"

"ဘောဂကြီးစံအိမ်အပေါ်ထပ် လေသာဆောင်မှာရှိတဲ့ ဂမုန်းပင်တွေထဲက ဘယ်ဂမုန်းပင်မှာ လူမည်းမည်းကြီး ထွက်ထွက်လာတဲ့ ဂမုန်းလဲဆိုတာ သိချင်လို့ပါ"

"အင်း ... နေဦး၊ ဖိုးဝင်းတောင်ဘက်မှာ ဖိုထိုးနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးဆိုတာ ရှိတယ်၊ သူနဲ့ ကျွန်တော် အတော်ခင်တယ်၊ သူကတော့ ဂမ္ဘီရကျမ်းစာအားလုံးကို နားလည်သူပဲ၊ သူ့ကို ပင့်လာခဲ့မယ်"

"ကောင်းပြီ ... ကျေးဇူးပဲလူရဲ၊ မြန်မြန်သာ ပင့်ခဲ့ပါ"

※

"ဟိုနေ့ညက မမလှဲ့ပွေ့ခဲ့ရတဲ့ ဟိုအိပ်ခန်းထဲမှာ ငိုနေတယ်ဆိုတဲ့ မိန်းမဟာ သူလား"

မူမူဆွေက မြကြာဖြူ၏ဓာတ်ပုံကို သူ့အစ်မ လှဲ့လှဲ့ဆွေအား ပြသရာ လှဲ့လှဲ့ဆွေမှာ ဓာတ်ပုံကိုကြည့်ရင်း မျက်လုံးလေးများ ဝိုင်းသွားတော့၏။

အို ... ဟုတ်တယ်၊ သူ သူပဲ သူမှသူပဲ"

ဤတွင် မူမူဆွေက သူမရရှိထားသည့် မြကြာဖြူ၏ မှတ်တမ်းစာအုပ်ကို ပေးဖတ်လိုက်လေသည်။

ယင်းမှတ်တမ်းစာအုပ်ကို ခဲအိုဖြစ်သူကိုအောင်ကို့ကို လည်း ပေးဖတ်လိုက်၏။





"ဪ ... လက်စသတ်တော့ သူတို့ဇာတ်လမ်းက ဒီလိုကိုး"

"ဟုတ်တယ် အစ်ကိုအောင်ကို့၊ လင်သားအပေါ် သစ္စာမရှိတဲ့ ဝန်ထောက်ကတော်နဲ့ ကြာကူလီငနဲကို ဂမုန်းပင်ရဲ့ အစောင့်တွေက ကောင်းကောင်းကြီးပညာပေး ဆုံးမလိုက်တာပဲ"

"အဲဒီဂမုန်းတွေထဲက စိတ်ဝင်စားဖို့အကောင်းဆုံးကတော့ မင်းသားကြီးဂမုန်းပဲ"

"ဟုတ်တယ် ... ဘာပဲဖြစ်ဖြစ် ထူးခြားလှတဲ့ အဲဒီဝရန်တာပေါ်က ဂမုန်းပင်တွေကို ခွဲခြမ်းစိတ်ဖြာပြီး သူတို့ရဲ့ သိဒ္ဓိတွေကိုပါ သိရအောင် ကိုလူရဲရဲ့ဆရာသမားတစ်ဦးဖြစ်တဲ့ အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးကို ပင့်နိုင်းလိုက်ပြီ၊ ကိုလူရဲ ပင့်ပေးလိမ့်မယ်"

"အိုးနင်းခွက်နင်း ဖိုးသူတော်ကြီး ... ဟုတ်လား"

"ဟုတ်တယ်လေ ... အဲဒီ ဖိုးသူတော်ကြီးက ဂမ္ဘီရကျမ်းစာတွေကို နားလည်တယ်တဲ့၊ အထူးသဖြင့် ဝန်ထောက်ကတော်နဲ့ သူ့ရဲ့ ကြာကူလီငနဲကို ဆုံးမလိုက်တဲ့ ဂမုန်းဟာ ဘယ်အပင်လဲလို့သိရအောင် အဲဒီဖိုးသူတော်ကြီးကို ခွဲခြမ်းစိတ်ဖြာပြပေးဖို့ အကူအညီတောင်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ... ဒါဆို အဲဒီဂမုန်းပင်တွေရဲ့အစောင့်တွေက အစ်ကိုတို့ကို ပြဿနာမရှာရအောင် အဲဒီဖိုးသူတော်ကြီးကို စီရင်ပေးဖို့ပါ အကူအညီတောင်းရမယ်"

"ကောင်းတယ် ကောင်းတယ်၊ ဒါမှလည်း လဲ့က ဒီ စံအိမ်ကြီးမှာ နေရဲမှာ"

လဲ့လဲ့ဆွေကလည်း ဝမ်းပန်းတသာ ထောက်ခံရှာလေသည်။

❊ ❊ ❊



## မိစ္ဆာနှင်ပွဲ



နောက်နေ့နံနက်မှာပင် ...

ဒိုးနင်းခွက်နင်း ဖိုးသူတော်ကြီးကို ပင့်ရန် လူရဲသည် မြင်းတစ်စီးဖြင့် မုံရွာဖိုးဝင်းတောင်ဘက်သို့ ထွက်ခွာသွားရာ ညနေစောင်းလုလုမှာပင် ဖြူဖြူဝဝဖိုင့်ဖိုင့် ဖိုးသူတော်ကြီးတစ်ဦးနှင့်အတူ မြင်းကိုယ်စီဖြင့် ဘောဂကြီးစံအိမ်သို့ ပြန်လည်ရောက်ရှိလာတော့သည်။

လူရဲက ခပ်ပြုံးပြုံးအမူအရာရှိကာ သဘောကောင်းပုံရသည့် ဖိုးသူတော့်ကြီးကို ဘောဂကြီးစံအိမ်မိသားစုများနှင့် မိတ်ဆက်ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးသူတော်ကြီး အခုလို လိုက်ပါလာတာကို ကျေးဇူ တင်ပါတယ် ခင်ဗျာ၊ ဒီစံအိမ်ကြီးမှာ ဖြစ်ပျက်နေတာတွေ, ဖြစ် ပျက်ခဲ့တာတွေကိုတော့ မောင်လူရဲပြောပြလို့ သိပြီးရောပေ ခင်ဗျာ"

အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးကို သစ်သီးဖျော်ရည်ဖြင့် ဧည့်ခံရင်း ကိုအောင်ကိုက ပဋိသန္ဓာရစကား ဆိုလေသည်။

ဖိုးသူတော်ကြီးက သစ်သီးဖျော်ရည်ကို သုံးဆောင်ပြီး နောက် သူ၏သက်န်းရောင် အဝတ်လွယ်အိတ်ကြီးထဲမှ ကြေး ကွမ်းအစ်ကိုထုတ်ကာ ကြေးကွမ်းညှပ်ဖြင့် ကွမ်းသီးကို တဒေါက် ဒေါက် ညှပ်ပြီး ကွမ်းတစ်ရာကို ယာစားလိုက်လေသည်။

ထို့နောက် အိမ်ဖော်မလေးမထား အသင့်ချထားသည့် ထွေးခံထဲ ကွမ်းသွေးကို ပျစ်ခနဲထွေးလိုက်ပြီးနောက် ...

"အိမ်း ... လူရဲပြောပြလို့ အားလုံးလိုလို သိပြီးပါပြီ ကွယ် ...၊

အဲဒီလို သိလို့လည်း ဖိုးဝင်းတောင်ခြေက ရသေ့ကြီး ဦးကောက်ရဲ့ ကျောင်းသခ်မ်းနားမှာ ကျုပ်ကိုယ်တိုင် တော တောင်ထဲက မျိုးယူလာပြီး စိုက်ပျိုးထားတဲ့ ဟောဒီမင်းသားကြီး ဂမုန်းပင်ကို နုတ်ယူလာခဲ့တာပေါ့ကွယ် ...ဟဲ ဟဲ ဟဲ"





ဟု ရယ်သွမ်းသွေးပြောရင်း သူ၏လွယ်အိတ်ကြီးထဲမှ ငှက်ပျောဖက်စိမ်းဖြင့် ပတ်ထုပ်ကာ သစ်အူကြိုးဖြင့် ချည်ထား သည့် ဂမုန်းပင်တစ်ပင်ကို ထုတ်ယူပြလိုက်လေသည်။

မူမူခေွက ယင်းဂမုန်းပင်ကို သေချာစွာကြည့်ရင်း ...

"ဟင် ... ဒီလို ဂမုန်းပင်မျိုး အိမ်ပေါ်ထပ်က ဝရန် တာမှာ တစ်ပင်ရှိတယ်"

ဟုပြောလိုက်ရာ အိုနင်းခွက်နင်း ဖိုးသူတော်ကြီးက မိန့် မိန့်ကြီးပြုံးလိုက်ပြီး ...

"ဟင်း ဟင်း ဟင်း ... သူငယ်မ,ပြောတဲ့ အဲဒီဂမုန်း ပင်ကပဲ ဒုက္ခပေးနေတာပေါ့ကွယ်"

"ရှင် ... ဒါဆို သစ်တောဝန်ထောက်ကိုကြည်စိုးဟန် ယူလာပြီးစိုက်ခဲ့တဲ့ ဂမုန်းပင်ဆိုတာ အဲဒီဂမုန်းပင်ပေါ့ ... ဟုတ် လား ...၊

အဲဒီဂမုန်းပင်ဟာ မင်းသားကြီးဂမုန်းဖြစ်ကြောင်း ကို ကြည်စိုးဟန်က ပြောတယ်လို့ မြကြာဖြူရဲ့မှတ်တမ်းထဲမှာပါတယ်၊ အဲဒီ မင်းသားကြီးဂမုန်းပင်ကိုပဲ သွေးရည်တွေလောင်းလောင်းပေး ခဲ့ရတာပေါ့"

"မဟုတ်သေးဘူး သူငယ်မ၊ ဒီမင်းသားကြီးဂမုန်းဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သွေးရည်မလောင်းရပါဘူးကွဲ၊ သူက သူတော်ကောင်းဂမုန်းပဲ ဟာ''

''ဟင် . . . ဒါ ဆို''

''ဟုတ်တယ် ဒီအိမ်ကြီးမှာရှိနေတဲ့ ဂမုန်းဟာ မင်းသားကြီးဂမုန်း ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ဒီ မင်းသားကြီးဂမုန်းနဲ့ အတော်ကြီးတူတဲ့ ဂမုန်းဘီလူးပဲ ဖြစ်ရမယ်''

''အို . . . ဂမုန်းဘီလူး . . . ဟုတ်လား''

''ဟုတ်တယ် . . . ဂမုန်းဘီလူးနဲ့ ဟောဒီ မင်းသားကြီးဂမုန်းဟာ ရုတ်တရက်ကြည့်ရင် အတူတူလို့ထင်ရတယ်၊ ဂမုန်းဘီလူးရော မင်းသားကြီးဂမုန်းပါ အရွက်တွေရဲ့အောက်ဘက် ကျောဘက်က နီရဲနေတယ်၊ အပေါ်ဘက်ကတော့ စိမ်းနေတယ် လေ''

ဖိုးသူတော်ကြီးက ပြောပြောဆိုဆိုဖြင့် သင်အူကြိုးကို ဖြည်ပြီး ၄က်ပျောဖက်ကို ဖယ်လိုက်ရာ အောက်ဝယ် ဥကြီး တစ်လုံးပါသည့် ဂမုန်းပင်ကို တွေ့ရလေသည်။

ယင်းဂမုန်းပင်၏အရွက်များမှာ အပေါ်ဘက်က စိမ်းနေပြီး အောက်ဘက် ကျောဘက်မှာ နီရဲလို့နေသည်။

''ဟောဒီ မင်းသားကြီးဂမုန်းပင်ရဲ့ အရွက်အပေါ်ဘက်





ဟာ ဂမုန်းဘီလူးအရွက်လိုပဲ စိမ်းနေပေမယ့် သူ့က အစိမ်းပေါ်မှာ အနီကြောင်းလေးတွေ မသိမသာပါနေတယ် . . . တွေ့လား''

အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးက ဂမုန်းရွက်စိမ်းစိမ်းပေါ်မှ အနီကြောင်းကလေးများကိုပြရာ မူမူဆွေတို့အားလုံး စိတ်ဝင်စားစွာ ဝိုင်းကြည့်လိုက်ကြလေသည်။

''ပြီးတော့ ဂမုန်းဘီလူးရဲ့ဥက ဒီမင်းသားကြီးဂမုန်းရဲ့ ဥနဲ့ မတူဘူး၊ သူ့ရဲ့ဥက ဘီလူးခေါင်းပုံ ပေါ်နေတယ်''

''အို . . . ဟုတ်လား''

''ဟုတ်တယ် . . . ဂမုန်းဘီလူးမှာ နှစ်မျိုးရှိတယ်၊ တစ်မျိုးက နန်းထိုင်ဂမုန်းဘီလူးဖြစ်ပြီး နောက်တစ်မျိုးက တောဘီဘူး၊ နှစ်မျိုးစလုံးရဲ့ဥဟာ ဘီလူးခေါင်းပုံသဏ္ဍာန်အတိုင်းပဲ၊ အစွယ်နှစ်ချောင်း ထင်ထင်ရှားရှားကြီး ပါတယ် . . .၊

နန်းထိုင်ဂမုန်းက အပေါ်တည့်တည့်မှာ အချွန်ကြီးပါတယ်၊ တောဘီလူးက အချွန်မပါဘူး ကတုံး၊ တောဘီလူးက ပိုကြမ်းတယ်၊ ပိုခိုက်တယ်၊ အိမ်တွေမှာ မစိုက်ပျိုးသင့်တဲ့ ဂမုန်းမျိုးပဲ . . .၊

ဂမုန်းဘီလူးကို အိမ်မှာစိုက်တာဟာ သရဲမွေးသလိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ များသောအားဖြင့် အောက်လမ်းဆရာတွေဟာ အဲဒီဂမုန်းကို သူတို့ရဲ့အိမ်မှာ စိုက်ပျိုးတတ်ကြတယ် ...၊

သူ့ကိုစိုက်ပျိုးရင် စစိုက်ကတည်းက ကြက်လည်ချောင်းသွေး၊ အမဲသွေး စတဲ့ တိရစ္ဆာန်သွေးရည်တွေ၊ သားငါးဆေးရေတွေနဲ့ လောင်းပြီးစိုက်ရတယ်၊ မကြာခဏလည်း သွေးရည်တွေ သားငါးဆေးရေတွေ ဖျန်းပေးရတယ် ...၊

ပြီးတော့ အဲဒီဂမုန်းဘီလူးပင်ရဲ့အနားကို ကိုယ့်ရဲ့ အိမ်သူအိမ်သားတွေကို ခေါ်သွားပြီး ရင်းနှီးအောင် ပြပေးထားရတယ်၊ ဒါမှ သူက ကိုယ့်အိမ်သူအိမ်သားတွေကို ဒုက္ခမပေးမှာ လူမှားပြီး ဒုက္ခပေးတာတို့၊ ခြောက်လှန့်တာတို့မလုပ်မှာ''

''အတော်ထူးဆန်းပြီး ကြောက်စရာကောင်းတဲ့ ဂမုန်းပင်ပါလား''

''ဟုတ်တယ်နော် ... ကြားရတာတင် ကြက်သီးများထပါရဲ့''

ကိုအောင်ကိုတို့ လင်မယားက မှတ်ချက်ဝင်ပေးကြသည်။

''တစ်ခုရှိတာက ဂမုန်းဘီလူးကို သွေးရည်တွေ ဘာတွေ လောင်းပြီး သရဲမွေးသလို ဂရုတစိုက် စိုက်ပျိုးပြီး သူ့ကို





အမိန့်ပေးထားရင် အရှင်သခင်ရဲ့အမိန့်အတိုင်း သူက လိုက်နာလုပ်ဆောင်တတ်တယ်၊ အရှင်သခင်ရဲ့ကျိုးကို ကာကွယ်ပေးတတ်တယ် ...၊

အဲဒီလိုအိမ်မျိုး ဝင်မိတဲ့သူခိုးဆို ဂမုန်းဘီလူးရဲ့ ရိုက်နှက်ဖမ်းဆီးတာခံရတတ်တယ်၊ သူ့ကိုသွားပြီး ထိခိုက်နစ်နာအောင်လုပ်ရင်လည်း တုံ့ပြန်တတ်တယ်၊ သူ့သခင်ကို နစ်နာအောင် လုပ်ရင်လည်း အသေသတ်တတ်တယ်''

''ကြောက်စရာပါလား''

''အင်း ... ဒါကြောင့်လည်း ကိုကြည်စိုးဟန်စိုက်ခဲ့တဲ့ ဂမုန်းဟာ ဖောက်ပြန်တဲ့ သူ့ရဲ့မိန်းမနဲ့ သူ့ရဲ့ညီကို အသေသတ်လိုက်တာပဲကိုး''

''အဲ ... သူ့ကိုပစ်ထားရင်၊ သွေးရည်တွေ ဘာတွေ သောက်သုံးခွင့် မပေးရင်တော့ သူဟာ နည်းမျိုးစုံနဲ့ သောင်းကျန်းတော့တာပဲ ...၊

ဒါကြောင့် ဂမုန်းဘီလူးမှန်းမသိဘဲ စိုက်ပျိုးထားမိတဲ့ အိမ်တွေမှာ လူမည်းမည်းကြီး သောင်းကျန်းတာတို့၊ ကိုယ်ထင်ပြတာတို့ ကြုံရပြီး သရဲခြောက်တယ်၊ တစ္ဆေခြောက်တယ်ဆိုပြီး နာမည်ကြီးတတ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါဆို မူမူတို့အိမ်ပေါ်ထပ် ဝရန်တာက ဂမုန်းကို ဘယ်လိုလုပ်ကြမလဲဟင် ဦးသူတော်ကြီး"

"မပူပါနဲ့လေ ... ဟောဒီမှာ ဂမုန်းဘီလူးကိုနိုင်တဲ့ မင်းသားကြီးဂမုန်း ပါလာပြီပဲ၊ ကဲ ... သူငယ်မတို့ရဲ့ ဂမုန်းဘီလူးပင်ဆီ သွားကြည့်ရအောင်"

သို့ဖြင့် ...

မူမူဆွေတို့က အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးနှင့် လူရဲတို့ကို အိမ်ပေါ်ထပ်ဝရန်တာဆီ ခေါ်သွားကြတော့သည်။

ဝရန်တာအစွန်းတွင် ပက်ပတ်လည်စိုက်ပျိုးထားသည့် ဂမုန်းပင်များအနက်မှ ကြွေပန်းအိုးလှလှတစ်လုံးနှင့်စိုက်ပျိုးထားသော ဂမုန်းပင်အနီးသို့ အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးက ချဉ်းကပ်သွားလေသည်။

"ဒါဟာ ဂမုန်းဘီလူးပင်ပဲ၊ တွေ့လား ... သူ့အရွက်တွေရဲ့ အပေါ်ဘက်ဟာ စိမ်းရဲစိမ်းနေပြီး အနီကြောင်းလေးတွေ မပါဘူး၊ ကဲ ကဲ ... ပန်းအိုးအလွတ်တစ်လုံး ပေးစမ်းဗျာ၊ ကျုပ်ရဲ့ မင်းသားကြီးဂမုန်းကိုပါ စိုက်ထားရအောင်"

ကိုအောင်ကိုသည် အခြားဂမုန်းပင်တစ်ပင်ကို အခြားပန်းအိုးထဲ ပေါင်းထည့်လိုက်ပြီး လွတ်သွားသည့်ပန်းအိုးကို ဖိုးသူ





တော်ကြီးအား ပေးလိုက်လေသည်။

အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးက သူယူလာသည့် မင်းသားကြီးဂမုန်းပင်ကို အိုးအလွတ်တွင် စိုက်ပျိုးလိုက်ပြီး ရေတစ်ဖလားတောင်းကာ ရေလောင်းပေးလိုက်လေသည်။

ပြီးလျှင် ဂမုန်းဘီလူးပန်းအိုးနှင့် မလှမ်းမကမ်း၌ မင်းသားကြီးဂမုန်းပန်းအိုးကို ချထားလိုက်သည်။

ထို့နောက် ဖိုးသူတော်ကြီးက အနီးမှ ဂမုန်းပင်အချို့ကို လက်ညှိုးညွှန်ပြလိုက်ပြီး ...

"ဟောဒီဂမုန်းပင်တွေဟာလည်း ရှားပါးဂမုန်းပင်တွေပဲကွဲ့ ... ဟောဒါက ကျီးဂမုန်း၊ ဒါက ငုံးဂမုန်း၊ ဒီဟာ ဟင်္သာဂမုန်း၊ ဟောဒီဂမုန်းကတော့ ဒေါင်းဂမုန်းလို့ခေါ်တယ်ကွဲ့၊ သူတို့ဟာ ညဘက်ကျရင် အရွက်ချင်း တဖြည်းဖြည်းပူးကပ်သွားကြပြီး အိပ်စက်လေ့ရှိကြတယ်ကွဲ့"

ဤတွင် မူမူဆွေက မျက်မှောင်လေး အတွန့်ချိုးကာ ငြင်ပြောလေသည်။

"ဦးသူတော်ကြီး ... မမလဲ့လည်း မူမူကို အဲဒီလိုပဲ ပြောဖူးတယ်၊ ဒါပေမဲ့ မူမူ ညဘက်ထထကြည့်တော့ ဒီဂမုန်းပင်တွေဟာ မအိပ်ကြပါဘူး၊ အရွက်ချင်း မပူးကပ်ကြပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘေးကိုကားထွက်နေမြဲ ကားထွက်နေကြတာကိုပဲ တွေ့ရတယ်ရှင့်''

ဖိုးသူတော်ကြီးက ကွမ်းဝါးရင်း ပြုံးလိုက်လေသည်။

''ဟင်း ဟင်း . . . သူတို့ ဘယ်အိပ်ကြပါ့မလဲကွယ်၊ သူတို့က ဒီဘီလူးဂမုန်းကို ကြောက်နေ လန့်နေကြတာကိုး''

''ရှင်''

''ဒီလိုကွဲ့ . . . ဒီဂမုန်းတွေဟာ သူတို့ရဲ့သဘာဝအတိုင်းဆို ညဘက်အိပ်စက်လေ့ရှိကြတယ်ကွဲ့၊ ခုဟာက သူတို့ရဲ့အနားမှာ ဂမုန်းဘီလူးရောက်နေလေတော့ လန့်ဖျပ်ပြီး ညဘက်မအိပ်နိုင်ကြတာဖြစ်မှာပေါ့ကွယ်''

''အတော်ဆိုးတဲ့ ဂမုန်းဘီလူးပဲနော်၊ သူ သူ့ကို ဘယ်လိုလုပ်ကြမလဲ ဦးသူတော်ကြီး''

''ဟင်း ဟင်း . . . မပူပါနဲ့ကွယ်၊ ဟောဒီ မင်းသားကြီးဂမုန်းက သူ့ရဲ့ရန်ကို ရှင်းပေးပါလိမ့်မယ်၊ အဲ အခုတော့ မဟုတ်ဘူး . . . ညသန်းခေါင်လောက်ကျရင်ပေါ့ကွယ်၊ ကဲ . . . ဒီတော့ ညသန်းခေါင်ယံမှာ ဘာတွေဖြစ်လာမလဲဆိုတာကို ကျုပ်တို့စောင့်ကြည့်ကြစို့ရဲ့''

အားလုံးက စောင့်ကြည့်ရန် စိတ်အားထက်သန်စွာ





သဘောတူလိုက်ကြတော့သည်။

ညနေရီ မှောင်စပျိုးပြီးမို့ မြူတို့ ဝေ့ဆိုင်းလာသလို ဆောင်းလေအေးအေးကလည်း တဝေ့ဝေ့ တိုက်ခတ်စပြုလာခဲ့ပြီ။

ဘောဂကြီးစံအိမ်ကြီး၏ အပေါ်ထပ်ဝရန်တာပေါ်မှ ဂမုန်းပင်များ၏ ရွက်စိမ်းဖားဖားတို့သည်လည်း လှုပ်ယိမ်းလျက်ရှိချေပြီ။

ထိုဂမုန်းပင်များအထဲမှ ဂမုန်းဘီလူးပင်၏ အရွက်စိမ်းစိမ်းတို့က တဖျပ်ဖျပ်ဖြင့် ပိုမိုလှုပ်ယိမ်းနေသလိုပင်။

❋

လှူရဲ၊ အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးနှင့် ဘောဂကြီးစံအိမ်မိသားစုဝင်များ၊ အိမ်ထောင်ထိန်းဒေါ်လုံးနှင့် အိမ်စေမလေးမထားပါမကျန် အားလုံး စိတ်အားထက်သန်စွာဖြင့် စံအိမ်နံဘေးရှေ့ဘက်ပိုင်းရှိ မြက်ခင်းပေါ်တွင် ညဆယ်နာရီကျော်ကျော်လောက်ကတည်းက စုဝေးရောက်ရှိနေကြပြီဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းမြက်ခင်းပေါ်တွင် ကျွန်းဆက်တီခုံများ၊ ကုလားထိုင်များ ချခင်းထားပြီး သူတို့က ဆိတ်ငြိမ်စွာထိုင်ကာ ဆင်ဝင်ဆောင်ကြီးပေါ်မှ ဝရန်တာဆီသို့ မော့ငေးစောင့်ကြည့်လျက်ရှိကြလေသည်။

အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးသည် ကျွန်းဆက်တီခုံတစ်လုံးတွင် ခပ်မဆိတ်ထိုင်ရင်း စိပ်ပုတီးကို တချောက်ချောက်စိပ်နေလေသည်။

လူရဲသည် ဖိုးသူတော်ကြီး၏ ဝဲဘက်ရှိ ကျွန်းခုံတွင်ထိုင်ရင်း လရောင်အောက်မှ ဝရန်တာကြီးဆီသို့ လှမ်းကြည့်လိုက်၊ ဖိုးသူတော်ကြီး၏ လက်ယာဘက်တွင် ထိုင်နေသည့် မူမူဆွေကို မသိမသာကြည့်လိုက် လုပ်နေလေသည်။

လရောင်ဖွေးဖွေးအောက်တွင် သနပ်ခါးပါးကွက်လေးများ လိမ်းခြယ်ထားသည့် မူမူဆွေ၏အလှမျက်နှာလေးက ခါတိုင်းတွေ့နေမြင်နေကျထက် ပိုလှနေသည်ဟု လူရဲတွေးရင်း ဘာကြောင့်မှန်းမသိ ထိုအလှမျက်နှာလေးကို မကြာခဏ ခိုးခိုးကြည့်နေမိ၏။

သူ ထိုသို့ လှည့်ကြည့် လှည့်ကြည့်လုပ်နေသည်ကို မကြာမီ မူမူဆွေက ရိပ်မိသွားရာ တစ်ချီဝယ် လူရဲလှမ်းကြည့်





လိုက်စဉ် သူမက မျက်စောင်းလေးတစ်ချက် ထိုးလိုက်တော့သည်။

"ဟွန်း ... ဒီမှာ သေရေးရှင်ရေး ပွဲကြီးပွဲကောင်းကို စောင့်ကြည့်နေရတဲ့ကြားထဲ သူက ဘာရောဂါထနေသလဲ မသိဘူး၊ လူကိုပဲ ကြည့်ကြည့်နေတယ်"

မူမူဆွေ မျက်စောင်းလေးထိုးပြီး ပါးစပ်မှ အသံတိတ်ပွစိ ပွစိလုပ်ကာ နှုတ်ခမ်းလေး စူသွားသည်ကို တွေ့လိုက်ရတော့ လူရဲမှာ ပြုံးစေ့စေ့ဖြစ်သွားပြီး သူမကို စလိုသည့်စိတ် ဖြစ်ပေါ်လာတော့၏။

ထို့ကြောင့် အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးအား မူမူဆွေကြားရုံ ခပ်တိုးတိုး စကားစလိုက်လေသည်။

"ဦးသူတော်ကြီး ... ဒီညကိစ္စ အောင်မြင်ပြီးသွားရင် ကျွန်တော့်ကို မျက်နှာပွင့်တဲ့ဂမုန်း ညွှန်ပြစမ်းပါဗျာ"

"ဟေ ... မင်းက ဘာလုပ်ဖို့လဲ"

"ဘာလုပ်ရမှာလဲ ဦးသူတော်ကြီးရဲ့ ... ကောင်မလေးတစ်ယောက်က ကျွန်တော့်ကို မုန်းနေသလိုလိုပဲ၊ ဒါကြောင့် သူ မမုန်းဘဲ ချစ်လာအောင် အဲဒီဂမုန်းမျိုး စိုက်ချင်လို့ပါ"

ဂမုန်းပင်များကို စိတ်ဝင်စားနေပြီဖြစ်သော မူမူဆွေက



www.burmeseclassic.com

www.burmeseclassic.com



လူရဲ၏စကားကို စိတ်ဝင်စားသွားပြီး မသိမသာ နားစွင့်လိုက်လေသည်။

အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးက ပုတီးအစိပ်ရပ်ပြီး လရောင်အောက်မှာ မိန့်မိန့်ကြီးပြုံးလိုက်ကာ ...

"အေး ... အဲဒါဆို ကွင်းထိုးဂမုန်းကို စိုက်ပေါ့ကွဲ့"

ဟု ပြောလိုက်လေသည်။

"ဗျာ ... ကွင်းထိုးဂမုန်း ... ဟုတ်လား ဦးသူတော်ကြီး"

"အေးလေကွာ ... အဲဒီဂမုန်းပင်ကအရွက်တွေဟာ တစ်ရွက်နဲ့တစ်ရွက် ကွင်းဖြစ်ပြီး အရွက်ချင်းလိမ်ရာက ကွင်းကြီးတွေ ဖြစ်နေရောကွ၊ ဒါကြောင့် ကွင်းထိုးဂမုန်းလို့ ခေါ်တာပဲကွ၊ ရှေးဂမုန်းကျမ်းပောင်းတွေရဲ့အဆိုအရတော့ ကွင်းထိုးဂမုန်းကို သေသေချာချာစိုက်ပျိုးထားရင် မျက်နှာအတော်ပွင့်တယ်တဲ့ကွ၊ ကိုယ့်ကို မချစ်မနှစ်သက်သူတောင် ချစ်လာစေတယ်တဲ့ကွ၊ စိတ်ဆိုးပြီး ကိုယ့်ကိုစွန့်ခွာသွားတဲ့ ရည်းစားဟောင်းတောင် ကိုယ်က ပြန်မချော့ရဘဲ သူ့ဘာသာ အလိုလိုပြန်လာတာတဲ့ကွ ... ဟင်း ဟင်း ဟင်း"

"ဒါဆို နေရာကျပြီဗျာ ... ကျွန်တော့်ကို နေရင်းထိုင်





င်း မျက်စောင်းခဲခဲနေတဲ့ ကောင်မလေးတစ်ယောက်ကို တွေ့တားလို့ဗျ ဦးသူတော်ကြီးရဲ့၊ ကျွန်တော် ကွင်းထိုးဂမုန်းကိုစိုက်ယ်ဗျာ"

လူရဲက သူ့ကို မျက်မှောင်လေးအတွန့်ချိုးကာ ကြည့်နေသည့် မူမူဆွေကို ပြုံးစေ့စေ့ကြည့်ရင်း ပြောလိုက်ရာ မူမူဆွေက သူ့ကို မျက်လုံးလေးများ ပြူးပြလိုက်ပြီးမှ အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးဘက်သို့လှည့်ကာ ခပ်တိုးတိုး ခပ်ဆတ်ဆတ်လေး ပြောလိုက်လေသည်။

"ဦးသူတော်ကြီး ... မူမူကတော့ ဂမုန်းဘီလူးကိုပဲ ိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ ... သိလား၊ ဂမုန်းဘီလူးမှာမှ တောဂမုန်းဘီလူးကို စိုက်မှာ၊ သူ့ကို သွေးရည်တွေလောင်းလောင်းပေးပြီး မူမူကို နှောင့်ယှက်လာသူတွေကို ကုပ်ချိုးသတ်ခိုင်းမယ် ... ဟင်း ဟင်း ဟင်း"

"အာ ... အဲဒီလောက်လည်း မရက်စက်နဲ့လေ"

သည်တစ်ခါတော့ လူရဲက မူမူဆွေကို တည့်တည့်ကြည့်ရင်း ပြုံးစေ့စေ့ဖြင့် ပြောလိုက်ခြင်းဖြစ်ရာ မူမူဆွေက မျက်စောင်းထပ်ခဲလိုက်ပြီး ...

"ဟွန်း ... အဲဒါနည်းသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်စွာစွာလေး ပြောလိုက်ရာ လုလင်ပျိုနှင့် လုံမပျို၏ကြားတွင် မိန့်မိန့်ကြီးထိုင်နေသည့် အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးမှာ ပြုံးဖြီးဖြီးကြီး ဖြစ်သွားပါတော့၏။

''ဆယ့်နှစ်နာရီထိုးတော့မယ်''

ဟိုဘက်ခုံအစွန်းတွင်ထိုင်နေသည့် ကိုအောင်ကိုက အားလုံးကို ခပ်တိုးတိုး လှမ်းသတိပေးလိုက်ရာ လူရဲတို့လည်း ပါးစပ်ပိတ်သွားကြပြီး အားလုံး၏မျက်လုံးအကြည့်တို့မှာ ဆင်ဝင်ဆောင်ကြီးပေါ်မှ ဝရန်တာဆီသို့ရောက်ရှိသွားကြပါတော့၏။

ဟုတ်ပါသည်။ ညဥ့်သန်းခေါင်ယံသို့ ရောက်ရှိခဲ့ပြီ။ လဝန်းက ဦးခေါင်းထိပ်တည့်တည့်တွင် ထိန်ထိန်သာလျက်ရှိခဲ့ပြီ။

ဆောင်းညလေအေးအေးက တဝေ့ဝေ့တိုက်ခတ်လျက်ရှိပြီ ဝရန်တာထက်တွင် လရောင်က ထင်လင်းစွာ ဖြန့်ကြက်ထားလေပြီ။

ညမွှေးပန်းရနံ့တို့လည်း သင်းထုံလျက်ရှိပြီ။

လူရဲတို့သည် ဝရန်တာရှိ အင်္ဂတေပွတ်လုံးတိုင်များကြားမှနေ၍ လေအဝေ့တွင် လှုပ်ယိမ်းနေသော ဂမုန်းပင်တို့ကို လှမ်းမြင်နေရလေသည်။





ယင်းအခိုက်မှာပင် ...

ဂမုန်းပင်များကြားမှ လူရိပ်မည်းမည်းကြီးတစ်ခုသည် ကုန်းထလာရာ သူ၏ကိုယ်အထက်ပိုင်းကို ဝရန်တာလက်ရန်းတန်းပေါ်မှ ကျော်လျက် လူရဲတို့ အံ့အားတသင့် တွေ့လိုက်ရတော့၏။

ထိုခဏမှာပင် ဂမုန်းပင်များကြားမှ ဖြူဖြူအရိပ်တစ်ခုသည်လည်း ကုန်းကုန်းကွကွဖြင့် ထွက်ပေါ်လာရာ လရောင်အောက်တွင် ယင်းဖြူဖြူအရိပ်သဏ္ဍာန်ကြီးကို လူရဲတို့ အထင်းသား တွေ့မြင်နေရချေ၏။

လူရဲတို့တစ်သိုက် မှင်တက်မိကာ ငေးကြောင်ကြည့်နေမိစဉ်မှာပင် ထိုလူရိပ်မည်းမည်းကြီးနှင့် လူရိပ်ဖြူဖြူကြီးတို့သည် အချင်းချင်း အသည်းအသန် သတ်ပုတ်ကြတော့၏။

'ဖြောင်း'

'ဖြောင်း'

'ဖောင်း'

'ခွပ်'

'ဖုန်း'

လူနှစ်ဦး၏ လုံးထွေးသတ်ပုတ်သံကို ကျယ်လောင်စွာ



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရပြီးနောက် ဝရန်တာပေါ်တွင် ရုတ်ရုတ်သဲသဲ အတ
ကြာ ဖြစ်နေရာမှ လူရိုပ်မည်းမည်းကြီးသည် ဆယ့်ငါးပေ
အမြင့်ရှိသည့် ဝရန်တာပေါ်မှ အောက်သို့ လွှားခနဲ ခုန်ဆင်းလ
သည်ကို မယုံနိုင်ဖွယ် တွေ့လိုက်ရတော့၏။

ထို့နောက် ချက်ချင်းဆိုသလိုပင် ဖြူဖြူလူရိပ်ကြီးသည်
လည်း သန့်လျက်လိုလို ပြောင်ပြောင်လက်လက်အရာတစ်ခု
ဆုပ်ကိုင်ကာ ဝရန်တာပေါ်မှ ခုန်ဆင်းလာတော့သည်။

မြေပြင်သို့ ဦးစွာကျရောက်လာသည့် လူရိပ်မည်းမည်
ကြီးက ခြံအပြင်သို့ ဒရောသောပါးဖြင့် ပြေးထွက်သွားရာ ဖြူဖြူ
အရိပ်ကြီးက သန့်လျက်လိုအရာကို ကိုင်မြှောက်ကာ နောက်
တစ်ဟုန်ထိုး ပြေးလိုက်သွားတော့၏။

လူရဲတို့တစ်တွေမှာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိကြ
မယုံနိုင်ဖွယ်ဖြစ်ရပ်ကိုသာ အံ့အားတသင့် ငေးကြောင်ကြည့်ရင်
ငိုင်တွေနေမိကြတော့သည်။

ခဏအကြာမှာပင် ...

အရိပ်ဖြူဖြူကြီးသည် ခြံထဲသို့ ပြန်လည်ပြေးဝင်လ
ပြီးလျှင် ဆယ့်ငါးပေခန့်မြင့်သည့် ဝရန်တာပေါ်သို့ လွှားခ
ခုန်တက်သွားတော့၏။

ခု နှစ် စဉ် ကြယ် စာ ပေ



ချက်ချင်းဆိုသလိုပင် ဝရန်တာထက်တွင် လူသူအရိပ်
အယောင်နှင့် လှုပ်ရှားမှုတို့ကို လုံးဝမတွေ့ရတော့သလို အသံဗလံ
တို့လည်း တိတ်ဆိတ်သွားကာ ညလေညင်းအဝေ့ဝယ် ဂမုန်းရှုက်
စိမ်းစိမ်းတို့သာ သာသာလေး လှုပ်ယိမ်းလျက်ရှိပါတော့၏။

အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးသည် ထိုင်ရာမှ ခပ်ဖြည်း
ဖြည်း ထရပ်လိုက်ပြီး လရောင်အောက်မှာပင် အားရပါးရ ပြုံး
လိုက်ကာ ...

"ဟင်း ဟင်း ဟင်း ... ကျုပ်နဲ့တွေ့ရင် ပရလောက
သား မိစ္ဆာတွေဟာ အိုးနင်းခွက်နင်း ထွက်ပြေးရမယ်သာ မှတ်၊
ကဲ ... ခုအချိန်ကစပြီး ဟောဒီဘောဂကြီးစံအိမ်မှာ ပရလောက
သားတွေရဲ့ နှောင့်ယှက်မှုအားလုံး နိဂုံးချုပ်သွားပြီမှတ်ပေရော့၊
သင်တို့ကို မင်းသားကြီးဂမုန်းက ထာဝရ စောင့်ရှောက်ကာကွယ်
မှု ပေးပါလိမ့်မယ်ကွယ်ရို့"

ဟု ဝမ်းပန်းတသာကြီး ပြောလိုက်ပါတော့သတည်း။

❋

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက် ၉ နာရီခန့်တွင် ...

ဘောဂကြီးစံအိမ် အပေါ်ထပ် ဝရန်တာပေါ်တွင် လူရဲတို့တစ်တွေ ပြန်လည်စုဝေးမိကြပြန်၏။


"ကဲ ... ဒီစံအိမ်ကြီးမှာ ဒုက္ခမျိုးစုံပေးခဲ့တဲ့၊ ပေးနေတဲ့၊ နောင်လည်း မပေးတော့ပါဘူးလို့ ပြောဖို့ခက်တဲ့ ဂမုန်းဘီလူးပင်ကို ဖယ်ရှားပြီး စွန့်ပစ်လိုက်ကြရအောင်၊ ကျုပ်ယူသွားပြီး ယောချောင်းထဲ မျှောပစ်လိုက်ပါ့မယ်"

အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးက တည်ငြိမ်စွာပြောလိုက်ပြီးနောက် ဂမုန်းဘီလူးပင်အနီးသို့ ချဉ်းကပ်သွားပြီး ကြွေပန်းအိုးထဲမှ ဂမုန်းဘီလူးအပင်ကို ခပ်ဖြည်းဖြည်း ဆွဲနုတ်လိုက်လေ၏။

ပြီးတော့ သူက ဂမုန်းဘီလူးအပင်ကို လူရဲတို့အား ပြရာ ယင်းဂမုန်းဘီလူးပင်၏ ထူးခြားသောသွင်ပြင်လက္ခဏာကို တစ်ဖက်စာမျက်နှာ၌ ဖော်ပြပါပုံအတိုင်း တွေ့ရှိရပါတော့သည်။







BURMESE CLASSIC .com

မှုမှုဆွေတို့မှာ ဂမုန်းဘီလူးပင်နှင့် ဥတို့ကို အံ့ဩခြင်းကြီးစွာ ဝိုင်းကြည့်ကြပြီး လှဲ့လှဲ့ဆွေက ...

"အို ... သူ့ဥက တကယ့်ဘီလူးခေါင်းပုံကြီးနော်၊ ကြောက်စရာကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အသံတုန်တုန်လေးဖြင့် ပြောလိုက်လေ၏။

ကိုအောင်ကိုက အိုးနင်းခွက်နင်း ဖိုးသူတော်ကြီးကို လေ

လေးစားစားကြည့်ကာ ...

"အခုလို ကြောက်စရာကောင်းလှတဲ့ ဂမုန်းဘီလူးကို

ဖော်ထုတ်ရှင်းလင်းပေးတာ ကျေးဇူးတင်ပါတယ် ဦးသူတော်ကြီး

ရယ်"

ဟု ကျေးဇူးစကားကို လှိုက်လှိုက်လှဲလှဲပြောလိုက်ပါ

တော့သတည်း။

❋

ယခုဆိုလျှင် ...

ဘောဂကြီးစံအိမ်ဝယ် အနှောင့်အယှက်အားလုံး ကင်

ဝေးသွားပြီး ပျော်ရွှင်ချမ်းမြေ့ဖွယ်အတိပြီးလျက် ရှိတော့၏။

အနီးဝန်းကျင်မှ ပရလောကသားတို့ကပင် ဘောဂကြီး

စံအိမ် မိသားစုကို နှောင့်ယှက်ခြင်း လုံးဝမပြုကြတော့ချေ။

မှုမှုဆွေသည်လည်း ညနေခင်းတိုင်း စံအိမ်ဝင်းနှ





အတော်လှမ်းသည့် မြက်ခင်းလွင်ပြင်များအထိ လွတ်လပ်

အေးချမ်းစွာ မြင်းစီးထွက်နိုင်နေပြီဖြစ်သည်။

တစ်ညနေခင်းဝယ် ...

မှုမှုဆွေတစ်ယောက်တည်း ယောချောင်းကမ်းစပ်အထိ

မြင်းစီးလာခဲ့ရာမှ အပြန်တွင် အရှေ့ဘက်တောအုပ်အစပ်ရှိ ရေ

ကြောင်းသို့ ရောက်ရှိသွားပါတော့၏။

ရေကြောင်းနှင့် ဝါးနှစ်ပြန်ခန့်အကွာတွင် လူရဲတို့၏

သစ်လုံးအိမ်လေးရှိပြီး လူရဲက ဝါးလုံးဖြင့် တန်းကာ ဆီးခတ်ထား

သည့် ခြံဝင်းလေးထဲတွင် ဂမုန်းပင်တစ်ပင် စိုက်နေသည်ကို

မှုမှုဆွေ တွေ့ရလေသည်။

မှုမှုဆွေက လူရဲနှင့် အနီးဆုံး ခြံစည်းရိုး ဝါးလုံးတန်း

နားသို့ မြင်းကိုချဉ်းကပ်သွားစေကာ မြင်းကိုရပ်လိုက်ပြီး လူရဲအား

လှမ်းမေးလိုက်လေသည်။

"ဟေး လူရဲ ... ဘာအပင်စိုက်နေတာလဲ"

လူရဲက သူမကို လှည့်ကြည့်လိုက်ပြီး ပြုံးကာ ...

"ကွင်းထိုးဂမုန်းစိုက်နေတာလေ၊ မနက်ကမှ မျိုးရလာ

လို့"

ဟုပြောလိုက်ရာ မှုမှုဆွေက မသိမသာ မျက်စောင်းလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ထိုးလိုက်လေသည်။

"ဟဲ ဟဲ ... အဲဒီလို မျက်စောင်းလှလှလေးတွေ ပျောက်ကွယ်သွားပြီး ချစ်ပြုံးနှင်းဆီလေးတွေ ဖူးပွင့်လာစေဖို့ ဟောဒီမှာ ကွင်းထိုးဂမုန်းစိုက်နေတာလေ၊ ဂမုန်းတွေကလည်း စွမ်းတယ်ဗျ"

"ဘာစွမ်းတာလဲ"

"ဟော ... အခုပဲ ကွင်းထိုးဂမုန်းစိုက်တယ်၊ ခုပဲ မှူမှူ ရောက်လာတယ်လေ"

"အို ... ဘာဆိုင်လို့လဲ၊ မှူမှူက မြင်းစီးရင်း ကြုံလို့ ဝင်လာတာ"

"ဘာပဲဖြစ်ဖြစ်လေ ... မုန်းသူရောက်မလာဘဲ ချစ်သူ ရောက်လာဖို့သာ အဓိက,မဟုတ်လား မှူမှူရဲ့"

လူရဲက ပြုံးလျက်ပြောရင်း ဝါးတန်းခြံစည်းရိုးနားသို့ တိုးကပ်လာကာ မှူမှူဆွေမြင်း၏ ပါးချပ်ကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ထားလိုက်တော့၏။

"ကဲ ... သူများမြင်းရဲ့ပါးချပ်ကြိုးကို လွှတ်ပါ၊ သွားတော့မယ်"

"ဟင့်အင်း ... ကွင်းထိုးဂမုန်းက စွမ်းတယ်လို့ ဝန်ခံမှ





သွားရမယ်"

"အို ... တော်ပါ၊ ဘာဖြစ်လို့ ဝန်ခံရမှာလဲ"

"တို့ကိုမမုန်းတော့ဘူးလို့ ဝန်ခံလေ"

"အို ... လူရဲကို ဘယ်တုန်းက မုန်းတယ်ပြောလို့လဲ"

"ဒါဖြင့်"

"အို ... တော်ပါ"

"ဟင်း ဟင်း ... တို့ကတော့ မှူမှူ့ကို ချစ်နေမိပြီလို့ ဝန်ခံပါရစေ မှူမှူ"

သည်တစ်ခါတော့ အပျိုစင်မလေး မှူမှူဆွေက ပြုံးမှုမှု လေးဖြင့် မျက်စောင်းလှလှလေး ခဲလိုက်ပါတော့သတည်း။

BURMESE CLASSIC .com

ပြီး

စိတြအရွ



www.burmeseclassic.com